www.burmeseclassic.com


# ပြိတ္တ

## ကျောက်နဂါးနှင့် ကျောက်တလားမြို့တော်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ❖ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး။
- ❖ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ❖ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ❖ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ❖ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ❖ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- ❖ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- ❖ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

BURMESE CLASSIC .com

ရွှေသမင်

စာပေမှ စီစဉ်တင်ဆက်သည်။

# တြိစက္က

# ကျောက်နဂါး နှင့် ကျောက်တလားမြို့တော်

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄ လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် – ၅၀၀၃၇၇၀၄၁၁

မျက်နှာဖုံးခွင့်ပြုချက် – ၅၀၀၃၉၀၀၄၁၁

အကြိမ် – ပထမအကြိမ်၊
၂၀၁၁ ခုနှစ်၊ မေလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀/–

ထုတ်ဝေသူ – ဒေါ်ကေနိုင်ဦး (မြ–၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။

အတွင်း/ – ဒေါ်နွဲ့နွဲ့ရီ (မြ–၀၉၈၇၀)

အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၈၈)၊ ၅၁ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

တြိစက္က

ကျောက်နဂါးနှင့် ကျောက်တလားမြို့တော်/ တြိစက္က၊
ရန်ကုန်။ ရွှေသမင်စာပေ၊ ၂၀၁၁။
၂၃၂ – စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) ကျောက်နဂါးနှင့် ကျောက်တလားမြို့တော်


## ဒဿနလက်ဆောင်

* ကရုဏာတရားထားခြင်းသည်
အခြားသူများကို နွေးထွေးစေနိုင်သည်၊
မေတ္တာတရားထားရှိခြင်းကြောင့်
မိမိရော တစ်ပါးသူများအတွက်ပါ
အေးချမ်းသာယာမှု ရစေနိုင်ပါသည်။
* ဖြောင့်မတ်မှန်ကန်သောအလုပ်မျိုးသည်
မချမ်းသာသော်လည်း စိတ်အေးချမ်းမှုကိုရစေနိုင်သည်၊
မကောင်းသောအလုပ်မျိုးဖြင့်
အသက်မွေးဝမ်းကျောင်းပြုလျှင်
ငွေချမ်းသာသော်လည်း စိတ်မချမ်းသာသော
အဖြစ်မျိုးနှင့် အသက်ဆုံးရတတ်သည်။
* ရသင့်သောငွေကို ရအောင်မကြိုးစားခြင်းသည်
မိမိ၏ညံ့ဖျင်းမှုဖြစ်သည်၊
မရသင့်သောငွေကို ရအောင်ကြိုးစားလျှင်တော့
မိမိအတွက်ရော မှီခိုသူများ၏ဘဝများပါ
ယုတ်ညံ့အောင်ဖန်တီးခြင်းသာ ဖြစ်သည်။
* လူလိမ်လူညံ့များက
၎င်းတို့အတွက် အကျိုးရှိသည်မြင်မှ
ပူးပေါင်းတတ်ကြသည်၊

www.burmeseclassic.com

www.burmeseclassic.com

လူဟော်လူကောင်းများကတော့
နှစ်ဦးနှစ်ဖက် အကျိုးရှိအောင်ဆောင်ရွက်တတ်ကြသည်။

✸ ငွေချေးပြီး ပြန်မဆပ်လျှင်
တစ်သက်လုံး အရှက်ရစေနိုင်သည်၊
ကျေးဇူးရှိပါလျက် ပြန်မဆပ်နိုင်လျှင်တော့
သံသရာတစ်လျှောက်လုံး အခက်တွေ့စေနိုင်ပါသည်။

✸ ပစ္စည်းတစ်ခု၏တန်ဖိုးသည်
အသုံးဝင်ခြင်း မဝင်ခြင်းပေါ်၌ပင် မူတည်သည်၊
မိတ်ဆွေတစ်ယောက်၏တန်ဖိုးသည်
အခက်အခဲကြုံတွေ့သောအခါကျမှ သိနိုင်လေသည်။

✸ တော်လှန်ရေးအောင်မြင်မှုအတွက်
အသက်ဖြင့်ရင်းကြရသည်၊
စီးပွားရေးအောင်မြင်မှုအတွက်
ငွေကြေးခန်များဖြင့် ရင်းနှီးကြရသည်၊
ချစ်ခြင်းမေတ္တာခိုင်မြဲဖို့အတွက်တော့
နားလည်ခွင့်လွှတ်ခြင်းနှင့်
သစ္စာတရားကို အရင်းခံကြရသည်။

✸ မိန်းကလေးတစ်ယောက်၏အပေါ်ယံအလှသည်
အရေပြားတစ်ထောက်စာသာရှိသည်၊
ပါးလွှာသောအရေပြားကို လှန်ကြည့်လျှင်
လှပတော့မည်မဟုတ်ပေ၊
တစ်သက်လုံးမရိုးနိုင်သောအလှစစ်သည်
ကိုယ်ကျင့်တရားကောင်းမွန်ရန်အတွက်ဖြစ်သည်။

✸ ငွေနှင့် ရည်ရွယ်ချက်မရှိပါဘဲ
အချစ်တစ်ခုတည်းအတွက်နှင့် လက်ထပ်ကြလျှင်
ပျော်ရွှင်စရာည အနည်းငယ်သာ တွေ့ရပြီး
စိတ်ဆင်းရဲစရာ နေ့ပေါင်းများစွာတို့နှင့်
ကြုံတွေ့ရင်ဆိုင်ရမည်ဖြစ်ပေသည်။

✸ လူတစ်ယောက်၏အသက်ကို
လူမိုက်များက ဓားလှံလက်နက်အသုံးပြု၍သတ်သည်၊
လူယုတ်မာများက အဆိပ်ဖြင့်သတ်သည်၊
လိမ္မာသူများက ပျားရည်ဖြင့်သတ်သည်၊
လှပ၍ ရက်စက်သောမိန်းမများကတော့
၎င်းတို့၏နှုတ်ခမ်းများကိုသာ အသုံးပြုကြလေသည်။

✸ မိတ်ဆွေအချင်းချင်း မသင့်မြတ်သည့်အခါ
အချေအတင် အကြောက်အကန်ပြောကြရုံနှင့်
စိုးရိမ်စရာမရှိပေ၊
ဘာမှမပြောဘဲ ရန်ငြိုးဖွဲ့နေလျှင်တော့
ကြောက်စရာကောင်းလေသည်။

✸ လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ထားလျှင်
အခြားသူထံမှ ဘာမှယူနိုင်မည်မဟုတ်ပေ၊
အမြဲတစေ လက်ဝါးဖြန့်ထားပြန်လျှင်လည်း
ရန်မူလာသောသူကို တိုက်ခိုက်နိုင်မည်မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com

## ဤဝတ္ထုတွင် ပါဝင်သောအခန်းများ


အခန်း (၁) ထူးထူးဆန်းဆန်း ဘဝကူးပြောင်းကြသူများ
အခန်း (၂) အာဟိုင်းရေကန်နှင့် ထူးဆန်းသောနေရာ
အခန်း (၃) မဲခေါင်မြစ်ဖျားမှ ဘဝပုံရိပ်များ
အခန်း (၄) ကတိပေး၍ယူလိုက်ရသောငှက်တစ်ကောင်
အခန်း (၅) တင်ကျီးငှက်ပန်နှင့် အိပ်မက်ဆန်း
အခန်း (၆) ကွယ်ပျောက်သွားသော ကျောက်တလားမြို့တော်
အခန်း (၇) ကျူဂီမြို့ဟောင်းမှ ငွေဒင်္ဂါးများ
အခန်း (၈) ကျောက်နဂါးရေအိုင်မှ အန္တရာယ်
အခန်း (၉) နီမောင်နှင့် ဘဝအပြောင်းအလဲများ
အခန်း (၁၀) ကျောက်ဆောင်ပေါ်မှ မည်းမည်းသဏ္ဍာန်
အခန်း (၁၁) ကမ္ဘာပေါ်ရှိ ထူးဆန်းသောသတ္တဝါများ
အခန်း (၁၂) ပျောက်ကွယ်သွားသောမြို့ဟောင်းမှပုံရိပ်များ
အခန်း (၁၃) တင်ကျီးငှက်နှင့် ရေအောက်မှရတနာများ
အခန်း (၁၄) မာယာကျော့ကွင်းသို့ တိုးဝင်မိခြင်း
အခန်း (၁၅) ကျောက်တလားနှင့် ကျောက်နဂါးရန်စွယ်
အခန်း (၁၆) ရှေးရေစက်ကံကြောင့် တစ်ကျော့ပြန်ဆုံသူများ




### အခန်း (၁)

### ထူးထူးဆန်းဆန်း ဘဝကူးပြောင်းကြသူများ

သံသရာ ဟူသည် တစ်ဘဝမှ တစ်ဘဝ အဖန်ဖန် ပြောင်းရွှေ့ခြင်းပင်ဖြစ်သည်။

ထို့ထက်ဆိုရလျှင် အဖန်ဖန်အထပ်ထပ် အဆက်မပြတ် ဖြစ်ပျက်နေခြင်းပင်ဖြစ်ပေသည်။

သံသရာနှင့်ပတ်သက်သည့်မေးခွန်းကို မိလိန္ဒမင်းကြီးက မေးပြီး ရဟန္တာအရှင်နာဂသေနက ပြောကြားတော်မူပုံမှာ…

“မင်းမြတ် .. သံသရာဆိုသည်မှာ ဤအရပ်ဤဘုံ၌ဖြစ်၍ ဤအရပ် ဤဘုံ၌ပင် ပြသ၏။

ဤအရပ်ဤဘုံ၌ပင်သေ၍ တစ်ပါးသောအရပ်၊ တစ်ပါးသော ဘုံ၌ ဖြစ်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအရပ်ထိုဘုံ၌ဖြစ်၍ ထိုအရပ်ထိုဘုံ၌ပင် သေပြန်၏။ ထို အရပ် ထိုဘုံ၌သေ၍ တစ်ပါးသောအရပ် တစ်ပါးသောဘုံ၌ ဖြစ်ပြန်၏။

မင်းမြတ် ‥ ဤကား သံသရာပင်ဖြစ်၏”

ဟု ဖြေဆိုတော်မူခဲ့လေသည်။

ထိုအဖြေကိုထောက်လျှင် သံသရာဟူသည် တစ်ဘဝမှ တစ်ဘဝ တပြောင်းတပြန် အဖန်ဖန်အထပ်ထပ် အဆက်မပြတ် ဖြစ်ပျက်ခြင်းပင်ဖြစ်ကြောင်း ထင်ရှားလေ၏။

သံသရာလည်ပတ်ရာတွင် တစ်ဘဝမှတစ်ဘဝသို့ ကူးပြောင်းရာတွင် ထပ်တူထပ်မျှတော့ ဖြစ်မည်မဟုတ်ပေ။

ဥပမာဆိုရလျှင် မီးကိုင်တစ်တိုင်မှ မီးကို အခြားမီးတိုင်တစ်ခုဖြင့် ကူးယူသွားရာတွင် မီးချင်းတူသော်လည်း၊ မီးတိုင်းချင်းတူသော်လည်း ပုံပန်းသဏ္ဌာန်နှင့် အရွယ်စားချင်းတော့ တူညီမည်မဟုတ်ပေ။

ထိုကဲ့သို့ပင် သံသရာလည်ပတ်ရာ၌ တစ်ဘဝမှတစ်ဘဝသို့ ပြောင်းရွှေ့ရာတွင် ဤဘဝ ဤဘုံမှ ရုပ်နာမ်နှင့် ဟိုဘဝဟိုဘုံမှ ရုပ်နာမ်သည် ထပ်တူထပ်မျှ လုံးဝတူသည်လည်းမဟုတ်။

တကွဲတပြား လုံးဝခြားနားနေသည်လည်း မဟုတ်ပေ။ ဥပမာပေးရလျှင် နွားနို့မှ နို့စမ်း စသည်တို့ဖြစ်ရသည်တွင် နို့စမ်းသည် နွားနို့ မဟုတ်သော်လည်း နွားနို့နှင့်တော့ အကြောင်းကင်းမည်





မဟုတ်ပေ။

ဤဘဝဘုံမှ ရုပ်နာမ်အကြောင်းကြောင့် ဟိုဘဝဟိုဘုံမှာ ရုပ်နာမ်အကျိုးတရားဖြစ်ရခြင်းပင် ဖြစ်ပေသည်။ သံသရာခရီးလည်ပတ်ရခြင်းမှာ ရှည်ကြာလွန်းလှသည်။ တစ်ဘဝမှတစ်ဘဝသို့ ကူးပြောင်းခဲ့ရသည်မှာလည်း မရေမတွက်နိုင်အောင်များလှပေသည်။

သမုဒ္ဒရာရေပြင်ကဲ့သို့ သံသရာဟူသောရေပြင်မှာလည်း ကျယ်ဝန်းလှပေသည်။

သတ္တဝါတို့သည် သမုဒ္ဒရာနှင့်တူသော သံသရာ၏ကမ်းစ ဘယ်မှာရှိ၍ ဘယ်နေရာမှာဆုံးမည်ကို မသိနိုင်ကြပေ။ သံသရာ၏အစပိုင်းကား နှစ်ပေါင်းရာထောင် ကြာခဲ့လေပြီ။ ကမ္ဘာပေါင်းရာထောင် ကြာမြင့်ခဲ့လေပြီ။

သို့ကြောင့် ရှေးပညာရှိများက “သမုဒ္ဒရာအသွင် သံသရာခွင်” ဟု ရေးသားဖွင့်ဆိုခဲ့ကြခြင်းဖြစ်ပေ၏။

သတ္တဝါတို့သည် သံသရာခရီးလမ်းကို လျှောက်ကြရာတွင် အဆုံးမသတ်မချင်း သုံးဆယ့်တစ်ဘုံဟူသော ဘဝပေါင်းများစွာတို့၌ ကျင်လည်ခဲ့ကြရပေသည်။ သုံးဆယ့်တစ်ဘုံရှိသောလောကကို ဩကာသလောကဟု သတ်မှတ်ခေါ်ဆိုခဲ့ကြလေသည်။

သတ္တဝါတို့ ကျင်လည်ဖြတ်သန်းကြရသော သုံးဆယ့်တစ်ဘုံမှာ…



www.burmeseclassic.com

www.burmeseclassic.com



(၁) အပါယ်ဘုံ - ၄
(၂) လူ့ဘုံ - ၁
(၃) နတ်ဘုံ - ၆
(၄) ရုပ်နာမ်နှစ်ပါးရှိ (ရူပ)ဗြဟ္မာဘုံ - ၁၅
(၅) ရုပ်သက်သက်သာရှိ(အသညသတ်) ဗြဟ္မာဘုံ - ၁
(၆) နာမ်သက်သက်သာရှိ(အရူပ)ဗြဟ္မာဘုံ - ၄
စုစုပေါင်း ၃၁ ဘုံ

မြတ်စွာဘုရားက သတ္တဝါတို့ သံသရာလည်ရသော သုံးဆယ့်တစ်ဘုံရှိကြောင်းကို သုတ်၊ ဝိနည်း၊ အဘိဓမ္မာ သုံးမျိုးစလုံးမှာပင် ဟောခဲ့လေသည်။

အမှတ်(၁)တွင် ဖော်ပြခဲ့သော အပါယ်လေးဘုံရှိရာတွင် အချို့ကျမ်းများတွင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အပါယ် ဟု အပါယ်သုံးဘုံကိုသာ ဖော်ပြကြသည်။

အသူရကာယ်ကို တာဝတိံသာနတ်တို့တွင် ရောသွင်း၍ သို့မဟုတ် ပြိတ္တာဘုံအတွင်းမှာ ရောသွင်း၍ အပါယ်သုံးဘုံသာ ရေးသားဖော်ပြကြလေသည်။

အပါယ်လေးဘုံရှိသည့်အနက် ငရဲဘုံ၌ ရှစ်ဘုံရှိသည်။ တိရစ္ဆာန်ဘုံတွင် အမျိုးအမည် မရေမတွက်နိုင်အောင်များပြားလှသည်။





ငရဲဘုံမှာ ချမ်းသာခြင်းကင်းသောနေရာဟု သတ်မှတ်ကြသည်။ ငရဲတစ်ဘုံမှ သိဉ္စိုဝ်း၊ ကာလသုတ်၊ သံဃာတ၊ ရောရုဝ၊ မဟာရောရုဝ၊ တာပန၊ မဟာတာပန၊ အဝီစိငရဲ ဟူ၍ ရှစ်ဘုံရှိလေသည်။

အပါယ်ဘုံ၌ အသက်သတ်မှတ်ချက်၊ ကန့်သတ်ချက် မရှိပေ။ ပြုလုပ်ခဲ့သော အကုသိုလ်ကံ အနည်းအများအလိုက် ခံကြရလေသည်။

သုံးဆယ့်တစ်ဘုံရှိသည်ဆိုသော်လည်း လူ့ဘုံမှာ တစ်ဘုံသာရှိသည်။ လူ့သားတို့သည် သုံးဆယ့်တစ်ဘုံသားတို့တွင် ငရဲဘုံသားများကိုလည်း မမြင်မတွေ့နိုင်ကြပေ။

နတ်၊ ဗြဟ္မာတို့ကိုလည်း မမြင်နိုင်ပေ။

အပါယ်လေးဘုံ၌ပါဝင်သော ငရဲသားတို့ကို မမြင်နိုင်သော်လည်း ကျန်သုံးဘုံသားဖြစ်သော အသူရကာယ်ဘုံသားများကို တစ်ခါတစ်ရံ၌ တွေ့မြင်နိုင်သည်။

ပြိတ္တာဘုံသားများကိုလည်း တစ်ခါတစ်ရံ၌ တွေ့မြင်ရနိုင်သည်။

အပါယ်လေးဘုံသားတို့တွင် လူ့ဘုံနှင့်အနီးစပ်ဆုံးမှာ တိရစ္ဆာန်ဘုံပင် ဖြစ်သည်။

အဘယ်ကြောင့်ဆိုလျှင် တိရစ္ဆာန်ဘုံမှာ သီးခြားမရှိဘဲ လူ့ဘုံမှာပင် အတူရောနှော နေထိုင်ကြသောကြောင့် ဖြစ်သည်။ တိရစ္ဆာန်



www.burmeseclassic.com

www.burmeseclassic.com



များ စုဝေးနေထိုင်ရာကို တိရစ္ဆာန်ဘုံ(တိရစ္ဆာန်တို့နေရာ)ဟုပင် ခေါ်ဝေါ်ကြသည်။

တိရစ္ဆာန်ဘုံသည် အမျိုးအမည် အရေအတွက်လည်း များလှပေသည်။

ရေမှာနေသော ငါးသတ္တဝါတို့၏ အမျိုးအမည်ကိုပင် ရေတွက်ရန် မလွယ်လှပေ။

အင်းဆက်အမျိုးအမည်များကလည်း မြောက်မြားစွာရှိကြလေသည်။

ဆင်တစ်ကောင်သည် တိရစ္ဆာန်ဘဝပင်ဖြစ်သလို ခြင် တစ်ကောင်သည်လည်း တိရစ္ဆာန်ဘဝပင်ဖြစ်သည်။

ထို့အတူ ရေထဲမှ ဝေလငါးတစ်ကောင်မှာ တိရစ္ဆာန် တစ်ကောင်ပင်ဖြစ်သလို ကုန်းပေါ်မှ ပုရွက်ဆိတ်တစ်ကောင်မှာလည်း တိရစ္ဆာန်တစ်ကောင်ပင် ဖြစ်ပေသည်။

အပါယ်လေးဘုံသားများထဲတွင် လူ့ဘဝနှင့် အနီးစပ်ဆုံးမှာရှိပြီး အရေအတွက်အများဆုံးလည်း ရှိပေသည်။

သို့ကြောင့် သံသရာခရီးကို ဖြတ်သန်းကြရာမှာ တိရစ္ဆာန်ဘုံအတော်များများကို ဖြတ်သန်းခဲ့ကြရခြင်းလည်း ဖြစ်ကြလေသည်။

ခွေး၊ ကြောင်၊ နွား အစရှိသော တိရစ္ဆာန်များမှာ တိရစ္ဆာန်ဘုံသားများဖြစ်ကြသော်လည်း လူနှင့်အနီးကပ်ဆုံး၌ရှိနေကြသော တိရစ္ဆာန်များဖြစ်ကြသည်။





သို့ကြောင့် ၎င်းတို့သည် လူစကားမပြောနိုင်စေကာမူ လူပြောသောစကားကို နားလည်သည်။

အမူအရာကြည့်ကြည့်ပြီး လူ့သဘောကို သိနိုင်ကြသည်။ ၎င်းတို့မှာ လူ့စကားမပြောနိုင်ကြသော်လည်း လူတို့အတွက် အကူအညီအထောက်အပံ့ပေးနိုင်ကြသည်။

တိရစ္ဆာန်တစ်ကောင်၏ ကယ်တင်ပေးမှုကြောင့် အသက်ဘေးအန္တရာယ်မှလွတ်မြောက်ခဲ့ရသော လူများစွာရှိသည်။ အချို့ဖြစ်မှုများမှာ တိရစ္ဆာန်များ အကူအညီကြောင့် အမှုမှန်ပေါ်ပေါ်ခဲ့ရသော အဖြစ်အပျက်များရှိပေသည်။

၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလတွင် အမေရိကန်ပြည်ထောင်စု ဆီအက်တယ်မြို့၌ စုံတွဲတစ်တွဲ ရက်ရက်စက်စက်အသတ်ခံခဲ့ရသည်။

လူသတ်သမားက ၎င်းတို့အိမ်အတွင်းသို့ ကျူးကျော် ဝင်ရောက်ပြီး သတ်ဖြတ်သွားခဲ့ခြင်းဖြစ်သည်။

ထိုအမှုကို ဥပဒေထိန်းသိမ်းရေးအရာရှိတွေနှင့် ရဲတပ်ဖွဲ့ဝင်တွေဟာ အမျိုးမျိုး ကြိုးစားဖော်ထုတ်ကြသော်လည်း အမှုမှန်မပေါ်နိုင်ဘဲရှိနေကြသည်။

နောက်ဆုံးမှာတော့ အိမ်အနီးပတ်ဝန်းကျင်မှာရှိနေတဲ့ ၁၀ နှစ်သားအရွယ် နွားငယ်လေးတစ်ကောင်ရဲ့ မျက်မြင်သက်သေ ဖော်ထုတ်ပေးမှုကြောင့် လူသတ်တရားခံကို ဖမ်းဆီးဖော်ထုတ်နိုင်ခဲ့ပုံနှင့် ဒုတိယအမှုမှာလည်း စိတ်ဝင်စားဖွယ်ရာကောင်းလှပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကနေဒါနိုင်ငံ Prince Edward ကျွန်းမှ သားသည့်မိခင် Shirley Ann Duguay ပျောက်ဆုံးမှုမှာလည်း ရဲနှင့် စုံထောက်များ ခေါင်းခဲစရာကိစ္စတစ်ခု ဖြစ်ခဲ့လေသည်။

နောက်ဆုံးမှာတော့ ကြောင်ငယ်ကလေးတစ်ကောင်၏ သက်သေခံဖော်ထုတ်ပေးခဲ့မှုကြောင့် အမှုမှန်ပေါ်ပေါက်ခဲ့ရလေသည်။

အချို့ကတော့ တိရစ္ဆာန်များက အမှုအခင်းများအတွက် အရေးကြီးသော အချက်အလက်များကို သက်သေခံဖော်ထုတ်ပေးနိုင်ခြင်းမှာ သေသူ၏ဝိညာဉ် ပူးကပ်ပြီး အကူအညီပေးခြင်းကြောင့်ဖြစ်သည်ဟု ထင်ကြေးပေး ပြောဆိုကြလေသည်။

မည်သို့ပင်ရှိစေ…

တိရစ္ဆာန်များ၏ အကူအညီပေးမှုကြောင့် အရေးကြီးသော အမှုအခင်းများ၏ အဓိကတရားခံများကို ဖော်ထုတ်နိုင်ခဲ့သော အဖြစ်အပျက်များစွာတို့ ရှိခဲ့ပေသည်။

တိရစ္ဆာန်များမှာ လူစကားမပြောနိုင်ကြသော်လည်း အရေးကြီးသော သက်သေခံအချက်အလက်များကို လူနားလည်အောင် အမူအရာဖြင့် ပြုလုပ်ပြတတ်ကြသည်။

တရားခံ၏ အဝတ်အထည်၊ အသုံးအဆောင်များ အပါအဝင် ပစ္စည်းတစ်ခုခုကို ရွေးချယ်ပြသပေးခြင်း၊

လူအများနှင့် ရောနှောရပ်နေသောတရားခံကို ရွေးထုတ်ပြပေးနိုင်ခြင်းများ ပြုလုပ်နိုင်ကြလေသည်။





နိုင်ငံတကာရဲတပ်ဖွဲ့များမှာ ခွေးများ၏အကူအညီဖြင့် လျှို့ဝှက်ထားသော အရာဝတ္ထုများနှင့် အမှုအတော်များများကို ဖော်ထုတ်နိုင်ခဲ့ကြသည်။

မြန်မာနိုင်ငံမှာလည်း တိရစ္ဆာန်များက သက်သေခံဖော်ထုတ်ပေးခဲ့မှုကြောင့် အမှုမှန် ပေါ်ပေါက်ခဲ့ရသော အဖြစ်အပျက်အချို့ ရှိခဲ့လေသည်။

မြစ်ဝကျွန်းပေါ်အရပ်ဒေသရှိ ရွာတစ်ရွာတွင် တူ၊ တူမများနှင့် နေသော အပျိုကြီးတစ်ယောက် ရှိလေသည်။

သူမသည် အသက်လေးဆယ်ကျော်အရွယ်ခန့်ရှိပြီး စီးပွားဥစ္စာ အတန်အသင့်ပြည့်စုံသူဖြစ်သည်။

သူမသည် အားကိုးစရာမရှိသောကြောင့် တူဖြစ်သူ မောင်ထွန်းနှင့် တူမဖြစ်သူ ငွေမှုံတို့နှစ်ယောက်ကို ခေါ်ယူထားသည်။

၎င်းတို့နှစ်ယောက်မှာ တူ၊ တူမတော်စပ်သည်ဆိုသော်လည်း ဝမ်းကွဲတော်စပ်ကြသူများဖြစ်သည်။

တူဖြစ်သူ မောင်ထွန်းက အပြင်ကိစ္စများကို ဆောင်ရွက်ရပြီး ငွေမှုံက အိမ်မှုကိစ္စများကို လုပ်ကိုင်ရလေသည်။

မောင်ထွန်းမှာ အဒေါ်ဖြစ်သူက အလိုလိုက်ထားသောကြောင့် မည်သည့်အလုပ်မှ ပင်ပင်ပန်းပန်း မလုပ်ရပေ။ မောင်ထွန်းမှာ အသက် ၂၈ နှစ်အရွယ်ခန့်ရှိပြီး အဒေါ်အပျိုကြီး၏ ချမ်းသာမှုကြောင့် တစ်ရွာလုံးမှ အမျိုးသမီးများက စိတ်ဝင်စားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ငှင်းကိုယ်တိုင်ကလည်း မိန်းမကိစ္စ ဝါသနာပါသူဖြစ်သောကြောင့် မိန်းကလေး အတော်များများမှာ မောင်ထွန်းနှင့်မကင်းကြပေ။

အဒေါ်အပျိုကြီးကလည်း ငှင်းကို အလိုလိုက်ထားသောကြောင့် ထွေထွေထူးထူးတော့ ကန့်ကွက်ပြောဆိုခြင်းမရှိပေ။

ထိုအပျိုကြီး၏အမည်မှာ ဒေါ်နှင်းရီ ဖြစ်သည်။ ဒေါ်နှင်းရီမှာ အသက်လေးဆယ်ဝန်းကျင်အရွယ်ရှိနေပြီဖြစ်သော်လည်း မပင်မပန်းဘဲ အေးအေးချမ်းချမ်းနေရသူဖြစ်သောကြောင့် အရွယ်တင်နုပျိုသူတစ်ဦးဖြစ်လေသည်။

သူမသည် လူတစ်ဖက်သားကို သနားကြင်နာတတ်ရုံမက တိရစ္ဆာန်များကိုလည်း ချစ်ခင်တတ်သူဖြစ်သည်။ အိမ်မှာ ခွေးနှင့်ကြောင်များအပြင် သာလိကာငှက်တစ်ကောင်ပါ မွေးထားလေသည်။

သာလိကာငှက်ကို လှောင်အိမ်ဖြင့် သူမနေသောအခန်း၏ ပြတင်းပေါက်နားမှာ ချိတ်ဆွဲထားသည်။

ထိုသာလိကာငှက်မှာ လူစကားကို အတော်အသင့်နားလည်ပြီး စကားလုံးအတော်များများကို ပြောဆိုနိုင်လေသည်။ အပျိုကြီးဒေါ်နှင်းရီမှာ ငွေကြေးပြည့်စုံသည်သာမက ရုပ်ရည်လည်း အသင့်အတင့်ရှိလေရာ ငှင်းတို့နေသော သပြေရိုးရွာသာမက အခြားအနီးဝန်းကျင်ရှိလူများကပါ လာရောက်ကမ်းလှမ်းကြသည်။





သို့သော်လည်း ယခုအချိန်ထိတော့ မည်သူတစ်ဦးတစ်ယောက်ကိုမှ လက်မခံသေးဘဲ တူ၊တူမများနှင့်သာ နေထိုင်လေသည်။

တစ်နေ့တော့ သပြေရိုးရွာတွင် ကြောက်စရာကောင်းသော အမှုအခင်းတစ်ခုဖြစ်ပွားလေတော့သည်။

အခြားမဟုတ်ပေ…၊

အပျိုကြီး ဒေါ်နှင်းရီတစ်ယောက် ရက်ရက်စက်စက် အသတ်ခံရသောအမှု ဖြစ်သည်။

မြို့မှ ဆားပုလင်းနှင့် ပုလိပ်များရောက်လာပြီး စစ်ဆေးသောအခါ သာမန်အသတ်ခံရခြင်းမျိုးမဟုတ်ဘဲ မသေမီက အဓမ္မကျင့်ခံထားရသော လက္ခဏာများပါ တွေ့ရလေသည်။

ထို့ပြင် သူမပိုင်ဆိုင်သော ရွှေငွေအချို့လည်း ပျောက်ဆုံးနေလေသည်။

အများကတော့ ပစ္စည်းယူ၊ လူကို အဓမ္မကျင့်ပြီး လက်သည်မပေါ်အောင် သတ်ဖြတ်ခဲ့ခြင်းဖြစ်မည်ဟု ယူဆကြသည်။

အချို့ကလည်း လက်ထပ်ရန်ကမ်းလှမ်းလာကြရာ ဒေါ်နှင်းရီက ငြင်းပယ်ခဲ့သောကြောင့် အငြိုးအတေးထားပြီး ယခုကဲ့သို့ ရက်ရက်စက်စက်ပြုလုပ်သွားခြင်းဖြစ်သည်ဟု ယူဆကြလေသည်။

ပုလိပ်များကတော့ ပတ်ဝန်းကျင်တစ်ဝိုက်မှာရှိသော မသင်္ကာသူများကို ခေါ်ယူစစ်ဆေးကြလေသည်။

ဒေါ်နှင်းရီ အသတ်ခံရသောအိပ်ခန်းထဲသို့ ဝင်ရောက် စစ်



www.burmeseclassic.com

www.burmeseclassic.com



ဆေးသောအခါမှ ထူးခြားသောအသံတစ်သံကို ကြားကြရသည်။

"မောင်ထွန်း… ငါ့ကိုသတ်တယ်"

"မောင်ထွန်း.. ငါ့ကိုသတ်တယ်"

ထိုကဲ့သို့ပြောနေသူမှာ အခြားမဟုတ်ပေ…၊

အခန်းထဲမှာ လှောင်အိမ်ဖြင့်ထည့်ထားသော သာလိကာကြီးပင် ဖြစ်တော့သည်။

ထိုအသံကြားသောအခါ ဒေါ်နှင်းရီ၏တူဖြစ်သူ မောင်ထွန်းမှာ မျက်စိမျက်နှာပျက်နေလေသည်။

လှောင်အိမ်အတွင်းမှာရှိသော သာလိကာကြီးက…

"မောင်ထွန်း .. ငါ့ကိုသတ်တယ်"

"မောင်ထွန်း .. ငါ့ကိုသတ်တယ်"

ဟု မကြာခဏအော်ပြောနေသလို ဒေါ်နှင်းရီ မွေးထားသော ကြောင်တစ်ကောင်ကလည်း မောင်ထွန်းကိုကြည့်ပြီး အမြီးဖွာကာ ကခွီးခွီးနှင့် မာန်ဖီနေတော့သည်။

ထိုအခြေအနေကိုမြင်သောအခါ အကင်းပါးသော ပုလိပ်များက မောင်ထွန်းကို စစ်ဆေးသောအခါ အမှုမှန်ပေါ်ခဲ့ရလေသည်။

မောင်ထွန်းမှာ ပထမ ငြင်းနေသော်လည်း နောက်ဆုံးမှာတော့ အမှန်အတိုင်း ဝန်ခံရလေတော့သည်။

ထိုနေ့ညက အပေါင်းအသင်းများနှင့် အရက်သောက်ရာ များသွားသောကြောင့် အတော်များများကို မမှတ်မိတော့ကြောင်း၊





အဒေါ်မသိအောင် တံခါးကဆိတ်ပြန်လာပြီး အခန်းထဲ ဝင်အိပ်တော့မှ အဒေါ်အခန်းထဲသို့ မှားဝင်သွားပြီး အိပ်ရာပေါ် ရောက်သွားခဲ့ကြောင်း၊

အိပ်ရာပေါ်ရောက်ကာမှ စိတ်မထိန်းနိုင်တော့သဖြင့် အတင်းအဓမ္မကျူးလွန်ပြီး နောက်ဆက်တွဲပြဿနာများ ပေါ်ပေါက်လာမည်စိုးသောကြောင့် သတ်ပစ်ခဲ့မိကြောင်း၊ အခွင့်သာပါက ထွက်ပြေးသည့်အခါ ယူဆောင်သွားရန်အတွက် ရွှေနှင့်ငွေများကိုလည်း ယူထားမိကြောင်း ဝန်ခံပြောဆိုလေသည်။

ထို့နောက် ဖွက်ထားသော ရွှေငွေများကို ထုတ်ပေးလေသည်။ အမှုမှန်ပေါ်သွားပြီးနောက်တွင် ပုလိပ်တစ်ယောက်က မေးလေသည်။

"မင်း ထွက်ပြေးမယ်ဆိုရင် အချိန်ရသေးရက်နဲ့ ဘာကြောင့် မပြေးတာလဲ"

"ကျွန်တော် ပြေးဖို့ကြိုးစားပါသေးတယ်၊ ခြံထဲဆင်းမယ်ကြံလိုက်တိုင်း သူမွေးထားတဲ့ခွေးကြီးတွေက ဝိုင်းပြီး မာန်ဖီနေတာနဲ့ မပြေးဝံ့တော့တာပါ၊ ဒီခွေးတွေကို ကျွန်တော်ပဲ အစာကျွေးနေတာပါ၊ အခုမှ ဘာကြောင့် ဒီလောက်မာန်ဖီနေတယ်ဆိုတာကို မသိတော့ပါဘူးဗျာ၊ ကျွန်တော် မှားခဲ့ပါတယ်"

ဟု ပြောပြလေသည်။

ထိုအဖြစ်အပျက်မှာ မြစ်ဝကျွန်းပေါ်ဘက်ရှိ ရွာတစ်ရွာတွင်



www.burmeseclassic.com

www.burmeseclassic.com



သာလိကာတစ်ကောင်ကြောင့် လူသတ်မှု၊ မုဒိမ်းမှု ကျူးလွန်ခဲ့သောတရားခံကို ဖမ်းမိခဲ့သော ဖြစ်ရပ်မှန်တစ်ခုပင်ဖြစ်သည်။

အထက်ပါအဖြစ်အပျက်မျိုး မြန်မာပြည်၌သာမက ကမ္ဘာအရပ်ရပ်၌ မြောက်မြားစွာရှိပေသည်။

ထိုအကြောင်းများကို လေ့လာကြည့်ပါက တိရစ္ဆာန်များသည် လူနှင့်အနီးဆုံးမှာရှိနေကြပြီး လူစကား မပြောတတ်သော်လည်း လူတစ်ဦးကဲ့သို့ပင် အသိဉာဏ်ကြွယ်ဝကြောင်း သိနိုင်ပေသည်။

ခွေးလိမ္မာ၊ ကြောင်လိမ္မာများကဲ့သို့ပင် ဆင်လိမ္မာ၊ မြင်းလိမ္မာ၊ မျောက်လိမ္မာ၊ ငှက်လိမ္မာ အပါအဝင် လူတို့၏ အကျိုးစီးပွားကို တစ်ဖက်တစ်လမ်းမှ အကူအညီပေးနေကြသော သတ္တဝါများလည်း ရှိကြပေသေးသည်။

ရှေ့ကဖော်ပြခဲ့သည့်အတိုင်း သတ္တဝါတို့သည် ကျင်လည်ကြရာသုံးဆယ့်တစ်ဘုံတွင် အပါယ်လေးဘုံ ပါဝင်လေသည်။

ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဘုံသားဟူ၍ လေးမျိုးရှိရာ ကျန်သုံးမျိုးထက် တိရစ္ဆာန်ဘုံသည် လူတို့နှင့်အနီးကပ်ဆုံး တစ်ဆက်တစ်စပ်တည်း ရှိနေကြသည်။ သို့ကြောင့်လည်း လူ့ဘဝမှကူးပြောင်းရာတွင် စိတ်အာရုံနှင့် ထိတွေ့လျက်ရှိသော တိရစ္ဆာန်ဘုံဘဝသို့ ရောက်ရှိမှုများခြင်းမှာ ထူးဆန်းမှု မဟုတ်သလို တိရစ္ဆာန်ဘုံဘဝမှ လူ့ဘဝသို့ ကူးပြောင်းရောက်ရှိလာခြင်းမှာလည်း အများအပြားရှိကြလေသည်။





လူ့ဘဝမှ တိရစ္ဆာန်ဘဝရောက်သွားခဲ့ပြီး ပြန်မပြောနိုင်သော်လည်း လူ့ဘဝမှ အဖြစ်အပျက်အကြောင်းအရာများကို သတိရနေသူများ၊ မှတ်မိနေသူများရှိကြသလို တိရစ္ဆာန်ဘဝမှ ကံအားလျော်စွာ လူ့ဘဝသို့ ကူးပြောင်းရောက်ရှိလာပြီးမှ တိရစ္ဆာန်ဘဝမှ အကြောင်းအရာများကို သတိရနေသူ၊ မှတ်မိနေသူများလည်း ရှိကြပေသည်။

ဥပမာအနေနှင့် ရေးသားရလျှင် ဆင်မိဖုရား စူဠသုဘဒ္ဒါသည် ဆင်ဘဝမှသေပြီး လူ့ဘဝရောက်ခဲ့သော်လည်း ဆင်ဘဝမှ အဖြစ်အပျက်များအား ကောင်းစွာမှတ်မိနေသူ ဖြစ်ပေသည်။

ယခုရေးသားသောနိဒါန်းမှာ ထူးထူးဆန်းဆန်း ဘဝကူးပြောင်းကြသူများကို ရည်ညွှန်းပြီး ရေးသားသော အကြောင်းအရာဖြစ်သလို ဆက်လက်ရေးသားမည့်ဝတ္ထုမှာလည်း ထူးထူးဆန်းဆန်း ဘဝကူးပြောင်းခဲ့ကြသူများအကြောင်းပင် ဖြစ်ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

## အာဟိုင်းရေကန်နှင့် ထူးဆန်းသောနေရာ

ကမ္ဘာပေါ်တွင် ဂမ္ဘီရဆန်သောနေရာအချို့ ရှိပေသည်။ သို့သော် များများစားစားတော့မရှိပေ။ အီဂျစ်၊ တိဗက်၊ တရုတ်နှင့် အိန္ဒိယနိုင်ငံငံဒို့ပင်ဖြစ်ကြလေသည်။

မြန်မာနိုင်ငံမှ ဂမ္ဘီရအယူအဆများမှာ အိန္ဒိယမှတစ်ဆင့် ကူးပြောင်းရောက်ရှိလာခြင်းဟု ယူဆကြသည်။

စင်စစ်မှာတော့ ဂမ္ဘီရဟု အလွယ်တကူ ရေးသားပြောဆိုနေကြသောအရာမှာ ဂန္ဓာရီပညာပင်ဖြစ်သည်။

အီဂျစ်ဂန္ဓာရီပညာသည် တစ်ကမ္ဘာလုံးတွင် အစောဆုံးပေါ်ပေါက်ခဲ့သော ဂန္ဓာရီပညာပင်ဖြစ်ကြောင်း အချို့မှတ်တမ်းများ၌ ရေးသားဖော်ပြကြသည်။





ဟိဘရူး မဟာဂန္ဓာရီပညာဖြစ်သော ကာဗာလာဂန္ဓာရီပညာပင်လျှင် အီဂျစ်ဂန္ဓာရီပညာမှတစ်ဆင့် လက်ဆင့်ကမ်းရရှိခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

လွန်ခဲ့သော နှစ်ပေါင်းခုနစ်သိန်းခန့်က ကမ္ဘာပေါ်တွင် အတ္တလန်တိတ်တိုက်ကြီးရှိခဲ့ပြီး အတ္တလန်တိယံအမျိုးအနွယ် လူသားများလည်း ရှိခဲ့ကြပေသည်။

အတ္တလန်တိယံအမျိုးအနွယ်တို့သည် ဉာဏ်ပညာအဆင့်အတန်း မြင့်မားကြရုံမက ဂန္ဓာရီပညာများကိုပါ အဆင့်အတန်းမြင့်စွာ တတ်မြောက်ထားကြသည်ဟု ယူဆကြသည်။ ပလေတိုက ထိုအကြောင်းကို အကျယ်တဝင့်ရေးသားပြသောအခါ အတ္တလန်တိယံတို့၏ ယဉ်ကျေးမှုအဆင့်အတန်းနှင့် ဂန္ဓာရီပညာများကို စိတ်ဝင်စားခဲ့ကြခြင်းဖြစ်သည်။

ထိုအကြောင်းများကို ရှုထောင့်အမျိုးမျိုးမှ သုတေသနပြုလုပ်ကာ စာတမ်းများ ရေးသားပြုစုကြရုံမက စာအုပ်စာစောင်များ ရေးသားထုတ်ဝေကြသောအခါ အတ္တလန်တိယံများအကြောင်းနှင့် ပျောက်ကွယ်သွားသော အတ္တလန္တိတ်တိုက်ကြီးအကြောင်းကို သိခွင့်ရကြလေသည်။

အထက်ပါရေးသားဖော်ပြချက်များကြောင့်ပင် ရေအောက်သို့နစ်မြုပ်ပျောက်ကွယ်သွားသော အတ္တလန္တိတ်အကြောင်းကို ပိုမိုစိတ်ဝင်စားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အတ္တလန်တိယံ(အတ္တလန္တိတ်)တိုက်ကြီး ရေလွှမ်းမိုးသဖြင့် တစ်စတစ်စ ရေအောက်ရောက်သွားသောအခါ အတ္တလန်တိယံ ဂန္ဓာရီပညာရှင်တို့သည် ၎င်းတို့၏နောက်လိုက်နောက်ပါ တပည့်များကိုပါ ခေါ်ဆောင်ကာ ရေဘေးမှလွတ်မြောက်ရာအရပ်သို့ ထွက်ခွာလာခဲ့ကြသည်။

လွန်ခဲ့သော နှစ်ပေါင်းသုံးသိန်းခန့်က အချို့မှာ ဥရောပတိုက်နှင့် အီဂျစ်ပြည်သို့ ရောက်ရှိလာခဲ့ကြသည်။ ထိုအချိန်က အီဂျစ်သည် သဲကုန်းပြင်မြင့်များဖြင့် ရေဘေးလွတ်ကင်းရာ အရပ်ဒေသဖြစ်ပေသည်။

၎င်းတို့ရောက်ရှိခဲ့သော အထိမ်းအမှတ်အဖြစ် အီဂျစ်တွင် ပိရမစ်များနှင့် အင်္ဂလန်တွင် 'Stone Honge' ခေါ် ကျောက်တိုင်စက်ဝန်းများ ပေါ်ပေါက်ခဲ့ရခြင်းဖြစ်သည်။

ခရစ်ယာန်သမ္မာကျမ်းစာ၌ ဖော်ပြထားချက်အရ ရေလွှမ်းမိုးတော့မည်ကိုသိသော နိုအာသည် သင်္ဘောတစ်စီးနှင့် ရေလွှမ်းမိုးမှုလွတ်ကင်းရာနေရာများကို ရှာဖွေရာမှ ကုန်းမြေမြင့်သော အီဂျစ်သို့ အစောဆုံးတွေ့ရှိခဲ့ရခြင်းပင်ဖြစ်ဟန်ရှိလေသည်။

အတ္တလန်တိယံတို့၏ ခေတ်မီတိုးတက်သော ယဉ်ကျေးမှုများနှင့် ဂန္ဓာရီပညာများအကြောင်းကို ပလေတိုက အကျယ်တဝင့်ရေးသားသောအခါ လူများ စိတ်ဝင်စားမှု များပြားလာခြင်းဖြစ်သည်။





နောက်ပိုင်း လေ့လာချက်များအရ အာဖရိကနှင့် ဥရောပတို့၏ အနောက်ဘက်၊

အမေရိကတိုက်၏ အရှေ့ဘက်ရှိ ယခု အတ္တလန္တိတ်သမုဒ္ဒရာရှိသောနေရာ၌ သမိုင်းမတင်မီနှစ်များစွာက အတ္တလန္တိတ်ကုန်းမြေတိုက်ကြီး တည်ရှိခဲ့ကြောင်း သိကြရသည်။

အတ္တလန္တိတ်တိုက်သားများသည် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားကြသည်နှင့်အမျှ ဂန္ဓာရီပညာဘက်မှာလည်း ပေါက်မြောက်အောင်မြင်ခဲ့ကြသည်။

အာဖရိကတိုက် အီဂျစ် မဟာဂန္ဓာရီသည် အတ္တလန္တိတ်တိုက်သားတို့၏ မဟာဂန္ဓာရီမှ အခြေခံကာ ဆင်းသက်လာကြောင်း ရေးသားဖော်ပြကြသည်။

မဟာဂန္ဓာရီသည် အဆင့်အတန်းမြင့်သော ပညာရပ်တစ်ခုပင်ဖြစ်သော်လည်း အချို့က တစ်ဝက်တစ်ပျက်ကို အသုံးပြု၍ ကိုယ်ကျိုးရှာကြရာတွင် နောက်ဆုံးတွင် အဆင့်အတန်းနိမ့်ကျပြီး နောက် မှော်ဆရာ၊ အောက်လမ်းဆရာများဖြစ်ကြလေတော့သည်။

တစ်ကမ္ဘာလုံးတွင် နည်းအမျိုးမျိုးနှင့်ပြန့်ပွားနေသော မှော်ဆရာ၊ အောက်လမ်းပညာ၊ ဂိုဏ်းပညာများမှာ အတ္တလန္တိတ်မှ ဂန္ဓာရီပျက် မှော်ဆရာများထံမှ ဆင်းသက်လာခြင်းဖြစ်ပေသည်။

ပညာရပ်တစ်ခုကို အစမှအဆုံးတိုင်အောင် မသိသေးဘဲ တစ်ဝက်တစ်ပျက်မျှ သိရုံနှင့် ကိုယ်ကျိုးရှာသူများကြောင့်ပင် အစစ်



www.burmeseclassic.com

www.burmeseclassic.com



အမှန်ပညာများပါ ပျက်စီးခြင်းသို့ရောက်ကြလေသည်။

ယခုအခါ ဗေဒင်ပညာ၊ လက္ခဏာပညာကို စာတွေ့ဖြင့် အနည်းငယ်မျှသိရုံဖြင့် ဆရာကြီးတစ်ဆူလုပ်ကာ နည်းအမျိုးမျိုး ကြော်ငြာထည့်ပြီး မိမိယံသို့ ရောက်လာသူများထံမှ ငွေကို ရသည့် နည်းဖြင့်ယူနေသူ ဆရာတုများကြောင့် ထိုပညာရပ်များကို လူ အထင်အမြင်သေးစရာဖြစ်ရရုံမက တကယ်တတ်ကျွမ်းနားလည် သောပညာရှင်များပါ ရောနှောပြီး အချောင်နာမည်ပျက်ရသကဲ့သို့ ဖြစ်ပေသည်။

ယခုလည်း စစ်မှန်သော အတ္တလန္တိတ်တိုက်သားများ၏ ဂန္ဓာရီ ပညာရပ်များမှာ တစ်ဝက်တစ်ပျက်သာသိပြီး ကိုယ်ကျိုးရှာသော ဂန္ဓာရီပျက်မှော်ဆရာများကြောင့် ချုက်သုဉ်းခြင်းသို့ရောက်ခဲ့ရခြင်း ဖြစ်ပေသည်။

အတ္တလန္တိတ်တိုက်သားများသည် ဂန္ဓာရီပညာကို အလွဲသုံး စားပြုလာခြင်းသည် တဖြည်းဖြည်းနှင့် ပုံနှံများပြားလာသောအခါ ဂန္ဓာရီပညာစောင့်နတ်များ၊ လောကပါလနတ်များက မနေနိုင်ကြ တော့ပေ။

ကြာလျှင် အတုအယောင်များကြောင့် လူအများ ဘေးဒုက္ခ ရောက်ကြတော့မည်ကို သိမြင်သောကြောင့် အတ္တလန္တိတ်တိုက် ကြီးတစ်ခုလုံးကို ရေအောက်သို့ပို့ကာ နိဂုံးချုပ်ပေးလိုက်ခြင်းပင် ဖြစ်ပေတော့သည်။





မှော်ဆရာ၊ အောက်လမ်းဆရာများ မင်းမူနေသော အတ္တ လန္တိတ်တိုက်သားများထဲမှ သူတော်ကောင်းစိတ်ထားရှိသူများကို ရွေးချယ်ပြီး ဘေးလွတ်ရာသို့ ခေါ်ဆောင် ကယ်တင်ပေးခဲ့ကြလေ သည်။

ဤအကြောင်းအရာနှင့်ပတ်သက်၍ ခရစ်ယာန်သမ္မာကျမ်း စာတွင် အီဗရာဟင်သည် သူ့မိသားစုနှင့်အတူ တိရစ္ဆာန်များကို ပါ သင်္ဘောဖြင့်သယ်ဆောင်၍ ဘေးကင်းရာသို့ ထွက်ပြေးလွတ် မြောက်သွားသည်ဟု ဆိုသည်။

အတ္တလန္တိတ်တိုက်ကြီး ရေထဲသို့နစ်မြုပ်သွားရာတွင် တစ်ချိန် တည်း၊ တစ်ပြိုင်တည်း နစ်မြုပ်သွားခြင်းမဟုတ်ဘဲ တစ်စတစ်စ နစ်မြုပ်သွားခြင်းဖြစ်ရာ ပိုဆီဒွန်ကျွန်းကလေးသည် နောက်ဆုံး နစ်မြုပ်သွားသော အတ္တလန္တိတ်ကိုက်နယ်မြေဖြစ်သည်။

အတ္တလန္တိတ်တိုက်မှ လူကောင်းများ တိမ်းရှောင်သွားကြခြင်း မှာလည်း ရေနစ်သောနယ်တစ်နယ်မှလွဲ၍ တစ်သုတ်စီ ထွက်ခွာ သွားကြခြင်းဖြစ်သည်။

ဂန္ဓာရီပညာရှင်များအနေဖြင့် ဂန္ဓာရီပညာဖြင့် သိရှိထားသည့် ကိစ္စမှာ အတ္တလန္တိတ်တိုက်ကြီး ရေနစ်မြုပ်ခြင်းမရှိမီကပင် 'ကပ် ဆေးရေဘေးကြီး' လာတော့မည့်ဖြစ်ရပ် ဖြစ်ပေသည်။ သို့ ဖြစ်၍ မိမိ၏တပည့်များကို အပါခေါ်လျက် ရေဘေးမကျမီကပင် လွတ် ရာသို့ ရှောင်ထွက်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ထွက်ခွာသွားကြသူများအနက် အချို့သည် အနောက်ဘက်ရှိ အမေရိကတိုက်သို့ ရောက်သွားကြသည်။

အချို့က အရှေ့ဘက်ရှိ အာဖရိကတိုက်သို့ရောက်ကြသည်။

အရှေ့ဘက်သို့ထွက်သွားသူ အချို့သည် ဥရောပတိုက်သို့ ရောက်ကြသည်။

အနောက်ဘက်အမေရိကတိုက်သို့ရောက်ရှိသွားသော အတ္တလန္တိတ် ဂန္ဓာရီပညာရှင်များသည် တောင်အမေရိကတိုက်တွင် 'မာယာယဉ်ကျေးမှုကြီး'အဖြစ် တည်ထောင်သည်။

မက္ကဆီကိုတွင် ယူကာတန်ဂန္ဓာရီဂိုဏ်းကြီး၊ ပီရူးတွင် အင်ဒီတောင်တန်းဂန္ဓာရီဂိုဏ်းနှင့် နေကိုးကွယ်မှုဘာသာကို တည်ထောင်ခဲ့ကြသည်။

မြောက်အမေရိကတိုက်သို့ ရောက်ရှိသွားသူများသည် လူရိုင်းနီ၊ ဝါ အင်ဒီယန်ဟု သိကြသော အတ္တလန္တိတ်သားများဖြစ်သည်။

လူရိုင်းနီများ၏ ရိုးရာဂန္ဓာရီပညာသည် အတ္တလန္တိတ်တိုက်မှ အကြွင်းအကျန်များဖြစ်ပြီးလျှင် မှော်ပညာနှင့်ရောနှောပြီး တဖြည်းဖြည်း တိမ်ကောလျက်ရှိသည်။

ဥရောပတိုက်သို့ရောက်ရှိသွားသော အတ္တလန္တိတ်တိုက်သားများသည် ပြင်သစ်၊ အင်္ဂလန် စသော တိုင်းပြည်များတွင် DRUID ဂိုဏ်းများ၊ Stonehenge ခေါ် ကျောက်စက်ဝန်းတိုင်များဖြင့် အတ္တလန္တိတ်ဂန္ဓာရီပညာအကြွင်းအကျန်များပါ သယ်ယူသွားကြသည်။





ဆိုက်ဗေးရီးယား၊ ရုရှ၊ တရုတ်၊ ကိုရီးယားမှစ၍ ကမ္ဘာတစ်ခုလုံး ပျံ့နှံ့သွားသော SHARMINISM ခေါ် ပယောဂကုပညာမှာလည်း အတ္တလန္တိတ်တိုက်မှ စတင်ခဲ့သော ဂန္ဓာရီပညာလက်တက်များဖြစ်ပေသည်။

ဂန္ဓာရီပညာရှင်များက ကမ္ဘာပေါ်တွင် ပင်မ လူ့အနွယ်ကြီး သုံးမျိုးရှိသည်ဟု ဆိုသည်။

ပထမပင်မလူမျိုးနွယ်မှာ 'လမူရီယံ'ဖြစ်၍ အာဖရိကတွင် အခြေစိုက်သည်။

ဒုတိယပင်မလူမျိုးနွယ်မှာ 'အတ္တလန္တိတ်တိုက်သားများ'ဖြစ်၍ ယခုအခါတွင် အရှေ့တိုင်းသား တရုတ်၊ မွန်ဂိုလီးယား၊ ကိုရီးယား၊ ဂျပန် စသော မွန်ဂိုသွေးရင်းနွယ်များဖြစ်သည်။

တတိယ ပင်မလူမျိုးနွယ်မှာ 'အာရိယန်'ဖြစ်၍ ဆိုက်ဘေးရီးယားမှ ကော့ကေးရှပ်တောင်တန်းကို ဖြတ်ကျော်ပြီး အိန္ဒိယပြည်တွင်းသို့ ဝင်ရောက်သွားပြီး အာရိယန်မျိုးနွယ်ကြီးကို တည်ထောင်ခဲ့ကြောင်း အဆိုရှိသည်။

ဤသို့ အတ္တလန္တိတ်တိုက်မှ ထွက်ခွာသွားသူအုပ်စုများအနက် နောက်အခါတွင် အာရိယန်မျိုးနွယ်စုဟု ပေါ်ထွန်းလာမည့်အုပ်စုကို ဂန္ဓာရီပညာရှင် သူတော်စင်များက လက်ရွေးစင် တပည့်သားမြေးများကို အုပ်သင်းဖွဲ့၍ အရှေ့ဘက်သို့ ဦးတည်ထွက်လာခဲ့ရာ ထိုစဉ်က ပင်လယ်ဖြစ်သော ဆာဟာရပင်လယ်ကိုဖြတ်ပြီး အာရေဗျသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသည်။

ယင်းမှ အရှေ့ဘက်ရှိ အီရန်၊ အာဖဂန်နစ္စတန်၊ တာကစ္စတန် တို့ကို ဖြတ်ပြီး တရုတ်ပြည် စင်ကျန်နယ်သို့ ဝင်ရောက်သော အခါ ယခု မွန်ဂိုလီးယားနှင့် ခွန်လွန်တောင်ကြားရှိ ဂိုဘီပင်လယ် သို့ ရောက်လာခဲ့သည်။

ထိုစဉ်က ဂိုဘီသဲကန္တာရသည် ရေဖုံးလွှမ်းနေသော ဂိုဘီ ပင်လယ် ဖြစ်သည်။

ဂိုဘီပင်လယ်အတွင်း အလယ်ပိုင်းကျသော ဘေးကင်းလုံခြုံ ပြီး ရာသီဥတုမျှတသော ကျွန်းများအနက် အကောင်းဆုံးကို ကျွန်း ဖြူ (White Island) ဟုခေါ်သည်။

ကျွန်းဖြူနှင့် မနီးမဝေးရှိ ကျွန်းငယ်တစ်ခုကို မနောဝါမြို့ တော်ဟု ခေါ်တွင်ပြီး ကျွန်းဖြူနှင့် တံတားဆက်သွယ်ထားသည်။

ထို့ကြောင့် အတ္တလန္တိတ်မှခွဲထွက်လာသော မဟာဂန္ဓာရီပညာ မှာ အီဂျစ်သို့ အစောဆုံးရောက်ခဲ့ပြီး ထိုမှတစ်ဆင့် ကမ္ဘာ့ နေရာ ဒေသအသီးသီးသို့ ပျံ့နှံ့သွားခဲ့ခြင်းဖြစ်ပေသည်။

ထိုကဲ့သို့ ရောက်ရှိသွားရာတွင် တိဗက်၊ တရုတ်နှင့် အိန္ဒိယ တို့သည် ဂန္ဓာရီ ပင်မနေရာများ ဖြစ်ခဲ့ကြလေသည်။ (အခြားနေရာ ဒေသများလည်း သင့်တင့်သလောက်ရှိသော်လည်း ထိုနေရာများ လောက် ထင်ပေါ်ကျော်ကြားမှု မရှိလှပေ။)

ကမ္ဘာပေါ်တွင် ရှေးအကျဆုံးသော တိုင်းပြည်များထဲတွင်





တရုတ်ပြည်သည်လည်း တစ်နေရာ ပါဝင်လေသည်။

တရုတ်ပြည်သည် အရှေ့အနောက် ရှည်လျားပြီး ဗထက်ချိုင့် ပုံသဏ္ဌာန်ရှိလေသည်။

တရုတ်ပြည်၏အနောက်ဖျားသည် အိန္ဒိယပြည်နှင့် ဟိမဝန္တာ တောင်၏မြောက်ဘက်ရှိ တရုတ်ပြည်၏ပြည်နယ်တစ်ခုဖြစ်သော စင်ကျန်ပြည်နယ် ဖြစ်၏။

ဟိမဝန္တာသည် အရှေ့အနောက် အလျားလိုက်သွယ်တန်း ထားသော အထိကရတောင်တန်းတစ်ခု ဖြစ်လေသည်။

ဟိမဝန္တာတောင်၏မြောက်ဘက်တွင် ဟိမဝန္တာနှင့် မျဉ်းပြိုင် အနေအထားမျိုးဖြင့် တည်ရှိနေသောတောင်တန်းမှာ တရုတ်တို့၏ နာမည်ကျော် ခွန်လွန်တောင်တန်းပင်ဖြစ်ပေသည်။

အိန္ဒိယနိုင်ငံသူနိုင်ငံသားတို့က ဟိမဝန္တာတောင်တန်းကို ဘာ သာရေးအတွက် အထွတ်အမြတ်ထားသောနေရာတစ်ခုဖြစ်သလို တရုတ်တို့ကလည်း ခွန်လွန်တောင်တန်းကို ဘာသာရေးနှင့်ပတ် သက်သော ဂန္ဓာရီ မူလပင်မနေရာအဖြစ် အလေးအမြတ်ထားကြ လေသည်။

ခွန်လွန်တောင်တန်း၏မြောက်ဘက်တွင် ယူအီဂါနယ် ရှိ သည်။

တရုတ်တို့အနေနှင့် တရုတ်ပြည်အနောက်ဘက်တွင်ရှိသော ခွန်လွန်တောင်တန်းသည် ဂန္ဓမာတောင်လိုဏ်ချောင်မုခ်နန်းတွင်



www.burmeseclassic.com

www.burmeseclassic.com



ကသိုဏ်းဝန်းထိုင်နေကြသော ဝိဇ္ဇာဓော်ဂျီ တပသီတို့မှ အစ နတ်၊ ဗြဟ္မာ တို့အလယ် အမတစျာန်ဘုရားကြီးများ ပျော်စံသီတင်းသုံးရာ နေရာထူးဖြစ်သည်ဟု ယုံကြည်ကြလေသည်။

ယင်း ခွန်လွန်တောင်တန်းပေါ်တွင် မိုးထိုးနေအောင်မြင့်သော ကျောက်စိမ်းတောင်ထွတ်ရှိလေသည်။ ကျောက်စိမ်းတောင်ထွတ်တွင် အလွန်လှပသော ဥယျာဉ်တစ်ခုလည်းရှိသည်။

ထိုဥယျာဉ်တော်အတွင်း၌ အမတသစ်တော်ပင် ရှိလေသည်။ ထိုအမတသစ်တော်ပင်မှ အနှစ် ၃၀၀၀ ကြာမှ တစ်ကြိမ်သာသီးသော အမတသစ်တော်သီး သီးလေသည်။

အမတသစ်တော်ပင်နှင့် ဝိဇ္ဇာဥယျာဉ်တော်တို့ကို အနောက်မယ်တော် ဆီဝမ်းမူ က စောင့်ရှောက်လျက်ရှိလေသည်။

ဂန္ဓာရီရှုထောင့်မှကြည့်လျှင် တရုတ်လူမျိုးတို့၏ မူလမျိုးနွယ်ဖြစ်သော အတ္တလန္တစ်မျိုးနွယ်များကို စီမံအုပ်ချုပ်သော မဟာသမတနူမင်းမှာ ရှမ်ဗဲလားမှ တရုတ်နှင့်တကွ မွန်ဂိုနွယ်ဝင်တို့အား တာဝန်ယူထားသောပုဂ္ဂိုလ် ဖြစ်သည်။ တရုတ်ပြည်၏ အနောက်ဘက်အခြမ်းကို တာဝန်ယူအုပ်ချုပ်နေရသော မယ်တော် ဆီဝမ်းမူသည် တရုတ်တစ်ပြည်လုံးရှိ ဂန္ဓာရီပညာနှင့် ဝိဇ္ဇာများကို တာဝန်ယူ စီမံခန့်ခွဲရသည်။

တရုတ်တစ်ပြည်လုံးရှိ အမတဝိဇ္ဇာမဟာဂန္ဓာရီပညာရှင်သည် တစ်နှစ်လျှင် တစ်ကြိမ် ပန်တောက်ဟွီ ခေါ် သစ်တော်သီး စား





တော်ဆက်ပွဲသို့ စုရုံး လာရောက်ကြရသည်။

သစ်တော်သီး စားတော်ဆက်ပွဲနေ့မှာ နှစ် ၃၀၀၀ တွင် တစ်ကြိမ်သာသီးသော အမတသစ်တော်သီးမှည့်သောနေ့ ဖြစ်သည်။ ယင်းနေ့သည် မယ်တော် ဆီဝမ်းမူ ၏မွေးနေ့လည်းဖြစ်သည်။ ထိုအမတသစ်တော်သီးကို စားရလျှင် မသေတော့ဘဲ အာယုရှည်ပြီးမြောက်သွားသောကြောင့် 'အမတသစ်တော်သီး' ဟု ခေါ်ခြင်း ဖြစ်သည်။

ထို့ကြောင့် တရုတ်ပြည်ရှိ ထွက်ရပ်လမ်းလိုက်သူ ဂန္ဓာရီပညာရှင်များသည် အမတသစ်တော်သီးကိုစားရရန်အတွက် အမျိုးသားထွက်ရပ်ပေါက်ပုဂ္ဂိုလ်များနှင့် အမျိုးသမီးထွက်ရပ်ပေါက်များသည် ခွန်လွန်တောင်သို့ စုဝေးရောက်ရှိလာခြင်းဖြစ်သည်။

ဂန္ဓာရီပညာရှင် အမတဝိဇ္ဇာများကို အဆင့်(၇)ဆင့် ခွဲထားသည်။

ဝတ်ရုံအရောင်များမှာ အနီ၊ အပြာ၊ အဝါ၊ အစိမ်း၊ အနက်၊ ခရမ်းရောင်နှင့် သဘာဝရောင် ဟူ၍ ခုနစ်မျိုးကို အဆင့်(၇)ဆင့်အလိုက် ဝတ်ဆင်ရသည်။

ဂန္ဓာရီပညာရှင် ဝိဇ္ဇာဓိုရ်အပေါင်းတို့၏ အကြီးအချုပ်မှာ သမိုင်းမတင်မီခေတ်ကတည်းကရှိခဲ့သော မယ်တော် ဆီဝမ်းမူ ပင်ဖြစ်သည်။

ဘီစီ ၁၀၀၀ ချောင်မင်းဆက် ဘုရင်မူးသည် အနောက်ဘက်



www.burmeseclassic.com

ခွန်လွှန်တောင်တန်းသို့ ခရီးထွက်ပြီး ဆီဝမ်းမူကို ရှာပုံတော်ဖွ
ခဲ့သည်ဟု ရှေးဟောင်းမှတ်တမ်းများတွင် ဖော်ပြသည်။

ဘီစီ ၆ ရာစုတွင် တာအို ခေါ် တောက်ဝါဒဟောပြောခဲ့
လောဇူသည် ပိဋကတ်တိုက်မှူးအဖြစ် အမှုထမ်းနေရာမှ လော
ကို စိတ်ကုန်ပြီး ကျွဲစီးကာ ခွန်လွှန်တောင်ရှိရာ အနောက်ဘ
နယ် မယ်တော် ဆီဝမ်းမူ ရှိရာသို့ ထွက်ခွာလာခဲ့သည်။

ခွန်လွှန်တောင်ကြား အဝင်မုခ်ဦးတွင် စောင့်ရှောက်ရန် တ
ဝန်ကျသူ ယင်စီနှင့်တွေ့ရာ ယင်စီက လက်ဖက်အဖန်ရည်ဖြ
ဧည့်ခံသည်။

ထိုအချိန်မှစ၍ တရုတ်လူမျိုးတို့သည် ရေနွေးကြမ်းအဖန်ရည
ဖြင့် ဧည့်ခံသောဓလေ့ ရရှိလာသည်။

ယင်စီ၏တောင်းပန်ချက်အရ လောဇူသည် စာလုံးရေ ၅၀၀
ပါဝင်သော 'တောက်တဲ့ကျင်း' ခေါ် 'ဝိမုတ္တိဓမ္မ'ကို ရေးသာ
ခဲ့သည်။

၎င်းသည် နောင်အခါတွင် 'တာအိုဝါဒ'ဟု ထင်ရှားလာပြီ
လျှင် တရုတ်ပြည်တွင် ဘာသာရေးအဖြစ် ယုံကြည်ကိုးကွယ်လာ
ကြသည်။

အတ္တလန္တိတ်တိုက်မှထွက်ခွာလာခဲ့ကြသော အုပ်စုများအန
ဒုတိယပင်မမျိုးနွယ်၌ပါဝင်သော အရှေ့တိုင်းသား တရုတ်၊ မွန်ဂို
လီးယား၊ ကိုရီးယား၊ ဂျပန် အစရှိသော မွန်ဂိုသွေးရင်း အဆ





နွယ်များတွင် တရုတ်သည် ဂန္ဓာရီပညာထွန်းကားသော နေရာ
ဖြစ်ခဲ့လေသည်။

ထိုကဲ့သို့သောနေရာမျိုးတွင် ဆန်းကြယ်သောအဖြစ်အပျက်
များဖြစ်ပျက်ခဲ့ခြင်းများမှာ အထူးအဆန်းတော့မဟုတ်ပါပေ။

ယခုဇာတ်လမ်း ဖြစ်ပျက်ခဲ့သောနေရာမှာ···

တရုတ်ပြည် ယန်းနန်းနယ်ရှိ မဲခေါင်မြစ် ရေဝေကုန်းတန်း၌
ပါဝင်သော 'အာဟိုင်း'(Erhai) ရေကန်အနီးတွင်ရှိသော ရွာတစ်ရွာ
ဖြစ်ပေသည်။

ရွှေသမင်စာပေ

www.burmeseclassic.com



## အခန်း (၃)

### မဲခေါင်မြစ်ဖျားမှ အစပုံရိပ်များ

အာဟိုင်း(Erhai)ရေကန်အကြောင်း ရေးမည်ဆိုပါက မဲခေ
မြစ်အကြောင်းကိုလည်း အနည်းငယ် ထည့်သွင်းရေးသားရန်
အပ်ပေသည်။

မဲခေါင်မြစ်သည် နာမည်ကျော်ကြား လူသိများသော မြ
တစ်စင်းပမာ ဖြစ်၏။

၎င်းသည် ကျင်ဟိုင်း တိဗက်နယ်မြေ၏ ဗင ကိုချက်နေ
ရှိသော 'ဂူအိုဆောင်မူချာတောင်'မှ စတင်မြစ်ဖျားခံ ဟခဲ့လေသ

၎င်းတောင်မှာ အမြင့်ပေပေါင်း '၁၈၁၀၂' ေ ၊ ပ မြင့်မား
သည်။ ထိုတောင်မကြီး၏မြောက်ဘက် တောင် ်ခါးပန်းနေ
ရေခဲမြစ်တစ်စင်းရှိသည်။





ထိုရေခဲမြစ်မှ စီးဆင်းလာသောရေများမှာ အောက်ဘက်သို့ စီးဆင်းရာမှာ ဒေသအခေါ် 'လာဆာဂွန်းဗား'(Lasa-gonma) ဟု ခေါ်သောချောင်းအတွင်းသို့ စီးဝင်သွားလေသည်။

မဲခေါင်မြစ်ဖျား၏ အစပိုင်းမှာ ထိုနေရာမှပင်ဖြစ်ပေသည်။

မဲခေါင်မြစ် ဖြတ်သန်းစီးဆင်းခဲ့သောနိုင်ငံမှာ ၆ နိုင်ငံရှိလေသည်။

၎င်းတို့မှာ...

လာအိုနိုင်ငံ၊ ကမ္ဘောဒီးယား၊ ထိုင်း၊ တရုတ်၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံတို့ ဖြစ်သည်။

မဲခေါင်မြစ်ကို ထိုနိုင်ငံ ၆ နိုင်ငံမှ အခေါ်အဝေါ်ခြင်းလည်း မတူကြပေ။

လာအိုနိုင်ငံမှ မဲနန့်ခေါင်မြစ်ဟု ခေါ်သည်။

ကမ္ဘောဒီးယားနိုင်ငံမှ မဲခေါင်မြစ်ဟု ခေါ်သည်။

ထိုင်းနိုင်ငံမှ မဲနန့်ခေါင်မြစ်ဟု ခေါ်သည်။

တရုတ်တို့က လန်ကန်ဟုခေါ်ပြီး ဗီယက်နမ်က ချူလောင်ကျန်းဟု ခေါ်သည်။

မြန်မာနိုင်ငံက မဲခေါင်မြစ်ဟုသာ ခေါ်ဝေါ်ကြလေသည်။ နိုင်ငံပေါင်း ၆ နိုင်ငံမှ ပြည်သူများမှာ မဲခေါင်မြစ်ရေကို အမှီပြုပြီး ရပ်တည်နေကြသူ၊ ဝမ်းရေးရှာဖွေစားသောက်ကြသူ အတော်များများ ရှိကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မဲခေါင်မြစ်ရေသည် တရုတ်ပြည် ယန်နန်းနယ်(Yunnan) နယ်အတွင်းမှ ဖြတ်သန်းစီးဆင်းလေသည်။

တိဗက်ကုန်းမြေပြင်မှ အခြေခံကာ စီးဆင်းသော မြစ်သုံးစင်းရှိရာ မဲခေါင်မြစ်၊ ယန်စီမြစ်နှင့် သံလွင်မြစ်တို့ ဖြစ်ကြလေသည်။

ထိုမြစ်ကြီးသုံးစင်းတို့မှာ နေရာဒေသအသီးသီးတို့ကို ကျော်ဖြတ်ကာ မြောက်ဘက်မှ တောင်ဘက်သို့ အစဉ်တစိုက် စီးဆင်းသွားကြရာ တစ်နေရာတွင် မြစ်ကြီးသုံးစင်း ယှဉ်ပြိုင်စီးဆင်းနေပုံကို တွေ့နိုင်ပေသည်။

ယန်နန်းနယ်အတွင်းမှာရှိသော မဲခေါင်မြစ်၏ ရေဝေကုန်းတန်းသည် မဲခေါင်မြစ်အတွက် အဓိကကျသောနေရာပင်ဖြစ်ပေသည်။

ထိုနေရာအတွက် အရေးကြီးသော အစိတ်အပိုင်းအဖြစ် ပါဝင်နေသောနေရာမှာ အာဟိုင်း(Erhai) ရေကန်ကြီးပင်ဖြစ်ပေသည်။

ထိုရေကန်ကြီးမှာ ရှေးနှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့သောနေရာဖြစ်ပြီး အနီးတစ်ဝိုက်တွင်ရှိသောရွာများမှာ အမှီပြုနေရသောနေရာလည်းဖြစ်ပေသည်။ ထိုရေကန်ကြီးအနီးဝန်းကျင်တစ်ဝိုက်တွင် တရုတ်လူမျိုးများ အများစုနေသော ရွာကလေးများရှိကြသည်။

ထိုရွာကလေးများမှ လူအများသည် အာဟိုင်းရေကန်ကြီးကို ဝမ်းေ ာင်းသဖွယ် အမှီသဟဲပြုကာ နေထိုင်ကြသည်။ မဲခေါင်မြစ်





သည် နိုင်ငံ ၆ နိုင်ငံကို ကျော်ဖြတ်ခဲ့ရာတွင် ၄င်းနှင့်ပတ်သက်သော ကြီးမားသည့်ရေကန်ကြီးအချို့ကို ဖြစ်ပေါ်စေသည်။

ထိုရေကန်ကြီးများထဲတွင် ယန်းနန်းနယ်အတွင်းမှာရှိသော အာဟိုင်း(Erhai) ရေကန်နှင့် ကမ္ဘောဒီးယားနိုင်ငံအတွင်းမှာ ရှိသော တန်လယ်ဆက်ပ် (Tonlesp) ရေကန်ကြီးတို့မှာ ထင်ရှားလေသည်။

တန်လယ်ဆက်ပ်ရေကန်ကြီးသည် ကမ္ဘောဒီးယားအလယ်ပိုင်း၌ တည်ရှိလေသည်။

ထိုရေကန်မှာ အရှေ့တောင်အာရှ၌ရှိသော ရေကန်များထဲတွင် အကြီးဆုံးရေကန်ကြီးတစ်ကန် ဖြစ်လေသည်။ တန်လယ်ဆက်ပ်ရေကန်ကြီးအတွင်းမှာ အမှီပြုနေထိုင်ကြသူများမှာ ရေထဲမှာပင် ရေပေါ်အိမ်ကလေးများ ဆောက်လုပ် နေထိုင်ကြလေသည်။

ထို့အတူ ယန်းနန်းနယ်အတွင်းမှာရှိသော အာဟိုင်းရေကန်ကြီးပတ်ဝန်းကျင်မှာ နေထိုင်ကြသူများမှာလည်း ရေကန်ပတ်ဝန်းကျင်မှာ ရေပေါ်အိမ်ကလေးများ ဆောက်လုပ်ကာ နေထိုင်ကြလေသည်။

ထိုရွာများထဲတွင် မင်းဟမ်(Mengham) ရွာလည်း တစ်ရွာပါဝင်လေသည်။

မင်းဟမ်ရွာမှာ ရွာကြီးတစ်ရွာဖြစ်ပြီး ကမ်းစပ်မှာရော ရေထဲမှာပါ ရွာတည်ထားခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရေကန်အတွင်းမှာ နေအိမ်များဆောက်လုပ်နေထိုင်ကြရုံမ
စာသင်ကျောင်း၊ ဘုရားကျောင်းနှင့် ဈေးတန်းများပင် ပြုလုပ်ထ
သည်။

ရွာလူကြီးနေသောနေရာတွင် ရုံးခန်းသဖွယ် ပြုလုပ်ထား
သည်။

မြန်မာနိုင်ငံအတွင်းရှိ အင်းလေးရေပြင်ပေါ်၌ ရွာတည်ထ
ခြင်း၊ နေအိမ်ဆောက်ခြင်းနှင့် စိုက်ခင်းများပြုလုပ်ထားခြင်း
ပုံသဏ္ဍာန်တူလေသည်။

ရေပြင်ပေါ်မှာ နေအိမ်များ ဆောက်လုပ်နေထိုင်ကြသူများ
ရေကန်အတွင်း၌ ရေကြီးလာသောအချိန်တွင် ကုန်းပေါ်သို့
ပြောင်းနေကြသည်။

ရေကျသွားသောအချိန်တွင် ရေကန်အတွင်းသို့ သွားရော
နေကြပြန်သည်။

ရေပြင်ပေါ်မှာနေကြသော်လည်း ဈေးဆိုင်တန်းများရှိသေ
ကြောင့် လိုချင်သောပစ္စည်းများ ရရှိနိုင်သေည်။

ရေကန်ကြီးအတွင်းမှာ မှီတင်းနေထိုင်ကြသော မင်းဟမ် ရွာ
ရွာသားအများစုမှာ ငါးဖမ်းခြင်းအလုပ်ဖြင့် အသက်မွေးဝမ်းကျော
ပြုကြလေသည်။

နှစ်စဉ် မုတ်သုံရာသီဖြစ်သော ဇွန်လမှ စက်တင်ဘာလအ
မြစ်ရေတိုးသလို ရေကန်အတွင်းမှ ရေများလည်း လျှံတက်လာ





ရှိသည်။ ထိုရာသီရောက်လာလျှင် နေရာအနှံ့တွင် မြစ်ရေ၊ ချောင်း
ရေ၊ ကန်ရေများ တိုးလာသလို ငါးများလည်း ပေါများလာလေ
တော့သည်။

ငါးများသည် ကမ်းစပ်၌ရှိသောတောစပ်၌ အကောင်အရေ
အတွက် မြောက်မြားစွာ ပေါက်ဖွားကြပြီး ရေကန်အတွင်းသို့
ရောက်ရှိလာကြခြင်းဖြစ်လေသည်။

အာဟိုင်းရေကန်ကြီးမှာ ငါးအမျိုးပေါင်း မြောက်မြားစွာ၊ အရေ
အတွက်ပေါင်း မြောက်မြားစွာတို့၏ ပျော်မွေ့သော နေရာတစ်ခု
ဖြစ်သည်။

ငါးကြင်း၊ ငါးသိုင်းမျိုးများအပြင် မဲခေါင်မြစ်အတွင်းမှာသာ
တွေ့နိုင်သော ငါးရူကြီးများလည်း ရှိသည်။

ထိုငါးရူကြီးများမှာ အလျား ၁၀ ပေခန့်ရှိပြီး အလေးချိန်
ကီလိုဂရမ် ၃၀၀ (၆၆၀)ပေါင်လောက် အလေးချိန်စီးသောငါးမျိုး
ဖြစ်သည်။

ထိုငါး၏အရသာမှာ လေးလေးပင်ပင်နှင့် ချိုသောကြောင့်
စားသူတို့က နှစ်သက်သဘောကျသဖြင့် ဈေးကောင်းပေးပြီး ဝယ်
ယူ စားသုံးကြသည်။

ပုံသဏ္ဍာန်ကတော့ ငါးရူနှင့်တူပြီး မြန်မာရေပိုင်နက်အတွင်း
မှာ ဖမ်းဆီးရသော ငါးထွေ၊ ပင်လယ်ငါးရူငါးမျိုးများနှင့် ဆင်ဆင်
တူလေသည်။ အရသာလည်း အတူတူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေသခံများကတော့ ထိုငါးချူကြီးများကို မဲခေါင်ငါးချူဟု ခေါ်ကြလေသည်။

ရေကန်ကြီးအတွင်းမှာ ထိုကဲ့သို့သော ကြီးမားလှသည့်ငါးချူကြီးများ အပါအဝင် ငါးမျိုးစိတ်ပေါင်း မြောက်မြားစွာရှိကြလေသည်။

တံငါသည်များက ရှာဖွေရရှိသောငါးများကို ရေပေါ်ငါးဈေးသို့ ပို့ကာ ရောင်းချကြသည်။

ငါးဝယ်လိုသူများက ထိုဈေးအထိ လာရောက်ပြီး မိမိကြိုက်နှစ်သက်ရာငါးများကို ရွေးချယ်ဝယ်ယူကြသည်။

ထိုငါးဈေးသို့ လှေများဖြင့် လာရောက်ရောင်းချကြပြီး ဝယ်သူများကလည်း လှေများဖြင့် တကူးတက လာရောက် ဝယ်ယူကြသည်။

ထိုရေပေါ်ငါးဈေးတွင် ပိဿာများစွာ အလေးချိန်စီးသော ငါးချူကြီးများမှစပြီး ခြေမလက်မလောက်သာ အရွယ်အစားရှိကြသော ငါးနုပ်ငါးဖွဲကလေးများအထိ ပါလေသည်။

အချို့လည်း ပုစွန်သေးသေးကလေးများကို အစုလိုက်အပုံလိုက် လာရောက်ရောင်းချကြသည်။

အာဟိုင်းရေကန်ကြီးအတွင်းမှာ ငါးဖမ်းသောလှေများစွာ ရှိကြသလို ငါးဖမ်းနည်းများစွာလည်းရှိကြသည်။ ငါးမျှားများ၊ ပိုက်ကွန်များ၊ ပိုက်၊ ယင်း၊ ဒိုင်းဝန်း၊ ရင်တွန်းများဖြင့် ရှာဖွေဖမ်းဆီး





ကြသည်။

ထိုငါးဖမ်းနည်းများထဲတွင် တိရစ္ဆာန်ကိုအသုံးပြုပြီး ငါးဖမ်းသောနည်းလည်း ပါဝင်သည်။

၄င်းတံငါသည်များ ငါးဖမ်းရာတွင် အသုံးပြုသောတိရစ္ဆာန်မှာ တင်ကျီးငှက်ဖြစ်သည်။

တံငါသည်များက တင်ကျီးငှက်များကိုမွေးထားပြီး ငါးဖမ်းခိုင်းခြင်းဖြစ်သည်။ တင်ကျီးငှက်မှာ ကျီးကန်းကဲ့သို့ အမည်းရောင်ဖြစ်ပြီး ပုံသဏ္ဌာန်တူသော်လည်း အကောင်အရွယ်အစား အနည်းငယ် သေးသည်။

ကျီးကန်းက ကုန်းပေါ်မှာ အစာရှာစားသော်လည်း တင်ကျီးငှက်က ရေထဲငုပ်ပြီး ငါးရှာစားသည်။

ရေထဲမှာ ငါးရှာစားသောငှက်အမျိုးအစားထဲတွင် ငှက်ကြီးဝံပို၊ ဗျိုင်း၊ စင်ရော်၊ ဒိန်ညင်း၊ လင်းနို့၊ တင်ကျီးငှက်တို့ ပါဝင်လေသည်။

အခြားငှက်များက ရေအောက်၌ ကြာရှည်စွာမငုပ်နိုင်ကြသော်လည်း စင်ရော်ငှက်နှင့် တင်ကျီးငှက်တို့ကတော့ ရေအောက်၌ အချိန်ကြာမြင့်စွာနေနိုင်ကြလေသည်။

အမှန်တော့ ကုန်းပေါ်မှာ ခွေးများကိုအသုံးပြုပြီး အမဲလိုက်ကြသကဲ့သို့ ရေထဲမှငါးများကို တင်ကျီးငှက်များ အသုံးပြုပြီး ငါးဖမ်းခြင်းသည် အမှန်တော့ အမဲလိုက်ခြင်းတစ်မျိုး ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



တံငါသည်များမှာ အများအားဖြင့် တရုတ်လူမျိုးများပြီး ၎င်းတို့အသုံးပြုသောလှေများမှာ သစ်လုံးကိုထွင်းထားသော၊ သစ်ထွင်းလှေများ၊ ပျဉ်ချပ်များဖြင့်စပ်ထားသောလှေများကို အသုံးပြုကြလေသည်။

လှေများမှာ ပင်လယ်ပြင်တွင် ဆလုံများ အသုံးပြုသော ကဗန်းလှေနှင့် ပုံသဏ္ဍာန်တူလေသည်။

လှေပေါ်မှာ လူများနေနိုင်ရန် ပေါင်းမိုးတစ်ခုတပ်ဆင်ထားသည်။ လှေဝမ်းထဲတွင် စားနပ်ရိက္ခာနှင့် အသုံးအဆောင်ပစ္စည်းများ ထည့်ထားလေသည်။

ငါးဖမ်းရာတွင် အသုံးပြုသည့် တင်ကျီးငှက်များကတော့ ကြီးမားသောလှေနံပေါ်မှာပင် နားနေကြသည်။

တင်ကျီးငှက်များမှာ ငှက်ပင်ဖြစ်သော်လည်း ၎င်းတို့ကို ကျွေးမွေးထားသောလူတို့နှင့်ပင် အတူတူနေကြလေသည်။ ၎င်းတို့အတွက်လည်း သီးသန့်အစာကျွေးစရာ မလိုပေ။ တင်ကျီးငှက်များ ရှာဖွေပေးသောငါးများထဲမှ အကောင်သေးသောငါးများကို အစာအဖြစ် ပြန်ကျွေးခြင်းပင်ဖြစ်သည်။

တင်ကျီးငှက်များကို ငါးဖမ်းခိုင်းရာမှာလည်း လွယ်လွယ်ကူကူတော့ ရသည်မဟုတ်ပေ။

တင်ကျီးရိုင်းတစ်ကောင်ကိုရလျှင် ဦးစွာ ငါးဖမ်းနည်းများနှင့် ရရှိလာသောငါးများကို သခင်ထံသို့ ပြန်လည်ယူဆောင်လာရန်





ကျင့် သင်ကြားပေးရသည်။

လေ့ကျင့်မှုကြောင့် ယဉ်ပါးလာပြီး သခင် စေခိုင်းသည့်အတိုင်း ်နိုင်လာသည့်အခါမှာတော့ ငါးဖမ်းရာတွင် အသုံးချကြသည်။

တင်ကျီးငှက်များ ငါးဖမ်းပုံမှာ ဤသို့ဖြစ်သည်။

လေ့ကျင့်ပေးထားသော တင်ကျီးငှက်များကို လှေပေါ်တင်ပြီး အတွင်းသို့သွားကြလေသည်။

ငါးဖမ်းမည့်နေရာသို့ ရောက်သောအခါ ရေထဲဆင်းမည့် ကျီးငှက်များ၏လည်ပင်းနေရာတွင် ကြိုးတစ်ချောင်းဖြင့် မတင်း ချည်ပေးလိုက်ရသည်။

ထိုသို့ကြိုးချည်ပေးလိုက်ခြင်းမှာ ဖမ်းမိသောငါးများကို မျို နိုင်စေရန်ဖြစ်သည်။

တင်ကျီးငှက်နှင့် ငါးဖမ်းသောတံငါသည်များမှာ တစ်ဦးချင်း ယောက်ချင်း ငါးဖမ်းသည်ထက် အစုအဖွဲ့ဖြင့် ငါးဖမ်းကြသည်။

အဘယ်ကြောင့်ဆိုသော်...

ရေထဲမှာ တင်ကျီးငှက် အရေအတွက်များသောအခါ ငါးများ ပြေးရင်း ရှောင်ရင်းနှင့်ပင် တင်ကျီးငှက်တစ်ကောင်မဟုတ်၊ ကောင်၏ နှုတ်သီးဖျားမှာ ဖမ်းမိသွားသောကြောင့်ဖြစ်သည်။

ရေအောက်ရောက်သောအခါ တင်ကျီးငှက်များမှာ တစ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်နှင့်တစ်ကောင် အလုအယက် ငါးဖမ်းကြပြီး ဖမ်းမိသောအခါ သခင်ရှိရာလှေရှိရာသို့ ပျံတက်သွားကြသည်။

တင်ကျီးငှက် အရေအတွက်များသော်လည်း မှားယွင်းမှုမရှိဘဲ မိမိတို့သခင်ရှိသောလှေရှိရာသို့ ပျံတက်သွားကြသည်။

တင်ကျီးငှက်များကိုလည်း ပိုင်ရှင်များက မမှားစေရန် အမှတ်အသားများ ပြုလုပ်ထားသည်။

တင်ကျီးငှက်များက အုပ်စုလိုက် ရေထဲသို့ဆင်းပြီး ငါးရှာဖွေကြပြီး ရသောအခါ မိမိသခင်ရှိသောလှေရှိရာသို့ ပျံတက်သွားသည်။

လှေပေါ်သို့ရောက်သောအခါ သခင်က ဖမ်းမိလာသောငါးကိုယူလိုက်ပြီး နောက်တစ်ကြိမ် စေလွှတ်လိုက်ပြန်သည်။

တင်ကျီးငှက်က ငါးကိုဖမ်းမိသောအခါ မျိုမချသည်ပေါ့မဟုတ်ပေ။ မျိုချသော်လည်း လည်ပင်း၌ ကြိုးချည်ထားသောကြောင့် မျိုချ၍မရခြင်းပင်ဖြစ်၏။

တင်ကျီးငှက်သည် ငါးဖမ်းမိသော်လည်း စားခွင့်မရဘဲ သခင့်လက်သို့ ပေးအပ်ရသည်။

သခင်က တင်ကျီးငှက်တစ်ကောင်ကို ငါးကြိမ်ထက်ပို၍ စေခိုင်း၍မရပေ။

ငါးကြိမ်ပြည့်အောင်သော်လည်းကောင်း သို့ပေါ့တ် အချို့တင်ကျီးငှက်များက ခုနစ်ကြိမ်ပြည့်အောင် ငါးရှာပေးပြီးလျှင်တော့





ဆက်ခိုင်း၍ မရတော့ပေ။ ထိုအခါ သခင်ဖြစ်သူက အစာကျွေးရသည်။ ဖမ်းမိသောငါးများထဲမှ အကောင်သေးသေးများကို ရွေး၍ကျွေးခြင်းဖြစ်သည်။

အချို့လည်း တင်ကျီးငှက်များကို ကျွေးမွေးရန် ငါးအကောင်သေးများကို ယူဆောင်သွားကြသည်။

အချို့ တင်ကျီးများမှာ ဖမ်းမိသောငါးများကို မျိုချရန်ကြိုးစားသော်လည်း လည်ပင်းမှာ ကြိုးချည်ထားသောကြောင့် ဝမ်းထဲမရောက်ဘဲ လည်ချောင်းမှာပင် တစ်နေသည်။

လှေပေါ်ရောက်တော့မှ သခင်က ပြန်ထုတ်ယူလေသည်။ ၎င်းတို့ကို အစာကျွေးသောအချိန်တွင် လည်ပင်းမှာချည်ထားသောကြိုးကို ဖြေပေးထားသည်။

ထိုအချိန်ရောက်မှ လှေဝမ်းထဲမှာရှိနေသော ငါးအကောင်ကြီးတစ်ကောင်ကို လျှပ်တစ်ပြက်ကိုက်ချီပြီးနောက် ရေထဲသို့ ပျံဆင်းပြေးသွားတော့သည်။ ငါးပါသွားသော်လည်း သခင်ဖြစ်သူမှာဘာမှမတတ်သာတော့ပေ။ ထိုငါးကို မျိုချပြီးမှ လှေပေါ်သို့ ပြန်တက်လာသည်။

တင်ကျီးငှက်ဖြင့် ငါးဖမ်းသောတံငါသည်များမှာ တစ်စီးချင်း၊ နှစ်စီးချင်း ဖမ်းလေ့မရှိဘဲ အုပ်စုဖွဲ့ကာ သွားရောက်ငါးဖမ်းလေ့ရှိကြသည်။

တင်ကျီးငှက် အကောင်အရေအတွက်များမှ ငါးများများရနိုင်



www.burmeseclassic.com

www.burmeseclassic.com



သည်ပုလည်း ထင်ကြသည်။

အဘယ်ကြောင့်ဆိုသော်···

ရေအောက်သို့ရောက်သွားသောအခါ တင်ကျီးငှက်များမှာ ငါးများခိုအောင်းနေသော ကျောက်ဆောင်နှင့် ချုံများကြားသို့ ဝင်ရောက်ရှာဖွေကြရာ တစ်နေရာမှ အလန့်တကြားထွက်လာသော ငါးကို တင်ကျီးငှက် တစ်ကောင်မဟုတ်တစ်ကောင်က ဖမ်းမိကြသည်။

တင်ကျီးတစ်ကောင်ထံမှ လွတ်ထွက်လာသောငါးကို အခြားတင်ကျီးငှက်တစ်ကောင်က ဖမ်းမိနိုင်လေသည်။ သို့ကြောင့် တင်ကျီးငှက် အကောင်အရေအတွက်များလေလေ ငါးပိုရလေဟု ထင်ကြခြင်းဖြစ်သည်။

ငါးဖမ်းရန်အတွက် တင်ကျီးငှက်များကို ရေထဲသို့လွှတ်လိုက်ပြီးသည့်နောက်တွင် လှေပေါ်မှာကျန်ခဲ့သော တံငါသည်များက လှေကြမ်းခင်းကို ခြေဖနောင့်ဆောင့်ကာ သီချင်းသံများ သံပြိုင်ဆိုပေးကြသည်။

ထိုသို့ သီချင်းဆိုပေးခြင်းကို ရေအောက်ရောက်နေသော တင်ကျီးငှက်များက ကြားနိုင်ကြပြီး ၎င်းတို့ကို သခင်များက အားပေးနေသောအသံများဖြစ်သည်ဟု ထင်တတ်ကြသည်။

ထိုကဲ့သို့ သီချင်းသံကြားသောအခါ ငါးများများရအောင် ရှာဖွေ ဖမ်းဆီးပေးနိုင်ကြသည်။





ယန်းနန်းနယ်အတွင်းရှိ အာဟိုင်းရေကန်အတွင်း၌ တင်ကျီးငှက်ကို အသုံးပြုပြီး ငါးရှာနေကြသည့် တံငါသည်များမှာ ၎င်းတို့မွေးထားသော တင်ကျီးငှက်၏ ငါးဖမ်းကောင်းလျှင် ကောင်းသလောက် အခြားသူများထက်ပိုပြီး ငါးရကြလေသည်။

ငါးဖမ်းမကောင်းသည့်တင်ကျီးငှက်ရှိသူများကတော့ ရောင်းရဖို့ထက် ဝမ်းစာရအောင်ပင် အတော်ကြိုးစားပြီးရှာဖွေကြရလေသည်။

တကယ်တော့ အာဟိုင်းရေကန်အတွင်းမှ ဘဝများသည် မဲခေါင်မြစ်၏အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေတော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

## ကတိပေး၍ ယူလိုက်ရသော ငှက်တစ်ကောင်

အာပယ်ိုင်းရေကန်သည် မဲပေါင်မြစ်၏ အဓိကကျသော ရေဝေ ကုန်းတန်းတစ်နေရာဖြစ်သလို ငှင်းရေကန်ပတ်ဝန်းကျင်မှာ ရှိကြသောရွာများမှ မှီခိုအားထားရသောနေရာတစ်ခုလည်း ဖြစ် ပေသည်။

အနီးတစ်ဝိုက်ရွာမှာနေကြသူများ၏ ဝမ်းစာအိုးကြီး ဆိုက လည်း မမှားပါချေ။

ထိုရွာများထဲမှာ မင်းဟမ်(Mengham) ရွာလည်း တစ်ရွာ အပါအဝင် ဖြစ်ပေသည်။

မင်းဟမ်ရွာသည် ရေကန်ကြီးအတွင်းမှာ တည်ထားသော ရေပေါ်ရွာတစ်ရွာပင် ဖြစ်လေသည်။





ထိုရွာမှာနေထိုင်ကြသူအများစုမှာ တရုတ်လူမျိုးများဖြစ်ကြ ပြီး အခြားလူမျိုးအချို့လည်း ရောနှောနေထိုင်ကြလေသည်။

ကမ်းစပ်တွင် ရေပေါ်အိမ်ကလေးများ ဆောက်လုပ်နေထိုင် ကြပြီး သွားလာရန်အတွက် လှေများကို အသုံးပြုကြလေသည်။ အိမ်ချင်းနီးသူများကတော့ တစ်အိမ်နှင့်တစ်အိမ်၊ တစ်နေရာနှင့် တစ်နေရာ ကူးရန်အတွက် တံတားများထိုးကာ ဆက်သွယ်ထား သည်။

အချို့ကလည်း လှေချင်းဆက်ကာ တံတားအဖြစ် အသုံးပြု ကြလေသည်။

ကလေးသူငယ်များတိုင်း ရေကူးကျွမ်းကျင်ကာ ရေမကြောက် ကြပေ။

ကလေးများမှာ ငယ်ရွယ်စဉ်ကပင် ရေကူးတတ်ရုံမက လှေ လှော်ရာမှာလည်း ကျွမ်းကျင်ကြလေသည်။

တစ်နေရာမှတစ်နေရာသို့ သွားလာရာတွင် အများနှင့်သွား လျှင် သစ်ထွင်းလှေများကို (သစ်လုံးကို လှေသဏ္ဌာန်ထွင်းထား သောလှေ)အသုံးပြု၍ သွားကြသည်။

တစ်ဦးချင်း တစ်ယောက်ချင်း သွားလျှင်တော့ ရေလုံသော ဇလုံကြီးများကိုစီးပြီး သွားလာကြသည်။

ဇလုံကြီးများထဲဝင်ကာ လှော်တက်ဖြင့်လှော်သွားခြင်း ဖြစ် သည်။



www.burmeseclassic.com

www.burmeseclassic.com



ဈေးအဖြစ် အသုံးပြုသောနေရာမှာလည်း လှေများပေါ်မှာပါလာသောပစ္စည်းများကို လှေချင်းဆက်ကာ ရောင်းချသော ရေပေါ်ဈေးဖြစ်သည်။

အချို့လှေများကတော့ လှော်တက်အတိုကိုမသုံးဘဲ ခြေထောက်ဖြင့်ချိတ်လှော်ရသော လှော်တက်အရှည်ကိုသာ အသုံးပြုကြရာ မြန်မာပြည်မှာရှိသော အင်းလေးဒေသနှင့် ခလှေချင်း များစွာတူလှပေသည်။

ကလေးများ ဆော့ကစားရာမှာတော့ မြေပြင်မရှိသဖြင့် ရေထဲမှာပင် ဇလုံကြီးများစီးကာ လှေလှော်ကစားကြရလေသည်။

မင်းဟန်ရွာမှာနေကြသူအများစုမှာ ငါးဖမ်းခြင်းအလုပ်ကိုသာ အများဆုံးလုပ်ပြီး အသက်မွေးကြလေသည်။ ငါးဖမ်းခြင်းအလုပ်ကို လုပ်ရာမှာလည်း အခြားနည်းလမ်းအမျိုးမျိုးကို အသုံးပြုခြင်းထက် တင်ကျီးငှက်ကိုအသုံးပြု၍ ငါးဖမ်းခြင်းကိုသာ အများစုက အသုံးပြုကြလေသည်။ တင်ကျီးငှက်ဖြင့် ငါးဖမ်းသောနည်းမှာ ငါးကြီးငါးကောင်းများ မရနိုင်စေကာမူ လူသက်သာပြီး ငါးဖမ်းကိရိယာလည်း ထွေထွေထူးထူး မလိုအပ်ပေ။ ပိုက်ချသူများနှင့် ငါးမျှားချိတ်အသုံးပြု၍ ငါးရှာသူများကတော့ ပိသာချိန်များသော ငါးကြီးငါးကောင်းများ ရနိုင်ကြသည်ဆိုစေကာမူ ပစ္စည်းကိရိယာ အသုံးပြုရရုံ ဘမက လူလည်း ပင်ပန်းလှသည်။

အချို့ အန္တရာယ်နှင့်တွေ့ကြုံရသည်များပင် ရှိကြသည်။





တင်ကျီးငှက်ကိုအသုံးပြု၍ ငါးရှာဖွေသောနည်းမှာ ငါးကြီးငါးကောင်းများ မရနိုင်စေကာမူ တင်ကျီးငှက်များဖမ်းလာသော ငါးများကိုတော့ ရနိုင်လေသည်။

ထိုငါးများမှာ အကောင်အရွယ်အစား မကြီးသော်လည်း အတော်အသင့်ကြီးသောငါးများကိုတော့ ဖမ်းဆီးရနိုင်လေသည်။ တံငါသည်များက အကောင်သေးသောငါးများကို တင်ကျီးငှက်များအတွက် အစာအဖြစ် ပြန်ကျွေးပြီး အကောင်ကြီးသောငါးများကိုတော့ စားရန်အတွက် ယူထားလေသည်။

ငါးများများရသောအခါ မိမိတို့အတွက် ဟင်းစာပိုသော ငါးများကို ရေပေါ်ဈေးသို့ သွားရောက်ရောင်းချကြလေသည်။ အချို့လည်း ပိုလျှံသောငါးတို့ကို မီးဖြင့်ကျပ်တိုက်၍ သော်လည်းကောင်း၊ နေဖြင့်အခြောက်လှန်း၍သော်လည်းကောင်း အခြောက်ပြုလုပ်ကာ ကြာရှည်ထား၍ရအောင် စီမံထားကြလေသည်။

တင်ကျီးငှက်ဖြင့် ငါးဖမ်းသူများမှာ ၎င်းတို့အသုံးပြုသော တင်ကျီးငှက် ငါးဖမ်းကျင်လည်မှုအပေါ်တွင် ငါးရရှိမှု ကွာခြားလေသည်။

ငါးဖမ်းကျွမ်းကျင်သော တင်ကျီးငှက်များကို ပိုင်ဆိုင်ထားသူများက ငါးများများရနိုင်ပြီး ငါးဖမ်းမကျင်လည်သော တင်ကျီးငှက်ကို ပိုင်ဆိုင်ထားသူများကတော့ ငါးရရှိမှု နည်းကြလေသည်။

မင်းဟမ်(Mengham)ရွာ၌ တင်ကျီးငှက်ဖြင့် ငါးဖမ်းသော



www.burmeseclassic.com

www.burmeseclassic.com



တံငါသည်များထဲတွင် 'ဟန်'ဟုအမည်ရှိသော လူတစ်ယောက်လည်း ပါဝင်လေသည်။

၎င်းသည် တရုတ်နှင့်မွန်ဂိုသွေး ရောနှောပါသူဖြစ်ကာ အသက် ၄၀ ကျော်အရွယ်ခန့် ရှိလေသည်။ ၎င်း၏ဇနီးဖြစ်သူမှာ အသက် ၃၀ ကျော်အရွယ်သာရှိသေးသော 'ကျန်စီ'ဆိုသော အမျိုးသမီးဖြစ်သည်။

၎င်းတို့လင်မယားတွင် အရွယ်မရောက်သေးသော သားတစ်ယောက်၊ သမီးတစ်ယောက်ရှိပြီး မိသားစုလေးယောက် ရှိလေသည်။

ဟန် မှာ ရိုးသားသူတစ်ယောက်ဖြစ်ပြီး စီးပွားရေးလုပ်ရာမှာလည်း တတ်ကျွမ်းသူမဟုတ်သဖြင့် ၎င်းတို့မိသားစုမှာ ဆင်းရဲကြသည်။

သူတို့လင်မယားနှင့် ကလေးနှစ်ယောက်မှာ အဝတ်တစ်ထည်ကိုယ်တစ်ခုသာ ရှိလေသည်။

ဟန် ရှာဖွေသောငါးမှာလည်း သူတို့မိသားစု စားသောက်ရုံသာရပြီး ပိုလျှံ၍ ရောင်းချရခြင်းမျိုး မရှိပေ။

ဟန် မှာ မိဘဘိုးဘွားလက်ထက်ကတည်းက သုံးစွဲခဲ့သော ငါးဖမ်းလှေတစ်စင်းရှိသည်။

ထိုလှေမှာ နှစ်ပေါင်းအတော်ကြာပြီဖြစ်သောကြောင့် ဟောင်းနွမ်းယိုယွင်းလျက် ရှိလေသည်။





သို့သော်လည်း လှေအသစ်မဝယ်နိုင်သောကြောင့် ထိုလှေဟောင်းကိုပင် ပြုပြင်ဖာထေးကာ အသုံးပြုနေရသည်။ ၎င်းမှာ ငါးဖမ်းပေးသော တင်ကျီးငှက်သုံးကောင်သာ ရှိလေသည်။

အချို့ငွေကြေးတတ်နိုင်သူများက ငါးဖမ်းကျွမ်းကျင်သော တင်ကျီးငှက်များကို ဝယ်ယူအသုံးပြုနိုင်ကြသောကြောင့် အကောင်ရေများစွာ ရှိကြသည်။ အနည်းဆုံးရှိသူပင် ငါးကောင်၊ ဆယ်ကောင်အထိ ရှိကြလေသည်။

ဟန် ကတော့ ငွေကြေးမတတ်နိုင်သောကြောင့် မူလကပင်ရှိခဲ့သော တင်ကျီးငှက်သုံးကောင်နှင့်ပင် ငါးရှာထွက်လေသည်။

ဟန် သည် ငါးဖမ်းခြင်းအလုပ်ဖြင့် အသက်မွေးနေရသော်လည်း ဘုရားတရားကို ယုံကြည်လေးစားသူတစ်ဦး ဖြစ်သည်။ ရေကန်အတွင်းရောက်သောအခါ ငါးဖမ်းသည့်အချိန်တွင် ငါးဖမ်းပြီး၊ ငါးမဖမ်းသောအချိန်တွင် လှေပေါ်မှာထိုင်ပြီး ဘုရားစာရွတ်ကာ ပုတီးစိပ်နေတတ်သည်။

ငါးရှာထွက်ရင်း ဘုရားစာရွတ်နေတတ်သော ဟန် ကို အခြားသူများက သဘောမကျကြပေ။

သူနှင့် အတူတွဲပြီး အလုပ်မလုပ်ချင်ကြပေ။ ၎င်းတို့နှင့်တွဲပြီး ငါးရှာလျှင် ငါးမရနိုင်ဟု ထင်နေကြသောကြောင့်ဖြစ်သည်။

သူကတော့ မသိရှာပေ။

အချို့ သူရောက်လာလျှင် မသိမသာဖြင့် အဝေးသို့ရှောင်



www.burmeseclassic.com

www.burmeseclassic.com



သွားကြသည်။

အချို့ကတော့ ရှောင်မသွားသော်လည်း ၄င်းတို့သဘောထားကို ပွင့်ပွင့်လင်းလင်းပြောကြလေသည်။

"ဟန် ‥ မင်းကိုတော့ ငါတို့က ခင်ပါတယ်ကွာ၊ ဒါပေမယ့် မင်းနဲ့တော့ အတူတူတွဲပြီး ငါးမရှာချင်ဘူး"

"ဘာဖြစ်လို့လဲကွ"

"မင်းက ငါးဖမ်းလာတဲ့အချိန်မှာ ပုတီးစိပ်ပြီး ဘုရားစာတွေ ရွတ်နေတော့ ငါး ဘယ်ရမှာလဲ"

"ငါက ကောင်းတာလုပ်နေတာပဲ"

ဟန် ကတော့ သူ့သဘောထားကို ရိုးရိုးပင်ပြန်ပြောလေသည်။

"ငါးဖမ်းတဲ့အလုပ်နဲ့ ဘုရားစာရွတ်တဲ့အလုပ်ဆိုတာ တခြားစီပဲလေ၊ မင်းက အချိန်ရှိသရွေ့ ဘုရားစာတွေရွတ်နေတော့ ငါးတွေ့ပေမယ့် နတ်မိစ္ဆာတွေက ဘယ်ကြိုက်ပါ့မလဲ၊ ဒါကြောင့် မင်း ငါးမရတာဖြစ်မှာပေါ့"

"ငါးများများမရတာက ငါးဖမ်းပေးမယ့် တင်ကျီးငှက်တွေ မရှိလို့ပါကွာ၊ တကယ်လို့ ငါးရှာပေးနိုင်တဲ့တင်ကျီးငှက်ရှိရင် မင်းတို့လိုပဲ ငါးများများရနိုင်မှာပေါ့၊ ဘုရားစာရွတ်တာကြောင့် မဟုတ်ပါဘူး"

"ဘာပဲဖြစ်ဖြစ် မင်းနဲ့အတူ ငါးဖမ်းရင် ငါတို့လဲ ငါးများများ မရဘူး၊ ဒါကြောင့် မင်းက တစ်နေရာမှာ သွားဖမ်းပေတော့"





ထိုသို့ပြောကြသဖြင့် နောက်ပိုင်းမှာတော့ ဟန် မှာ အခြားအဖော်များနှင့် အတူတူ ငါးမဖမ်းတော့ဘဲ တစ်ယောက်တည်း သီးခြားသွားရောက်ကာ ငါးရှာလေသည်။

သို့သော်လည်း ထုံးစံအတိုင်းပင် ဘယ်နေရာမှာပင်ရှာရှာ ငါးရှာပေးသော တင်ကျီးငှက်များက ငါးရအောင် ရှာမပေးနိုင်သောကြောင့် ငါးမရပေ။

သို့သော်လည်း ဟန် ကတော့ စိတ်မပျက်ပေ။

ငါးရှာချိန်မှာ ငါးရှာပြီး အားလပ်သောအချိန်တွင် ပုတီးစိပ်၍ ဘုရားစာရွတ်နေမြဲသည်။ ၄င်းအနေကတော့ ငါးရှာခြင်းနှင့် ဘုရားစာရွတ်ခြင်းကို မသက်ဆိုင်ဟု ယူဆထားလေသည်။

ငါးရှာဖွေခြင်းမှာ မိသားစုဝမ်းစာရေးအတွက်ဖြစ်ပြီး ဘုရားစာရွတ်ခြင်းမှာ စိတ်ချမ်းသာမှုအတွက်ဖြစ်သည်ဟုလည်း လက်ခံထားသူဖြစ်သည်။

တစ်နေ့သ၌ ညနေပိုင်းအချိန်တွင် ငါးဖမ်းထွက်ရန် အချိန်လိုသေးသောကြောင့် အရိပ်ကောင်းသောသစ်ပင်ကြီးအောက်မှာ လှေကပ်ထားပြီး ဘုရားစာများ တတွတ်တွတ် ရွတ်နေလေသည်။

လှေပေါ်မှာပါလာသော တင်ကျီးသုံးကောင်မှာလည်း လှေနံပေါ်မှာနားရင်း ငိုက်မျဉ်းနေကြလေသည်။

ညဦးပိုင်းအချိန်တွင် လှေပေါ်၌ မီးရောင်များထွန်းပြီး ငါးဖမ်းကြမည်ဖြစ်ရာ ယခုအချိန်တွင် ခေတ္တနားနေကြသောအချိန်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

မှောင်ရီသန်းစအချိန်တွင် အဝေးမှ လှေတစ်စင်းလှော်လာသည်ကို လှမ်းမြင်ရသည်။

ယခုလိုအချိန်မျိုးတွင် ကန်ကြီးထဲမှာ လှေတစ်စင်းတွေ့မြင်ရခြင်းမှာ အဆန်းတော့မဟုတ်ပေ။

ထိုလှေက ဟန် ၏လှေရှိရာသို့ တည့်တည့်မတ်မတ်ဦးတည်လာနေသည်ကတော့ အနည်းငယ် ထူးဆန်းသလိုရှိနေသည်။

ဟန့်အကြောင်းကို သိနေသူများကတော့ သူ့အနားကို ဘယ်သူမှ မလာချင်ကြပေ။ သူ့လှေကိုမြင်သည်နှင့်ပင် အဝေးကရှောင်သွားကြသည်။

ယခုလှေကတော့ ထိုသို့မဟုတ်ပေ။ သူ့လှေရှိရာသို့ ဦးတည်လာနေခြင်းဖြစ်၏။ လှေမှာ ပေါင်းမိုးတပ်ထားသောကြောင့် လှေထဲမှာ မည်သူမည်ဝါ ပါလာသည်ကို မမြင်ရသော်လည်း လှေပဲ့ပိုင်းမှလှော်လာသူကိုတော့ ကောင်းစွာမြင်နေရသည်။

နောက်မှလှေလှော်လာသူမှာ ဖျင်ကြမ်းအင်္ကျီနှင့် ဘောင်းဘီပွပွကို ဝတ်ထားပြီး ဦးခေါင်းပေါ်မှာ မေးသိုင်းကြိုးတပ်ထားသော မြက်ခမောက်တစ်လုံး ဆောင်းထားလေသည်။

မျက်နှာကို သဲသဲကွဲကွဲမမြင်ရသော်လည်း နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးအရှည်များရှိနေသည်ကိုတော့ တစ်စွန်းတစ်စတွေ့ရသည်။

ထိုလှေက သူ့အနီးသို့ရောက်သောအခါ လှေချင်းဘေးချင်း





ယှဉ်၍ရပ်လိုက်သည်။

ထိုအခါ အတွင်းမှ အဘိုးကြီးတစ်ယောက် ထွက်လာသည်။ တိဗက်ဘုန်းကြီးများဝတ်ဆင်သော ဝတ်ရုံရှည်ကြီးကို ဝတ်ဆင်ထားပြီး ဆွတ်ဆွတ်ဖြူနေသော နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးအရှည်များ ရှိသည်။

လှေဝမ်းအတွင်းမှ ခေါင်းငုံ့ထွက်လာပြီး အပြင်ရောက်တော့ တောင်ဝှေးကိုထောက်ပြီး ရပ်နေသည်။ ဟန် က ပုတီးကို အသာချပြီး အဘိုးကြီးကိုကြည့်သည်။

"မင်းမှာ ဟင်ကျီးငှက်ကောင်းကောင်းမရှိဘူး မဟုတ်လား"

ဟန် က ခေါင်းညိတ်ပြသည်။

"အခုဒီမှာ ငါးအရှာကောင်းတဲ့ တင်ကျီးငှက်ကောင်းကောင်း တစ်ကောင်လောက်ရရင် မလိုချင်ဘူးလား"

"လိုချင်တာပေါ့ အဘရယ်..၊ ဒါပေမယ့် ကျွန်တော်တို့က ဆင်းရဲတော့ ဝယ်စရာပိုက်ဆံ မရှိပါဘူး"

"ငါ့ဆီမှာ တင်ကျီးငှက်တစ်ကောင် ပါလာတယ်၊ ဒီငှက်က သိပ်ပြီး ငါးရှာကောင်းတယ်၊ တခြားငှက် လေးငါးကောင်ရှာတာ သူတစ်ကောင်တည်းရှာတာကို မမီဘူး"

ထိုစကားကြောင့် ဟန် က စိတ်ဝင်စားသည်။

"အခု အဲဒီတင်ကျီးငှက်က ဘယ်မှာလဲ"

"တစ်နေရာမှာရှိပါတယ်၊ မင်း ယူမလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လောက်ပေးရမလဲ"

"ငွေပေးစရာမလိုပါဘူး၊ ကတိပဲပေးရမှာပါ"

"ဘယ်လိုကတိမျိုးလဲ"

"အဲဒီတင်ကျီးငှက်ကို တစ်နှစ်ပဲခိုင်းခွင့်ရမယ်၊ တစ်နှစ်ပြည့်တဲ့နေ့မှာ သူ သွားလိုရာသွားဖို့ ခွင့်ပေးရမယ်"

ဟာန် က စကားအဓိပ္ပာယ်ကို နားမလည်သောကြောင့် မျက်လုံးအပြူးသားဖြင့် ကြည့်နေသည်။

"နောက်ပြီး သူရှာပေးလို့ ပိုက်ဆံများများရလာရင် ဟိုးမှာ လှမ်းမြင်နေရတဲ့တောင်အမြင့်ပေါ်မှာ ဘုရားကျောင်းဆောင်တစ်ခု ဆောက်ပေးရမယ်"

စာစာကပြောသောစကား၏ ဆိုလိုရင်းအဓိပ္ပာယ်ကို နားမလည်သည့်ကြားမှပင် ယခုပြောသောစကားကိုကြားသောအခါ ရယ်ချင်လာမိလေသည်။

စားစရာရဖို့ပင် အနိုင်နိုင်ရှာဖွေနေရသောကြောင့် နေအိမ်ပင် ကောင်းစွာမဆောက်နိုင်ပေ။

ထိုကြားထဲမှာမှ တင်ကျီးငှက်တစ်ကောင်ကို လက်ခံယူပြီး တစ်နှစ်အတွင်း ဘုရားကျောင်းတစ်ဆောင်ဆောက်ရမည်ဆိုသော စကားမှာ ရယ်စရာပင်ဖြစ်တော့သည်။

"ဖြစ်နိုင်မယ်မထင်ပါဘူးဗျာ"

"ဘာကြောင့် မဖြစ်နိုင်ရမှာလဲ"





"တင်ကျီးငှက်တစ်ကောင်ရဖို့တော့ ဘုရားကျောင်းဆောက်ပေးဖို့ တာဝန်မယူနိုင်ပါဘူး"

"မင်းက တာဝန်မယူချင်ရင်လဲ လုပ်ရမယ့်ကိစ္စရှိရင် လုပ်ပေးရမှာပဲ၊ အဲဒီတောင်ထိပ်ပေါ်မှာ ဘုရားကျောင်းဆောက်ဖို့ကိစ္စ မင်းပဲလုပ်ရမှာ"

"ငွေက ဘယ်လိုရမှာလဲ"

"တစ်နေ့ကျပေါ့ အလိုလိုရလာမှာပေါ့၊ အခု မင်းက ငွေကို လိုက်ရှာနေရတဲ့အချိန်မို့ သူ့ကိုမတွေ့ရတာ၊ သူက မင်းကို လိုက်ရှာလာတဲ့အချိန်မျိုးရောက်လာရင် မင်း ငွေတွေအများကြီးရလာလိမ့်မယ်"

"ပိုက်ဆံရရင်တော့ ဆောက်ပေးပါ့မယ်"

"ဒါဖြင့် ငါပေးတဲ့တင်ကျီးငှက်ကိုရော မင်း ယူမှာလား"

"အဘ ပေးမယ်ဆိုရင် ယူပါ့မယ်"

ထိုသို့ပြောလိုက်သည်နှင့် အဘိုးကြီးက ကန်ရေပြင်ရှိရာဘက်သို့ မျက်နှာမူပြီး လက်ခုပ်သုံးချက်တီးလိုက်လေသည်။

"ဖြောင်း .. ဖြောင်း .. ဖြောင်း"

တိတ်ဆိတ်ငြိမ်သက်နေသော ကန်ရေပြင်တစ်ဝိုက်မှာ လက်ခုပ်သံက ပဲ့တင်ထပ်သွားလေသည်။

အချိန်မှာ မှောင်ရီပျိုးစအချိန်ရောက်နေပြီဖြစ်သော်လည်း ကန်အတွင်း၌ အလင်းရောင်အချို့ ရှိနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟန် က နားမလည်သောအမူအရာဖြင့် ဟိုဟိုဒီဒီ ကြည့်ရာ အဝေးဆီမှပျံလာသောငှက်တစ်ကောင်ကို လှမ်းမြင်ရသည်။ ထိုငှက်မှာ တင်ကျီးငှက်တစ်ကောင်ဖြစ်ပြီး သူတို့လှေရှိရာသို့ ဦးတည်ပျံသန်းလာခြင်းဖြစ်သည်။

ထိုငှက် အနီးသို့ရောက်သော် အဘိုးကြီးက ဟန် ၏လှေကို လက်ညှိုးထိုးပြသောအခါ လှေနံပေါ်မှာ ဝင်နားလေသည်။ တင်ကျီးငှက်မှာ အကောင်အရွယ်ကြီးသဖြင့် ၎င်းနားလိုက်သောအရှိန်ကြောင့် လှေလှုပ်သွားရာ အခြားလှေနံတစ်ဖက်ပေါ်မှာ ငိုက်မျဉ်းနေကြသော တင်ကျီးငှက်သုံးကောင်ပင် လန့်သွားကြသည်။

ထိုတင်ကျီးငှက်ကြီးမှာ အကောင်အရွယ်အစားကြီးရုံသာမက အရောင်အသွေး စိုပြည်လှပသောငှက်တစ်ကောင်ပင် ဖြစ်ပေသည်။

ထိုတင်ကျီးငှက် လှေပေါ်ရောက်လာပြီးနောက်တွင် အဘိုးကြီးက ဟန် ကို နှုတ်ဆက်ပြီး ၎င်းလှေကို ပြန်ထွက်သွားလေတော့သည်။





## အခန်း (၅)

### တင်ကျီးငှက် "ပန်" နှင့် အိပ်မက်ဆန်း

ငါးဖမ်းသမား ဟန် က မမျှော်လင့်ဘဲရရှိခဲ့သော တင်ကျီးငှက်ကြီး၏အမည်ကို 'ပန်' ဟု ပေးထားလေသည်။

ထိုတင်ကျီးငှက်ကြီးရောက်လာပြီး နောက်ပိုင်းမှာတော့ သူ့ဘဝအတွက်လည်း အပြောင်းအလဲဖြစ်လာခဲ့လေသည်။

တင်ကျီးငှက် ပန်သည် ငါးရှာရာတွင် သူမတူအောင် ကျွမ်းကျင်လေသည်။

အခြားတင်ကျီးငှက်သုံးကောင်နှင့်အတူ ရေအောက်သို့ ဆင်းသွားလျှင် မကြာခင်မှာပင် ငါးရလာပြီး လှေပေါ်ပြန်လာပို့လေ့ရှိသည်။ ၎င်းက သုံးလေးကောင်ရပြီးတော့မှ အခြား တင်ကျီးငှက်များက တစ်ကောင်နှစ်ကောင်ရကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှပင် ငါးဖမ်းသမား ဟန် မှာ အဘိုးကြီးပြောသွားသောစကားများကို သဘောပေါက်သကဲ့သို့ ရှိလာလေသည်။

အဘယ်ကြောင့်ဆိုသော်...

တင်ကျီးငှက်ရပြီးမှ ငါးရှာထွက်ရာတွင် အရင်ရက်များနှင့်မတူဘဲ ငါးအမြောက်အမြားရလေရာ အိမ်မှာ စားသောက်ရုံသာမကဘဲ ရေပေါ်ဈေးသို့ပင် သွားရောက်ရောင်းချကြရာ ငွေပိုငွေလျှံကလေးများ ရကြလေသည်။

ငါးဖမ်းသမား ဟန်နှင့် ပေါင်းသင်းလာခဲ့ရာ သားသမီး နှစ်ယောက်ရလာသည်အထိ စားသောက်ဖို့ရသည်မှလွဲပြီး ယခုကဲ့သို့ ငွေပိုငွေလျှံမရခဲ့ဖူးပဲရှိရာ ယခုအခါမှပင် ငါးရောင်းရသောငွေကို သုံးရသဖြင့်လည်း ဇနီးဖြစ်သူ ကျန်စီမှာလည်း ဝမ်းမြောက်ဝမ်းသာဖြစ်နေရှာသည်။

"ရှင် အခုတစ်လော ငါးတွေအများကြီးရလာပါလား၊ ဘယ်လိုရတာလဲဟင်"

"တင်ကျီးငှက်တွေပဲ ရှာပေးတာပဲလေ"

"အရင်ကလဲ တင်ကျီးငှက်တွေနဲ့ပဲ ဖမ်းတာမဟုတ်ဘူးလား၊ တစ်ခါမှ ဒီလောက်များများ မရဖူးပါဘူး"

"အခု ငါးဖမ်းတဲ့တင်ကျီးက အရင်တင်ကျီးတွေနဲ့မတူဘူး၊ ဒါကြောင့် များများရတာ"

ဟန် က ထူးထူးဆန်းဆန်းရခဲ့သော တင်ကျီးငှက်အကြောင်း





ကို ဇနီးဖြစ်သူအား ပြန်ပြောပြလိုက်ရာ များစွာအံ့သြနေလေတော့သည်။

ထို့အတူ ရေပေါ်ဈေးမှ အခြားဈေးသည်များလည်း ငါးမရောင်းစဖူး ငါးလာရောင်းသော ကျန်စီ ကိုမြင်သောအခါ များစွာအံ့သြနေကြလေသည်။

"အလို .. ကျားသားမိုးကြိုး ကျန်စီတစ်ယောက် ငါးတွေဘာတွေ လာရောင်းနေပါလား၊ တခြားလူဆီက ဖောက်သည်ယူလာပြီး ရောင်းတာလား"

ဟု အထင်သေးသောအမူအရာဖြင့် မေးကြလေသည်။

"မဟုတ်ပါဘူး၊ အိမ်ကလူရှာလာတဲ့ငါးတွေပါ"

"အလို!.. ညည်းယောက်ျားရှာတဲ့ငါးတွေ ဟုတ်လား၊ ဟန်ရှာတဲ့ငါးတွေက ဒီလောက်များများရသတဲ့လား၊ ဟုတ်မှလဲပြောစမ်းပါ"

ထိုသို့ပြောသော်လည်း ကျန်စီ ကတော့ ပြုံးရုံသာပြုံးနေပြီး ဘာမှပြန်မပြောပေ။

နောက်ပိုင်းရက်များမှာတော့ ကျန်စီ ယူလာပြီးရောင်းသော ငါးများမှာ တစ်နေ့တခြား များလာသောကြောင့် ယခင်က အထင်မြင်သေးစကားပြောကြသူများပင် နောက်ထပ်မပြောဝံ့တော့ပေ။

သို့သော် ၎င်းတို့လင်သားများကိုတော့ အပြစ်တင်သည့် လေသံမျိုးဖြင့်ပြောကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"တော်တို့ အခုတစ်လော ငါးရတာ နည်းလှချည်လား"

"အရင်ကလဲ ဒီလောက်ပဲရနေတာပဲ"

"ဒါပေမယ့် ဟန် တစ်ယောက်ကတော့ ဘယ်နေရာမှာမျ ငါးကျင်းတွေ့ထားသလဲ မသိဘူး၊ မနက်ဆိုရင် သူ့မိန်းမ ငါးလ ရောင်းရင် ငါးတွေ အများကြီးရလာတာ တွေ့ရတယ်"

အစပိုင်းကတော့ ယောက်ျားများက မယုံကြည်ကြပေ။ နော ပိုင်း သူတို့မျက်စိနှင့်မြင်သောအခါမှ ယုံကြည်သွားကြလေတေ သည်။

သို့ကြောင့် ထိုအကြောင်းကိုသိချင်သောကြောင့် ယခင်က ဝိုင်းပယ်ထားသော ဟန် ကို သူတို့နှင့်အတူ ငါးရှာရန် ခေါ် လေသည်။

"ဟန် ရေ .. မင်းတစ်ယောက်တည်း ငါးရှာနေတာ မပျ ဘူးလား၊ ငါတို့နဲ့အတူတူ ပေါင်းပြီး ရှာပါလားကွာ"

"ရပါတယ်ဗျာ၊ ကျွန်တော်လာရင် ခင်ဗျားတို့အတွက် အနှော အယှက်ဖြစ်နေပါ့မယ်၊ ဝေးဝေးမှာပဲ တစ်ယောက်တည်းရှာပါရစေ"

"ဘာလဲ... မင်းက ငါးများများရှိတဲ့နေရာကို တွေ့ထား ငါတို့နဲ့အတူတူ ငါးမရှာချင်တာလား"

"မဟုတ်ပါဘူးဗျာ"

"ဒါထက် မင်း အခုတစ်လော ငါးတွေအများကြီးရနေတ ဆိုပါလား၊ ဘယ်လိုရှာလို့ရနေတာလဲ"





"ခင်ဗျားတို့လို တင်ကျီးငှက်နဲ့ပဲ ရှာတာပါပဲ"

ထိုသို့ပြောသော်လည်း ကျန်လူများက မယုံကြည်ကြပေ။ ဘယ်ကြောင့်ဆိုသော် ယခင်ကလည်း တင်ကျီးငှက်နှင့်ပင် ငါး ရှာ တစ်ခါမှ ထိုကဲ့သို့ ငါးများများ မရခဲ့သောကြောင့်ဖြစ်သည်။

"အရင် မင်းမှာ တင်ကျီးသုံးကောင်ပဲရှိတာ မဟုတ်လား၊ တစ်ကောင်တိုးလာပြီး လေးကောင်ဖြစ်နေပြီ၊ ဘယ်က တစ် ကောင် ထပ်ရထားတာလဲ"

"ဟိုဘက်ရွာက လူတစ်ယောက်ဆီကပါ"

ဟန် က ပြီးစလွယ်ဖြင့်သာ ပြန်ပြောလိုက်သည်။

"မင်း ရထားတဲ့တင်ကျီးငှက်က အကောင်လည်း အတော် ကြီးတယ်၊ လှလဲလှတယ်နော်"

ဟန် က ဘာမှပြန်မပြောပေ။

အခြားသူများက ၎င်းတို့နှင့်အတူတူ ငါးဖမ်းရန် ခေါ်သော် လည်း ဟန် က မသွားဘဲ ခါတိုင်းကဲ့သို့ပင် တစ်ယောက်တည်း သီးခြားနေရာမှာ ငါးရှာလေသည်။

အဘယ်ကြောင့်ဆိုလျှင် သူ့အနေနှင့် ဘယ်နေရာမှာပဲရှာရှာ ငါးများများရမည်ကို သိထားသောကြောင့်ဖြစ်လေသည်။

ထူးထူးခြားခြားရထားသော တင်ကျီးငှက်ကြီးကို 'ပန်' ဟု အမည်ပေးထားသည်။

ထိုတင်ကျီးငှက်မှာ အကောင်အရွယ်အစား ကြီးသလောက်



www.burmeseclassic.com

www.burmeseclassic.com



ငါးဖမ်းရာမှာ လျင်မြန်လှသည်။

ငါးဖမ်းမည့်နေရာရောက်သည်နှင့် သူက ဦးစွာ ရေထဲသို့ဆင်း သွားလေသည်။

ပန် က အရင်ဆင်းသွားတော့မှ လှေနံပေါ်မှာ ငိုက်မျဉ်းရင်း လိုက်လာသော အခြားသုံးကောင်က ရေထဲဆင်းကြသည်။ ခဏ ကြာသည်နှင့် ပန် က လှေပေါ်ပြန်ရောက်လာပြီး ဖမ်းမိလာသော ငါးကို ချပေးသည်။ ပြီးလျှင် ရေထဲပြန်ဆင်းသွားသည်။

တင်ကျီးငှက် ပန် က ငါးသုံး,လေးကောင်ရပြီးနေသည်အထိ အခြား တင်ကျီးငှက်များမှာ ငါးတစ်ကောင် ဖမ်းမိဖို့ အတော်ကြိုး စားနေကြရသည်။

ပထမပိုင်းမှာတော့ တင်ကျီးငှက် ပန် ၏လည်ပင်းမှာ ကြိုး ချည်ပေးလိုက်သည်။ နောက်ပိုင်းမှာတော့ ကြိုးမချည်ကော့ဘဲ ဒီအတိုင်းလွှတ်ပေးလိုက်သည်။

သို့သော်လည်း တင်ကျီးငှက် ပန် က ဖမ်းမိသောငါးကို မစားပေ။ လှေပေါ်ရောက်လာပြီးမှ ဟန် ကျွေးသောငါးကိုသာ စားလေသည်။

နောက်ပိုင်း ရက်ကြာလာသည်နှင့်အမျှ ဟန် တို့မိသားစုမှာ တစ်နေ့တခြား စီးပွားရေးအဆင်ပြေလာကြသည်။ ငါးရောင်းရ သောငွေများနှင့် အဝတ်အစား ဝယ်နိုင်သည်။ ကလေးများကို ကျောင်းပို့ပေးနိုင်သည်။ ယခင်က ယိုင်နဲ့နေသောတဲအိမ်ကလေး





ကိုလည်း ခိုင်ခိုင်မာမာဖြစ်အောင် ပြန်လည်ဆောက်နိုင်ကြသည်။

ဟန် ကတော့ တင်ကျီးငှက် ပန် ရောက်လာပြီး နောက်ပိုင်း တွင် ၎င်းတို့မိသားစုဘဝ ပြောင်းလဲလာခြင်းကြောင့် များစွာ ကျေးဇူးတင်နေသည်။ မိသားစုတစ်စုလုံးလည်း ဝမ်းသာနေကြ သည်။

တင်ကျီးငှက် ပန် အား သားသမီးတစ်ယောက်လို သော် လည်းကောင်း၊ ၎င်းတို့မိသားစု၏ ကယ်တင်ရှင်အဖြစ် သော် လည်းကောင်း သံယောဇဉ်ရှိကြလေသည်။

ဟန် ဆိုလျှင် တင်ကျီးငှက် ပန် ကို သားတစ်ယောက်လို ချစ်ခင်အားကိုးလေသည်။

ဒါတင်မကသေးဘဲ သူ့အနေနှင့် ပင်ပင်ပန်းပန်းရှာဖွေစရာ မလိုဘဲ ငါးများများရနေသောကြောင့် သက်သောင့်သက်သာဖြစ် ကာ ခါတိုင်းထက်ပင် ပိုပြီး ဘုရားစာများကို ရွတ်ဖတ်ဖြစ်လေသည်။

တစ်နေ့တွင် ဘုရားစာမရွတ်ဖြစ်ဘဲ လှေပေါ်မှာ အိပ်ပျော် သွားစဉ် တစ်စုံတစ်ယောက်က လာနှိုးသဖြင့် ပြန်နိုးလာသည်။ ကြည့်လိုက်တော့ လှေပေါ်မှာ ဘယ်သူမှမရှိပေ။ အခြား တင်ကျီး သုံးကောင်က အိပ်နေကြပြီး တင်ကျီးငှက် ပန် တစ်ကောင်သာ သူနှင့်မနီးမဝေးလှေနံပေါ်မှာ နားနေရင်းနှင့် သူ့ကိုကြည့်နေလေ သည်။

ဟန် လည်း လန့်နိုးလာသောကြောင့် ပြန်မအိပ်တော့ဘဲ ဘုရား



www.burmeseclassic.com

www.burmeseclassic.com



စာများ ရွတ်နေတော့သည်။

ထိုသို့ရွတ်နေရင်းမှပင် ဟာန် ၏အတွေးထဲမှာ မမျှော်လင့်ဘဲ အဘိုးကြီးတစ်ယောက်နှင့်တွေ့ခဲ့ရပုံကို ပြန်သတိရပြီး ထိုအဘိုးကြီး ပြောသွားသောစကားများကိုပါ ပြန်လည်သတိရနေသည်။

"ငါပေးတဲ့တင်ကျီးငှက်ကို မင်းအနေနဲ့ တစ်နှစ်ပဲ ခိုင်းရမယ်၊ တစ်နှစ်ပြည့်ရင် သူ့ကို ပြန်လွှတ်ပေးရမယ်၊ နောက်ပြီး သူ့ရှာပေးလို့ ပိုက်ဆံများများရလာရင် ဟိုးမှာလှမ်းမြင်နေရတဲ့ တောင်မြင့်ပေါ်မှာ ဘုရားကျောင်းတစ်ဆောင် ဆောက်ပေးရမယ်"

ဟူသောစကား ဖြစ်သည်။

ထိုစကားကို ပြန်သတိရသောအခါ စောစောက ပေါ့ပါးပျော်ရွှင်နေသောစိတ်မှာ လေးလံထိုင်းမှိုင်းသွားလေသည်။ အဘယ်ကြောင့်ဆိုသော် ...

ယခုအခြေအနေတွင် တင်ကျီးငှက် ပန် ၏ကျေးဇူးကြောင့် သူတို့မိသားစုအတွက် အဆင်ပြေလာသည်ဆိုသော်လည်း ကျောင်းတစ်ဆောင်ဆောက်နိုင်လောက်အောင်တော့ ငွေပိုငွေလျှံ မစုမိသေးပေ။

ရရစားစားဘဝမျိုးဖြစ်သောကြောင့် ဒီပုံအတိုင်းသွားပါက တစ်နှစ်ပြည့်သွားလျှင်လည်း ဘုရားကျောင်းတစ်ဆောင် ဆောက်လုပ်နိုင်မည်မထင်ပေ။

ထို့ထက်ပိုပြီး စိုးရိမ်စရာကောင်းသောအချက်ကတော့ တစ်





နှစ်ပြည့်သောအခါ တင်ကျီးငှက် ပန် ကို လွှတ်လပ်ခွင့်ပေးရမည်ဆိုသောအချက်ပင် ဖြစ်ပေသည်။

ဟာန့် အနေနှင့် ယခုအခါတွင် တင်ကျီးငှက် ပန် အပေါ်မှာ သားသမီးတစ်ယောက်ကဲ့သို့ သံယောဇဉ်တွယ်တာနေပြီဖြစ်သောကြောင့်ပင်ဖြစ်၏။

တင်ကျီးငှက် ပန် မရှိတော့လျှင်တော့ သူတို့မိသားစုဘဝမှာ ယခင်ဘဝဟောင်းအတိုင်း ပြန်ရောက်သွားကြမည်ကတော့ အသေအချာပင် ဖြစ်ပေသည်။

ထိုအကြောင်းများကို တွေးမိသောအခါ ဟာန် ခမျာ စိုးရိမ်သောကဖြစ်နေရတော့သည်။

တစ်ညမှာတော့ လှေဝမ်းထဲမှာ အိပ်ပျော်နေရင်း ထူးဆန်းသောအိပ်မက်တစ်ခုကို မြင်မက်လေသည်။

အိပ်မက်ထဲမှာ တစ်ကိုယ်လုံး အနက်ရောင်အဝတ်အစားများဝတ်ထားသော လူရွယ်တစ်ယောက်ကို တွေ့ရလေသည်။ ထိုလူရွယ်မှာ အသက် ၂၅ နှစ်အရွယ်ခန့်ရှိသော်လည်း တရုတ်လူမျိုးတစ်ဦးတော့ မဟုတ်ပေ။

ရုပ်ရည်က အရှေ့တိုင်းသားတစ်ဦး သွင်ပြင်မျိုးဖြစ်ပြီး အသားအရေက မဖြူမညိုဖြစ်သည်။

ဟာန် က တစ်ကြိမ်တစ်ခါမှ မမြင်ဖူးမတွေ့ဖူးသေးသော ထိုလူရွယ်ကို ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အနားရောက်လာတော့ ထိုလူရွယ်က ပြုံးပြသည်။

"မင်းက ဘယ်သူလဲ"

"ကျွန်တော့်ကိုတောင် မမှတ်မိတော့ဘူးလား၊ တင်ကျိုးငှက်ပန် လေ"

"ဟင်!..."

ဟန် ခမျာ များစွာအံ့သြသွားလေသည်။

သူ မွေးထားသော ပန် က တင်ကျိုးငှက်တစ်ကောင်ဖြစ်ပြီး ယခုတွေ့နေရသူက လူတစ်ယောက်ပင်ဖြစ်သည်။

"တင်ကျိုးငှက် ပန် က မင်းနဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

"တင်ကျိုးငှက် ပန် နဲ့ ကျွန်တော်နဲ့က အတူတူပါပဲ၊ ကျွန်တော့်နာမည်က နီမောင် လို့ ခေါ်ပါတယ်၊ မြန်မာလူမျိုးတစ်ယောက်ပါပဲ လူ့ဘဝတုန်းက ကျွန်တော်လဲ တံငါသည် တစ်ယောက်ပါပဲ၊ တစ်ပွဲစားမော်အောင်ပြီး ဘယ်နေရာမှာ ငါးရှိတယ်ဆိုတာကို သိနိုင်တာမျိုးပေါ့"

"ဟင်!..."

ထိုစကားကြောင့် ဟန် မှာ များစွာအံ့သြသွားလေသည်။

"လူ့ဘဝကနေ တင်ကျိုးငှက်ဘဝကို ဘယ်လိုရောက်လာခဲ့တာလဲဟင်"

"ဝဋ်ကြွေးတစ်ခု ပေးဆပ်စရာရှိလို့ ဒီဘဝကိုရောက်လာခဲ့တာပါ၊ ဒါပေမယ့် သိပ်တော့ ကြာကြာနေရမှာ မဟုတ်ပါဘူး၊ မကြာ





ခင် လူ့ဘဝကို ပြန်ပြီးလုပ်ရမယ့်ကိစ္စတွေကို လုပ်ရဦးမှာပါ"

"ငါ့ဆီမှာ တစ်နှစ်ပဲနေရမယ်ဆိုတာ အမှန်ပဲလားဟင်"

"အမှန်ပါပဲ"

"ဒီကပြီးရင် ဘယ်ဘဝကိုသွားရမှာလဲဟင်"

"လူ့ဘဝကိုပဲ ပြန်သွားရမှာပါ"

"တိရစ္ဆာန်ဘဝရောက်ပြီးမှ လူ့ဘဝပြန်သွားလို့ ရနိုင်ပါ့မလားဟင်"

"လူ့ဘဝနဲ့ တိရစ္ဆာန်ဘဝက နီးနီးလေးပါ၊ ရောက်နိုင်ခွင့်ရှိပါတယ်"

"အခု ဘာလာလုပ်တာလဲဟင်"

"ပြောစရာရှိလို့ပါ၊ ဒီရေကန်ကြီးရဲ့မြောက်ဘက်မှာ ကျောက်တောင်ကြီးတွေမိုးနေတဲ့ နေရာတစ်ခုရှိတယ်၊ အဲဒါ သိပါသလား"

"သိပါတယ်"

"အဲဒီနေရာရဲ့ ရေအောက်ကိုရော ရောက်ဖူးပါသလား"

"တစ်ခါမှမရောက်ဖူးပါဘူး"

"အဲဒီနေရာရဲ့ရေအောက်မှာ နစ်မြုပ်နေတဲ့ မြို့ဟောင်းကြီး တစ်ခု ရှိတယ်၊ ကျူကြီမြို့ဟောင်းလို့ ခေါ်ပါတယ်"

ထိုစကားကြောင့် ထပ်မံ အံ့သြရပြန်လေသည်။

ဟန့်တို့မိဘဘိုးဘွား အစဉ်အဆက် ပြောပြခဲ့သဖြင့် ကျူကြီမြို့ဟောင်းအကြောင်းကိုတော့ သိတန်သရွေ့ သိထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျူဂီမြို့ဟောင်းကြီးမှာ ရေးနှစ်ပေါင်း ၁၀၀၀ ကျော်အချိန်လောက်က ကြက်ပျံမကျ စည်ကားခဲ့သောနေရာတစ်ခုဖြစ်ပြီး ယဉ်ကျေးမှုနှင့် ဘာသာရေးထွန်းကားခဲ့သော နေရာတစ်ခုဖြစ်ကြောင်းဟော ကြားဖူးလေသည်။

"ခင်ဗျား ကျူဂီမြို့ဟောင်းရှိတဲ့နေရာကို ရောက်အောင် ကျွန်တော့်ကို ခေါ်သွားပေးပါ"

"အဲဒီနေရာကို ဘာကြောင့်သွားချင်တာလဲ"

"ခင်ဗျားကို ကျေးဇူးဆပ်ချင်လို့ပါ"

"အဲဒီနေရာက အန္တရာယ်တွေရှိတယ် မဟုတ်လား"

"ရှိပါတယ်၊ လောဘနဲ့ဆင်းရင်တော့ အန္တရာယ်နဲ့တွေ့နိုင်ပါတယ်"

"ရေအောက်မှာ ဘာတွေရှိသလဲ"

"တချို့နေရာတွေမှာ ရွှေငွေရတနာတွေ ရှိပါတယ်"

ထိုစကားကြားသောအခါ ဟာန် မှာ စိတ်ဝင်စားသွားလေသည်။

"မင်းက တစ်နှစ်ပြည့်ရင် ပြန်သွားတော့မှာဆိုတော့ ဘုရားကျောင်းဆောက်ဖို့ကိစ္စကို မင်း အကူအညီပေးနိုင်ပါ့မလား"

"ပေးပါ့မယ်"

"ဒါ့ထက် မင်းကိုခေါ်လာပေးတဲ့အဘိုးကြီးက ဘယ်သူလဲဟင်"





"ရေကန်စောင့်နတ်ကြီးပါ"

ဟု ပြောပြီး နီမောင် ဆိုသောလူရွယ်ကလေးက တရွေ့ရွေ့နှင့် ပြန်ထွက်သွားရာ ခဏကြာသောအခါ မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

ဟာန် မှာ ရုတ်တရက် အိပ်မက်မက်နေရာမှ လန့်နိုးလာပြီး နောက် နေရာမှ ထ,ထိုင်လိုက်သည်။

ထိုအချိန်တွင် သူနှင့်မနီးမဝေး လှေနံပေါ်မှာ နားနေသော တင်ကျီးငှက် ပန် က သူ့ကို စူးစူးစိုက်စိုက်ကြည့်နေသည်ကို တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

## ကွယ်ပျောက်သွားသော ကျောက်တာလားမြို့တော်

ယခု ရေးသားမည့်အခန်းတွင် ကျူဂီမြို့ဟောင်းအကြောင်းကို ကြိုတင်ဖော်ပြရန် အကြောင်းရှိပေသည်။

ကျူဂီမြို့ဟောင်းမှာ အာပဟိုင်းရေကန်ကြီး၏ မြောက်ဘက ယွန်းယွန်း၌ တည်ရှိလေသည်။

တိတိကျကျရေးသားရလျှင် အနောက်မြောက်ယွန်းယွန်းနေရာ၌ရှိသော ရှေးဟောင်းမြို့ကြီးတစ်မြို့ ဖြစ်ပေသည်။

ရှေးနှစ်ထောင်ပေါင်းများစွာကတည်းက တည်ရှိခဲ့သော မြို့ဟောင်းကြီးတစ်ခုလည်း ဖြစ်ပေသည်။

ထိုမြို့၏အနောက်မြောက်ဘက်တွင် တိဗက်တောင်တန်းကြီးများရှိပြီး အနောက်ဘက်တွင် ဟိမဝန္တာတောင်တန်းကြီး ရှိလေသည်။





အရှေ့အနောက် မိုင်ပေါင်းများစွာရှည်လျားသော ဟိမဝန္တာတောင်တန်းကြီးမှာ အရှေ့အရပ် ကျူဂီမြို့ဟောင်းရှိရာသို့ တောင်နှာမောင်းလျှောဆင်းလာပြီး အဆုံးသတ်သွားလေသည်။

အမှန်တော့ ကျူဂီသည် ဘာသာရေးနှင့်သက်ဆိုင်သော ကမ္ဘာကျော်တောင်တန်းကြီးများ ဝန်းရံထားသောနေရာတစ်ခု ဆိုက မမှားပေ။

ထိုမြို့မှာ ရှေးနှစ်ပေါင်းများစွာကတည်းက ဘာသာရေးနှင့် ယဉ်ကျေးမှုထွန်းကားခဲ့သောနေရာတစ်ခုလည်း ဖြစ်ပေသည်။

ရှေးနှစ်ပေါင်းများစွာကတော့ ကျူဂီမြို့ဟောင်းရှိသော နေရာတစ်ဝိုက်တွင် အခြားနေထိုင်မည့်သူများ မရှိကြသေးသောကြောင့် သီးခြားနေရာတစ်ခု ဖြစ်နေလေသည်။

အချို့ကလည်း ထိုနေရာသည် ဘာသာရေးနှင့်သက်ဆိုင်သော နေရာတစ်ခုဖြစ်သည်ဟု သတ်မှတ်ထားသည်။ အချို့ကလည်း လူအတော်များများ စိတ်ဝင်စားနေကြသော ရှမ်ဗဲလားဟု အမည်ပေးထား သတ်မှတ်ထားသောနေရာမှာ ထိုနေရာပင်ဖြစ်မည်ဟု ယူဆထားကြသည်။

တစ်ချိန်က ရှမ်ဗဲလားနှင့်ပတ်သက်သော နိုင်ငံခြားသားများသည် ရှမ်ဗဲလားရှာပုံတော်ဖွင့်ခဲ့ကြရာ ကျူဂီမြို့ဟောင်းနေရာသို့ ရောက်ခဲ့ကြသည်။

ထိုအထဲတွင် ဒေါက်တာလာအိုစင် ဆိုသောပုဂ္ဂိုလ်တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



လည်း အပါအဝင်ဖြစ်သည်။

ရှမ်ဗဲလားမြို့သား ဒေါက်တာလာအိုစင်(Dr.Lao-Sin)သည် ခေတ်အဆက်ဆက် ကြားနာခဲ့ရသော ရှမ်ဗဲလားဒဏ္ဍာရီများကို လေ့လာသည်။

သူ့အယူအဆအရဆိုလျှင် ရှမ်ဗဲလားသည် မလွဲမသွေ တိဗက် နယ်စပ်နှင့် ခွန်လွန်တောင်တော်မဟာအနီးတွင် ရှိရမည်ဟု ဆုံး ဖြတ်သည်။

အနောက်တိုင်းသားများ ရေးသားသည့် ခရီးသွားမှတ်တမ်းများ ရှမ်ဗဲလားအကြောင်း ဖော်ပြသည့် တိဗက်လမ်းညွှန်ကျမ်းများကို လည်း လေ့လာသည်။

တိဗက်နိုင်ငံ ရှိဂတ်ဆီမြို့အနီး တာရှိလန်ပို(Tashi Lhunpo) ဘုန်းတော်ကြီးကျောင်းတွင် ခရစ်နှစ် ၁၄၄၇ ခုနှစ်ခန့်က တွေ့ရှိ ရသော ရှမ်ဗဲလားလမ်းညွှန်ကျမ်းတို့ ပေါ်လာသည်။

ဟန်ဂေရီပြည်သား ကို(ခ)မာဒီတို့၏ တိဗက်ခရီးသွား မှတ် တမ်းတွင် 'ရှမ်ဗဲလားသည် လတ္တီတွဒ် ၄၅ နှင့် ၅၀ အတွင်း တိဗက်ပြည်(Dolpo)ဟူသောနေရာတွင် ရှိနိုင်သည်' ဟူသော အကြောင်းအချက်များကို ယုံကြည်လာခဲ့ပြီး ရှမ်ဗဲလား ရှာပုံတော် ဖွင့်ခဲ့သည်။

ဒေါက်တာလာအိုစင် ရှမ်ဗဲလားရှာပုံတော်ဖွင့်သောအချိန်သည် တရုတ်ပြည်တွင် မုန်တိုင်းထန်နေသည့်အချိန်ဖြစ်သည်။





မီးခိုး၊ ယမ်းငွေ့တွေ တလူလူတက်နေသည့် ရှန်ဟဲလမ်းများ ပေါ်တွင် လူသတ်ပွဲများ ကျင်းပနေခဲ့သည်။

ဂျပန်နယ်ချဲ့သမားကလည်း တရုတ်-ဂျပန်စစ်ကို အရှိန်မြှင့် ခဲ့လေပြီ။

နန်ကင်း၊ ပီကင်း၊ ရှန်ဟဲမြို့ ဆင်ခြေဖုံးများ၊ ပြည်နယ်များ တွင် တစ်ဗိုလ်တစ်မင်းဖြစ်နေသည့်အချိန်၌ ဒေါက်တာလာအိုစင် သည် ရှန်ဟဲမှ ထွက်လာခဲ့သည်။

ယန်စီမြစ်တစ်လျှောက် ဆန်တက်ခဲ့ပြီး စစ်ချွန်းပြည်နယ်ကို ဖြတ်ခဲ့ရသည်။

စစ်ချွန်းပြည်နယ် အနောက်ပိုင်းရှိ ရေခဲများ၊ နှင်းပွင့်များ ဖုံးလွှမ်းနေသည့် ပေ ၁၆၀၀၀ မြင့်သောတောင်ကြားများကို ဖြတ် ခဲ့ရသည်။

တောင်မြင့်ကြီးများကို တစ်တောင်ပြီးတစ်တောင် ကျော်လွှား ခဲ့ရသည်။

ဒေါက်တာလာအိုစင် ခရီးထွက်ခွာသည့်အချိန်မှာ မိုးရာသီ ရောက်ခဲ့ပြီဖြစ်သည်။

မိုးကလည်း အဆက်မပြတ်ရွာသည်။ လူသွားလမ်းသေးသေး တစ်လျှောက်တွင် ထူထဲသောချုံတွေက ပေါက်နေသည်။

ရာသီဥတုကလည်း ဆိုးရွားသည်။ အထမ်းသမားများက လည်း ဆက်လက်မလိုက်လို။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာလာအိုစင်က စိတ်ဓာတ်မကျ။ သူ မျှော်မှန်းသည့် သူတော်စင်တို့ တရားရှာမှီးသည့် စုံတောမြိုင် ရှမ်ဗဲလားကို မလွဲမသွေတွေ့ရမည်ဟု ယုံကြည်သည်။

ဤသို့ဖြင့် ယူနန် အနောက်ပိုင်းသို့ ရောက်လာသည်။

ယန်စီမြစ်ညာပိုင်းမှာ ရေစီး အလွန်သန်သည်။ အကွေ့အကောက်တွေ များသည်။

ကျောက်တောင်တွေကြားမှစီးဆင်းခဲ့ရခြင်းဖြစ်သဖြင့် ဖြတ်ကူးရန် အန္တရာယ်ကြီးမားသည်။

ဒေါက်လာအိုစင် ခရီးထွက်သည့်လမ်းမှာ ယခင် မဟာခရီးသည် ဗောဓိမွေ၊ အိန္ဒိယပြည်မှ တရုတ်ပြည်သို့ သာသနာပြုရန်ကြွရောက်ခဲ့သောလမ်း ဖြစ်သည်။

နီပေါပြည်နယ်စပ်မှ ရှိဂတ်ဆီသို့ ရောက်သည်။

ဒေါက်တာလာအိုစင်သည် နီပေါယောဂီတစ်ဦးနှင့် တွေ့ဆုံခဲ့ပြီး တိဗက်ပြည်တွင်းသို့ ခရီးဆက်လက်ထွက်ခွာခဲ့ရာ ထူးဆန်းသည့်တောင်ကြားသို့ ရောက်ရှိခဲ့၏။

ထိုတောင်ကြားတွင် ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ သီတင်းသုံးသောကျောင်းတစ်ကျောင်းကို တွေ့ရှိခဲ့ရသည်။

ထိုကျောင်းတွင်တွေ့ရသည့် အတွေ့အကြုံ ဆန်းပြားသည့် ဓာတ်ခွဲခန်း၊ စာကြည့်တိုက် အသုံးအဆောင်ပစ္စည်း စသည်တို့သည် ရှန်ဂရီလား(The Lost Horizon)တွင် တွေ့ရှိရသကဲ့သို့ဖြစ်





နေသည်ဟု ဆိုသည်။

ဘုန်းတော်ကြီးများမှာလည်း သက်တော်ဝါတော်တွေအတိုင်းမရှိဟု ဖော်ပြထားသဖြင့် "ရှမ်ဗဲလား"ဟူသော သူတော်စင်တို့ တရားဓမ္မရှာမှီးသည့်နေရာ ဖြစ်လေသလောဟု စဉ်းစားစရာ ဖြစ်လာသည်။

ဒေါက်တာ လာအိုစင်သည် ရှန်ဟဲသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီးနောက် ရှန်ဟဲမှ နာမည်ကျော် နေ့စဉ်ထုတ်သတင်းစာကြီး (Shanghai Times) တွင် သူ ရောက်ရှိခဲ့ရသည့် ရှမ်ဗဲလားသို့ သွားရောက်ခဲ့သည့် ခရီးစဉ်တစ်လျှောက် သူ့အခက်အခဲနှင့် သူ့အတွေ့အကြုံများကို အသေးစိတ် ဖော်ပြရေးသားခဲ့သည်။

ယင်းသတင်းစာကြီးပါ ဒေါက်တာလာအိုစင်၏ ရှမ်ဗဲလားရှာပုံတော်ကို အခြား သတင်းစာကြီးများကလည်း တရုတ်ဘာသာဖြင့် ရေးသားဖော်ပြခဲ့ကြ၏။

တရုတ်အပတ်စဉ်ထုတ် မဂ္ဂဇင်းကြီးဖြစ်သော (China Weekly Review) တွင် ဒေါက်တာလာအိုစင်၏ ရှမ်ဗဲလားရှာပုံတော်ဆောင်းပါးကို ဖော်ပြပေးခဲ့သဖြင့် ဒေါက်တာလာအိုစင်မှာ နာမည်ကျော်သွားခဲ့သည်။

ထိုစဉ်က တရုတ်ပြည်တွင် စစ်မီးကြီးကား တောက်လောက်လျက်ရှိနေပေသည်။

မီးခိုးနံ့၊ ယမ်းခိုးနံ့ ဝေနေသော တရုတ်ပြည်အဖို့ ဒေါက်တာ



www.burmeseclassic.com

www.burmeseclassic.com



လာအိုစင်၏ ရှမ်ဗဲလားရာပုံတော်ကို စိတ်မဝင်စားနိုင်တော့ပေ။

ဂျပန်နိုင်ငံကလည်း တရုတ်ပြည်တွင်း ကျူးကျော်ရေးစစ်ပွဲကြီး ဆင်နွှဲနေပြီဖြစ်သည်။

ဥရောပတိုက်တွင်လည်း ဒုတိယကမ္ဘာစစ်ကြီး၏ စစ်ရိပ်စစ်ငွေ့တွေ ယှက်သမ်းနေပြီဖြစ်ရကား လာအိုစင်၏ ရှမ်ဗဲလားရာပုံတော်ကို စစ်သတင်းတွေ၊ နိုင်ငံရေးသတင်းတွေက လွှမ်းမိုးသွားခဲ့လေသည်။

သို့သော် ဒေါက်တာလာအိုစင်ကို လေးစားသူ၊ ဒေါက်တာလာအိုစင်၏ ရှမ်ဗဲလားရာပုံတော်ကို မှန်ကန်သည်ဟု ယူဆသူ ပေါ်လာခဲ့သည်။

ထိုသူကား ရုရှားအမျိုးသားပန်းချီ အနုပညာရှင်နှင့် ဂမ္ဘီရပညာရှင်ကြီး နီကိုလပ်(စ)ရိုးရစ်(ချ) (Nicholas Roerich) ဖြစ်လေသည်။

ရိုးရစ်(ချ)သည် အိန္ဒိယနိုင်ငံသို့ ထွက်ခွာလာခဲ့ပြီး သူ့မိတ်ဆွေ နိုဗယ်ဆုရှင် ဘင်္ဂါလီစာဆိုကြီး တဂိုးနှင့်တွေ့ဆုံခဲ့ပြီး ဟိမဝန္တာတောင်တန်းဒေသသို့ ထွက်ခွာသည်။

သူ မျှော်လင့်ထားခဲ့သော သူကော်စင်တို့ တရားရှာမှီးသည့် ရှမ်ဗဲလားစုံကောမြိုင်သည် ဟိမဝန္တာတောင်တန်းနှင့် တိဗက်နယ်စပ်တွင် ရှိရမည်ဟု ယူဆသည်။

နီကိုလပ် ရိုးရစ်သည် စစ်ကင်၊ ပန်ဂျပ်၊ ကက်ရှမီးရား





လာဒက်(ခ)ကာရာကိုရမ်ခိုတန်၊ ကစ်(ရှ)ဂါ၊ အယ်လတိုင်တောင်တန်း၊ မွန်ဂိုလီးယား၊ ဂိုဘီသဲကန္တာရအထိ ရောက်ရှိသည်။

ရိုးရစ်၏ ရှမ်ဗဲလားရာပုံတော်သည် ၅ နှစ်တိတိကြာမြင့်ခဲ့၏။

ခရီးတစ်လျှောက်တွင် တရားဓမ္မရှာဖွေရင်း ပန်းချီကားပေါင်းများစွာ ရေးဆွဲခဲ့၏။

ဤခရီးမှ ပြန်လာခဲ့ပြီး အိန္ဒိယပြည်မြောက်ပိုင်း ကူလူတောင်ကြားတွင် အတည်တကျ နေထိုင်ကာ ရှမ်ဗဲလားစာအုပ်များကို ပြုစုခဲ့သည်။

တရားဓမ္မနှင့်နွှယ်သော ပန်းချီကားများ ရေးဆွဲခဲ့၏။

သူ ရေးသားပြုစုခဲ့သော ရှမ်ဗဲလား(Shambhala) ဟူသော စာအုပ်တွင် ဂမ္ဘီရပညာရှင်ကြီး ရိုးရစ်သည် ရှန်ဟဲတိုင်း(စ) (Shanhai Times) သတင်းစာကြီးတွင် အခန်းဆက်ခရီးသွားဆောင်းပါးရှည်ကြီးအဖြစ် ပါဝင်သည့် ဒေါက်တာလာအိုစင်၏ ဆောင်းပါးကို ကိုးကားဖော်ပြထားသည်။

ရိုးရစ်ကိုယ်တိုင် ရှမ်ဗဲလားကို ရောက်ခဲ့သည်ဟု ဂမ္ဘီရပညာရှင်အများက ယူဆခဲ့ကြသည်။

ရှမ်ဗဲလား ရာပုံတော် ဖွင့်ခဲ့သည့် ဒေါက်တာလာအိုစင်၏ ဆောင်းပါးကို ရိုးရစ်က ထောက်ခံသည်မှာ များစွာအံ့သြဖွယ်ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အရှေ့တိုင်းသားများတွင် ရှမ်ဗဲလားရှာပုံတော်ဖွင့်ခဲ့ကြသူများတွင် ဒေါက်တာလာအိုစင်ကား ချီးကျူးဖွယ်ရာပုဂ္ဂိုလ်တစ်ဦးဖြစ်ပေသည်။

ဒေါက်တာလာအိုစင်သည် ရှမ်ဗဲလားရှာပုံတော်ဖွင့်ခဲ့ရာမှ ကျူဂီမြို့ဟောင်းရှိရာသို့လည်း ရောက်ခဲ့သေးကြောင်း မှတ်တမ်းများက ဖော်ပြထားလေသည်။

တကယ်တော့ ကျူဂီမြို့ဟောင်းရှိစဉ်က ဆန်းကြယ်သော အဆောက်အအုံများလည်း ရှိလေသည်။

သာမန်လူတို့သည် ကျောက်သားနံရံများကို နေအိမ်သဖွယ် ပြုလုပ်ထားသောနေရာများမှာ နေထိုင်ကြကာ ဘာသာရေးနှင့် သက်ဆိုင်ပြီး တရားအားထုတ်နေသူများကတော့ သီးခြားနေကြလေသည်။

၄င်းတို့သည် ကျောက်တုံးများကို ကျောက်တလားပုံသဏ္ဍာန် ထွင်းထုထားပြီး အတွင်း၌ပင် နေကြလေသည်။

တရားအားထုတ်သောအခါ ထိုအတွင်းသို့ဝင်၍ လဲလျောင်းလိုက်ရာ အဖော်တစ်ယောက်က လေဝင်ပေါက်ဖောက်ထားသော ကျောက်အဖုံးဖြင့် ဖုံးပိတ်ပေးရသည်။

သူကိုယ်တိုင် ပြန်ဖွင့်ထွက်၍ မရတော့ပေ။ အဓိဋ္ဌာန်ပြုထားသော သတ်မှတ်ရက်ပြည့်သောအခါ အခြားအဖော်များက အဖုံးကို ဖွင့်ပေးကြရလေသည်။





ထိုသို့ပြုလုပ်ပုံမှာ တိဗက်ဘုန်းကြီးများ ဂူအောင်းသောဓလေ့နှင့် များစွာ တူလေသည်။

လာမာကျောင်းတိုက်တွင် တရားကျင့်သောပုဂ္ဂိုလ်နှစ်မျိုး ရှိသည်။

တစ်မျိုးမှာ အပေါင်းအဖော်များနှင့်အတူ နေရင်း ပညာခန်းတက်ကြပါသည်။ အောင်မြင်မှုလည်း ရပါသည်။

အချို့သောပုဂ္ဂိုလ်များကမူ တိတ်ဆိတ်ရာဒေသတွင် တစ်ယောက်တည်းကျင့်မှ အောင်မြင်မှုရကြပါသည်။

ဤသို့ တိတ်ဆိတ်မှုလိုသောပုဂ္ဂိုလ်များအတွက် လာမာကျောင်းတော်၏အစွန်အဖျားတွင် ကျောက်ဂူများ ရှိပါသည်။ ဂူအောင်းကျင့်လိုက ကျင့်နိုင်ပါသည်။

ကျောက်ဂူနံရံများမှာ ခြောက်ပေခန့်ထူပါသည်။ အပြင်မှ အသံများ ကျောက်ဂူထဲသို့ မဝင်နိုင်ပါ။

အကယ်၍ ရဟန်းတစ်ပါး သို့မဟုတ် လူတစ်ယောက်က ကျောက်ဂူအောင်းလိုပါက ထိုပုဂ္ဂိုလ်အား ကျောက်ဂူထဲသွင်းကာ နံရံကို အသေပိတ်လိုက်ပါသည်။

သို့ရာတွင် ဂူအောင်းရန်အတွက် မည်သူမျှမတိုက်တွန်းရပါ။ သူ့သဘောဆန္ဒအလျောက်သာ ဖြစ်ရပါသည်။

ကျောက်ဂူထဲတွင် အလင်းရောင် လုံးဝ မရှိပါ။ တစ်နေ့လျှင် တစ်ကြိမ်သာ အစားအစာကို အလင်းရောင်မဝင်နိုင်သောအပေါက်



www.burmeseclassic.com

www.burmeseclassic.com



မှ သွင်းပေးရပါသည်။ အစာသွင်းသောအပေါက်မှာလည်း အစာခွက်သွင်းသာရုံသာ ကျယ်ပါသည်။

ဤကျောက်ဂူထဲတွင် ပါရားကျင့်သောပုဂ္ဂိုလ်သည် သုံးနှစ် သုံးလ သုံးရက် နေရသည်။

တစ်ဦးတည်းနေ၍ သံသရာ၏ ဖြစ်တတ်ပျက်တတ်သည့် သဘောကို ဘာဝနာစီးဖြန်းရသည်။

သတ်မှတ်ထားသောနှစ်စေ့၍ ထွက်ခါနီး တစ်လလောက်အလိုတွင် ဂူအမိုးပေါ်မှ အလင်းရောင်မှိန်မှိန်ဝင်နိုင်ရန် အပေါက်သေးသေးဖောက်ပေးရသည်။

အမှောင်ထဲတွင် ရက်ပေါင်းများစွာ နေထိုင်လာပြီးနောက် အလင်းရောင်ထဲကို ရုတ်တရက်ထွက်လျှင် မျက်စေ့ကန်းတတ်သည်။

အချို့သောပုဂ္ဂိုလ်များသည် နှစ်စေ့၍ ထွက်လာသော်လည်း တစ်သက်လုံးပင် ဂူထဲ၌နေချင်သည်ဆိုကာ ကျောက်ဂူထဲသို့ ပြန်၍ဝင်သွားတတ်ပါသည်။

ကျောက်ဂူအောင်းခြင်း၏အကျိုးအာနိသင်မှာ ခန္ဓာကိုယ်ကို ထိန်းချုပ်ထားခြင်းကြောင့် စိတ်ကို စကြဝဠာသို့လွှတ်၍ လည်ပတ်နိုင်ပါသည်။

ဝေ့းတောကြံဆချက် ဆိုသည်မှာ လူပ်ရှားမှုအင်အားကို အခိုင်အခံ့လုပ်ထားခြင်းသာဖြစ်သည်။





စိတ်တန်ခိုး ပြင်းထန်ခဲ့လျှင်မူ ရုပ်ဝတ္ထုကို လှုပ်ရှားစေနိုင်ပါသည်။

တစ်ဖန် စိတ်ကို ထိန်းချုပ်ထားနိုင်သော တန်ခိုးရလာလျှင်မူ အခြား အရပ်တစ်ပါးမှလူနှင့် စိတ်ချင်း စကားပြောနိုင်ပါသည်။

ကျူငီမြို့ဟောင်းမှ တရားကျင့်သူများမှာလည်း အထက်ပါဖော်ပြသည့်အတိုင်း ဂူအောင်းရသေ့များနှင့် များစွာတူလှပေသည်။

အလျား ၄ ပေ၊ အနံ ၆ ပေခန့်ရှိသော ကျောက်တလားကြီးများအတွင်းသို့ ဝင်ရောက်ကာ တရားအားထုတ်ကြလေသည်။

ခုနစ်ရက်၊ တစ်လ၊ ခြောက်လ၊ တစ်နှစ်၊ နှစ်နှစ်မှ အဆင့်ဆင့်တိုး၍အားထုတ်ကြရာ အချို့ ခုနစ်နှစ်အထိ ကြာမြင့်ကြသည်။

အချို့လည်း ထိုကျောက်တလားကြီးများအတွင်း၌ ရာသက်ပန်နေသွားကြလေသည်။

ကျောက်တလားအတွင်း အဓိဋ္ဌာန်ဝင်မည့်သူက ဘယ်နေ့ ဘယ်ရက်တွင် ပြန်ဖွင့်ပါဟု မှာထားခဲ့မှ ကျန်သူများက ကျောက်တလားအဖုံးကို ဖွင့်ပေးခွင့်ရှိကြသည်။ မမှာခဲ့ပါက ကိုယ့်သဘောနှင့်ကိုယ် ဖွင့်ခွင့်မရှိကြပေ။

အကယ်၍ မှာမထားဘဲဖွင့်မိပါက တရားအားထုတ်နေသူကို အနှောင့်အယှက်ပေးသည်ကြောင့် အပြစ်ကြီးသည်ဟုလည်း ယူဆထားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ အတွင်းဝင်သွားသူက ဘယ်နေ့ဘယ်ရက်၌ ဖွင့်ပါဟု မှာထားခဲ့လျှင် ဖွင့်မည့်အချိန်ကို မှောင်သောညအချိန်ကိုပင် ရွေးကြရသည်။

အလင်းရောင်ရှိသောအချိန်မှာ ဖွင့်မိပါက အလင်းရောင်ကြောင့် မျက်စိကွယ်နိုင်သောကြောင့်ဖြစ်သည်။

ကျူဂီမြို့၌ တိဗက်နှင့် တရုတ်လူမျိုးများ အများစုနေကြပြီး တရားကျင့်ကြံအားထုတ်သူတိုင်း ကျောက်တလားကြီးများအတွင်းသို့ဝင်ပြီး အားထုတ်ကြလေသည်။

(၎င်းတို့ယူဆထားချက်- လူသေထည့်သော ခေါင်းတလားများနှင့် ပုံသဏ္ဌာန်တူသည့် ကျောက်တလားကြီးများအတွင်းသို့ဝင်ပြီး တရားအားထုတ်ပါက ပိုမိုလျင်မြန်စွာ တရားရလွယ်သည်ဟု ယူဆထားသောကြောင့်ဖြစ်သည်။)

ထိုကျောက်တလားကြီးများကို အကြောင်းပြုပြီး အချို့က လည်း ကျောက်တလားမြို့တော်ဟု ခေါ်ကြလေသည်။

ရှေးအခါက ထိုမြို့တွင် ယုံကြည်ကိုးကွယ်မှုအမျိုးမျိုး ရှိခဲ့လေသည်။

ထေရဝါဒဗုဒ္ဓဘာသာ၊ မဟာယာန၊ နတ်ကိုးကွယ်မှု၊ နဂါးကိုးကွယ်မှု အမျိုးမျိုးရှိခဲ့ကြသည်။

နဂါးကို ယုံကြည်ကိုးကွယ်သူများက ၎င်းတို့နေထိုင်ရာ အဆောက်အအုံနှင့် ဘုရားကျောင်း အဆောက်အအုံများတွင်





ကျောက်နဂါးရုပ်ကြီးများ ထုလုပ် ကိုးကွယ်ကြသည်။

ကျူဂီမြို့သည် ဗုဒ္ဓဘာသာကိုးကွယ်သူ များသော်လည်း နောက်ပိုင်းကာလများသို့ ရောက်သောအခါ နတ်ကိုးကွယ်မှုနှင့် နဂါးကိုးကွယ်မှုများ ပိုမိုများပြားလာကာ အယူဝါဒလည်း ကွဲပြားလာလေတော့သည်။

နောက်ပိုင်းခေတ်ပျက်လာသောအခါ မကောင်းမှုဒုစရိုက်များ ပိုမိုများပြားလာပြီး သူတော်ကောင်းများလည်း မနေနိုင်ကြတော့ဘဲ အချို့လည်း တိဗက်တောင်တန်းများဆီသို့ သွားကြသည်။

အချို့က ခွန်လွန်တောင်တန်းများပေါ်သို့ သွားကြသည်။ အချို့ကတော့ ဟိမဝန္တာတောင်တန်းများရှိရာသို့ ရွှေ့ပြောင်းသွားကြလေသည်။

ကျူဂီမြို့မှာတော့ နတ်ကိုးကွယ်သူ၊ နဂါးကိုးကွယ်သူ အများစုသာကျန်ရစ်ခဲ့ကြသည်။

နောက်ပိုင်း အကျင့်ပျက်သူများလာသောအခါ မြို့ကို စောင့်ရှောက်ပေးနေကြသော နတ်ဒေဝတာတို့က ဒေါသထွက်ပြီး ကျူဂီမြို့ကြီးကို ဖျက်ဆီးလိုက်လေတော့သည်။ ဖျက်ဆီးပုံမှာ ဤသို့ဖြစ်ပေသည်။

အင်အားပြင်းထန်သော ငလျင်ကြီးလှုပ်သောကြောင့် ကျူဂီမြို့တည်ထားသော ကျောက်တောင်ကြီးတစ်ခုလုံး စေ့စေ့ညက်ညက်ကြေကာ ရေအောက်သို့ ပြိုကျသွားခဲ့ခြင်းပင်ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



လျှပ်တစ်ပြက်အချိန်အတွင်းမှာ အလွန်နက်ရှိုင်းသော ရေအောက်သို့ ရောက်သွားကြရုံမက အပေါ်မှကျောက်တုံးကျောက်ခဲများကပါ ဖုံးအုပ်ချလိုက်သောကြောင့် ဘယ်လိုမှလွတ်လမ်းမရှိကြတော့ဘဲ တစ်မြို့လုံး သေကြေပျက်စီးသွားကြခြင်းပင် ဖြစ်ပေသည်။

ထိုအချိန်မှစပြီး လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ကျော်ခန့်က ထင်ရှားခဲ့သော ကျူဂီ သို့မဟုတ် ကျောက်တလားမြို့တော်ကြီးမှာ ကမ္ဘာမြေပြင်ပေါ်မှ အပြီးတိုင် ကွယ်ပျောက်သွားခဲ့လေတော့သည်။





## အခန်း (၇)

### ကျူဂီမြို့ဟောင်းမှ ငွေဒင်္ဂါးများ

ကျူဂီမြို့ဟောင်းကြီး ကွယ်ပျောက်သွားခဲ့သည်မှာ နှစ်ပေါင်းအတော်ကြာခဲ့ချေပြီ။ သို့သော် ၎င်း၏ပုံရိပ်များကတော့ ယခုထက်တိုင် ရှိနေဆဲပင် ရှိသေး၏။

ထိုနေရာသို့ တစ်ခါတစ်ရံ ငါးဖမ်းရန်ရောက်လာကြသူများမှာ ထူးဆန်းသောမြင်ကွင်းများကို မြင်တွေ့ကြရသည်။ ညအချိန်ရောက်လာသောအခါ ကျောက်နံရံများရှိသော ကမ်းခြေတစ်ဝိုက်တွင် မီးရောင်များမြင်တွေ့ရခြင်း၊ လူရိပ်များမြင်တွေ့ရခြင်း၊ အချင်းချင်း စကားပြောသံများကြားရခြင်း၊ ရေပြင်ပေါ်မှာ ကူးခပ်သွားလာနေသော ကျောက်နဂါးကြီးများ၊ တစ်ခါတစ်ရံလည်း ထူးထူးဆန်းဆန်းဆိုသလိုပင် ရေပြင်ပေါ်မှာ လှေတစ်စင်းကဲ့သို့ မျောပါနေသော ကျောက်တလားကြီးများကို တွေ့မြင်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



အချို့သူများမှာ ကျောက်တလားကြီးများထဲတွင် ပါလာသော တရားအားထုတ်နေသော သူတော်စင်ကြီးများကိုပင် တွေ့မြင်ကြရသည်။ အချို့လောဘသားများကတော့ ကျူဂီမြို့ဟောင်းနှင့်အတူ ပါသွားသော ရွှေငွေရတနာများကို ရှာဖွေယူကြရန် ကြိုးစားကြလေသည်။

သို့သော်လည်း ရတနာပစ္စည်းဟူ၍ ဒင်္ဂါးတစ်ပြားပင်မတွေ့ကြရဘဲ ဘေးအန္တရာယ်အမျိုးမျိုးနှင့်တွေ့ကာ အသက်သေဆုံးကြရလေသည်။

အာပိုင်းရေကန်ကြီးအတွင်း၌ ငါးရှာကြသောတံငါသည်များကတော့ ကျူဂီမြို့ဟောင်းရှိသောနေရာဘက်သို့ မသွားဝံ့ကြပေ။

ထိုနေရာသို့သွားရောက်လျှင် ငါးမရဘဲ အန္တရာယ်နှင့်တွေ့ရလိမ့်မည်ဟု ယုံကြည်ထားကြသောကြောင့် ဝေးဝေးမှရှောင်ကြလေသည်။

အချို့တံငါသည်များကတော့ ရေအောက်၌ နစ်မြုပ်နေသော ကျောက်တုံး ကျောက်ဆောင်များကြား၌ သော်လည်းကောင်း၊ လိုဏ်ခေါင်းများ၊ ဂူပေါက်များအတွင်း၌ သော်လည်းကောင်း ပိဿာချိန်များသောငါး ငါးခူကြီးများ အစုလိုက်အပြုံလိုက်ရှိနေကြသည်ဟု ထင်ထားကြသည်။

ထိုကျောက်ဂူများအတွင်းမှာရှိသော ငါးခူကြီးများမှာ ပေါင်ချိန် ငါးရာ ခြောက်ရာကျော်အထိ အလေးချိန်စီးသော ငါးခူကြီးများ





ဖြစ်ကြလေသည်။

အချို့လည်း ထိုငါးကြီးများကို လိုချင်သောကြောင့် အရဲစွန့်၍ သွားကာ ဖမ်းဆီးရန်ကြိုးစားကြသည်။ အချို့ကား ပိုက်များချ၍ သော်လည်းကောင်း၊ အချို့က ငါးမျှားတန်းများချ၍ သော်လည်းကောင်း ကြိုးစားကြသည်။

တစ်ခါကတော့ ငါးဖမ်းသမားတစ်ဦး ကြုံတွေ့ရသောအဖြစ်အပျက်မှာ ရယ်စရာလည်းကောင်း၊ ထိတ်လန့်စရာလည်းကောင်း လှပေသည်။ ငါးကြီးများလိုချင်သောကြောင့် ညအချိန်တွင် ထိုနေရာသို့ တစ်ဦးတည်းသွားကာ ငါးမျှားတန်းချလေသည်။

သူသည် အတန်အသင့် သတ္တိကောင်းသည်က တစ်ကြောင်း၊ လောဘစိတ်ကလည်း များပြားနေသောကြောင့် ဘေးအန္တရာယ်ကိုပင် ဂရုမစိုက်နိုင်တော့ဘဲ ထိုကဲ့သို့ အရဲစွန့်ကာ သွားရောက်လုပ်ကိုင်ခြင်း ဖြစ်သည်။

ငါးမျှားတန်းများချထားပြီး ခေတ္တနားနေစဉ်မှာ ငါးမျှားတန်းတွင် ငါးမိနေသော အချက်ပေးသံကြားရသဖြင့် ဝမ်းသာအားရနှင့် ငါးမျှားကြိုးကိုဆွဲတင်လေသည်။ ထိုကဲ့သို့ ကြိုးကိုဆွဲတင်နေစဉ် ရေအောက်မှ ငါး၏ရုန်းကန်မှုကြောင့် ငါးမျှားကြိုးများ လှုပ်ခါနေသည်ကိုပါ သတိပြုမိသည်။

ရုန်းကန်အားများသောကြောင့် ပိဿာချိန် အတော်များသော ငါးကြီးမိနေပြီဟုလည်းထင်မိလေသည်။



www.burmeseclassic.com

ငါးမျှားကြိုးက ရေပေါ်ရောက်ခါနီးအချိန့်အထိ လှုပ်ယမ်းနေသည်။ ရေပေါ်ရောက်လာတော့မှ သူထင်သလိုမဟုတ်မှန်း သိရတော့သည်။

ငါးမျှားချိတ်မှာပါလာသောအရာမှာ ငါးတစ်ကောင်တော့မဟုတ်ပေ။ ပထမ ဇဝေဇဝါဖြစ်နေသောကြောင့် မီးရောင်ဖြင့်သေချာအောင်ထိုးကြည့်သည်။ ငါးမျှားချိတ်မှာပါလာသောအရာမှာ အရိုးကျနေပြီဖြစ်သော ငါးတစ်ကောင်ပင်ဖြစ်၏။

ထိုငါးမှာ တစ်ကောင်လုံး အရိုးကျနေပြီဖြစ်သော်လည်း ငါးအရှင်တစ်ကောင်ကဲ့သို့ ရုန်းကန်လှုပ်ရှားနေလေတော့သည်။

"ဟာ!..."

တံငါသည်မှာ ဒီတော့မှ သဘောပေါက်သွားပြီး ငါးမျှားချိတ်မှာမိနေသောငါးအရိုးစုကို ကြောက်ကြောက်လန့်လန့်ဖြင့် လှော်တက်ဖြင့် ရိုက်ချလိုက်တော့မှ ပြုတ်ကျသွားလေတော့သည်။

"ဘယ်ကငါးရိုးက မျှားချိတ်ပါလာသလဲ မသိဘူး"

ဟုရေရွတ်ရင်းနှင့် နောက်တစ်ကြိမ် ငါးမျှားတန်း ပြန်ချပြန်လေသည်။ အချိန်ကလည်း တဖြည်းဖြည်းနှင့် ညဉ့်ဦးပိုင်းအချိန်ကျော်လွန်လာခဲ့လေပြီ။ အတန်ကြာသောအခါ နောက်တစ်ကြိမ်အချက်ပေးသံကြားရပြန်သည်။

ဒီတစ်ကြိမ်မှာတော့ ငါးများများမိနေဟန်ရှိသည်။ ငါးမျှားကြိုးများက သွက်သွက်ခါအောင်လှုပ်ယမ်းနေလေသည်။





"ဒီတစ်ခါတော့ ဟန်ကျပြီ"

ဒီတစ်ကြိမ်မှာလည်း ငါးမျှားချိတ်မှာ ပါလာသောအရာမှာ ငါးမဟုတ်ပြန်ပေ။ ငါးမျှားများတွင် လူအရိုးခေါင်းလေးငါးလုံး ချိတ်ပါလာခြင်းဖြစ်သည်။

အရိုးခေါင်းများမှာ ငါးမျှားပါးဟက်ဖြင့် အသက်ရှူနေသကဲ့သို့ ပါးစပ်များ ဟစိဟစိနှင့်ရှိနေကြရာ အလန့်တကြားနှင့် ပြန်လွှတ်ချလိုက်လေသည်။

ဒီတစ်ကြိမ်မှာတော့ တံငါသည်ခမျာ သတ္တိမကောင်းနိုင်တော့ပေ။ ငါးမျှားကြိုးများကိုပင် ပြန်မသိမ်းနိုင်တော့ဘဲ ဒီအတိုင်းထားခဲ့ပြီး နောက် ထိုနေရာမှ ထွက်ပြေးရလေတော့သည်။

ကျူဂီမြို့ဟောင်းရှိသောနေရာမှာ ထိုကဲ့သို့သော ကြောက်လန့်ဖွယ်ရာအဖြစ်မျိုးနှင့် မကြာခဏတွေ့ကြုံရသောကြောင့် အရဲစွန့်ပြီး မသွားဝံ့တော့ပေ။ တံငါသည် ဟန် မှာ ထူးဆန်းသောအိပ်မက်မြင်မက်ပြီး နောက် စိတ်ထဲမှာ ချီတုံချတုံဖြစ်နေလေသည်။

အိပ်မက်ထဲမှာ တင်ကျိုးငှက် ပန် ကို ဝင်စားသည်ဆိုသော နှမောင် ဆိုသောလူရွယ် ပြောပြသွားသောအကြောင်းအရာများကသူ့အတွက် စိတ်ဝင်စားစရာဖြစ်နေသည်။

ထိုအိပ်မက်အကြောင်းကို ဇနီးဖြစ်သူ ကျန်စီ ကို ပြောပြသောအခါ သူမကလည်း စိတ်ဝင်စားလေသည်။

"ရှင်က ဘုရားစာ တရားစာတွေ အမြဲရွတ်နေတဲ့သူဆိုတော့

www.burmeseclassic.com



ရေကန်စောင့်နတ်မင်းတွေက အကူအညီပေးတာလဲဖြစ်ချင်ဖြစ်မှာပေါ့''

''ရေကန်ထဲမှာ ရွှေငွေတွေ တကယ်ရှိပါ့မလား''

''ရှိတယ်လို့တော့ လူကြီးသူမတွေပြောသံကြားဖူးတာပဲ၊ ဟိုယန်းနန်မြို့ဘက်မှာနေတဲ့သူဌေးလောချန်တို့ဆိုရင် မကြာခဏ ဒီရေကန်ကြီးထဲလာပြီး ရွှေငွေရတနာတွေရှာနေကြတာ မဟုတ်လား''

''ဟုတ်တော့ဟုတ်တယ်၊ ဒါပေမယ့် တစ်ခါမှတော့ ရွှေငွေရတယ်လို့ မကြားမိသေးပါဘူး၊ အန္တရာယ်နဲ့တွေ့လို့ ပြန်ပြေးကြရတယ်လို့သာကြားရတယ်''

''ဒါပေမယ့် ရှင် ကျရင်တော့ အန္တရာယ်နဲ့တွေ့ချင်မှတွေ့မှာပေါ့၊ အခုအတိုင်းကတော့ ရှင်ဆောက်ချင်တဲ့ဘုရားကျောင်းဆောင် ဆောက်နိုင်မှာမဟုတ်ဘူး၊ အိပ်မက်ထဲမှာ သူပြောသွားသလို ရရင်တော့ ဆောက်ဖြစ်မယ်မဟုတ်လား''

ဟု ဇနီးဖြစ်သူက အားပေးတိုက်တွန်းသဖြင့် ထိုနေရာသို့ သွားရန် ဆုံးဖြတ်လိုက်လေသည်။ သို့သော် ချက်ချင်းတော့မသွားဖြစ်သေးပေ။ ထိုရက်ထဲမှာ ယခင်မက်သည့်အိပ်မက်မျိုး နောက်တစ်ကြိမ် မက်တော့မှသွားဖြစ်လေတော့သည်။

တကယ်တော့ ထိုနေရာမျိုးကို အိပ်မက်မက်၍သာ သွားရသော်လည်း စိတ်ထဲမှ ခပ်လန့်လန့်ဖြစ်နေလေသည်။ တင်ကျိုးငှက် ပန်၏အမူအရာကတော့ ထိုနေရာသို့သွားရမည်ဆိုသော





ကြောင့် တက်ကြွနေဟန်ရှိလေသည်။ ကန်အတွင်းမှာရှိသောမနေရာပင် ဖြစ်လင့်ကစား အချိန်အတော်ကြာအောင်သွားရလေသည်။

ကျူဂိမြို့ဟောင်းရှိသောနေရာမှာ မြောက်ဘက်ယွန်းယွန်းကမ်းခြေ၌ပင်ဖြစ်၏။ ထိုနေရာရောက်သောအခါ ရေပြင်ပေါ်သို့ ထိုးထွက်နေသော ကျောက်ဆောင်၊ ကျောက်ဖွန်းအတော်များများကို တွေ့ရလေသည်။ တံငါသည် ဟန် ထိုနေရာသို့ရောက်သောအခါ မှောင်ရီသမ်းစအချိန် ရောက်နေချေပြီ။

လှေပေါ်မှာပါလာသော တင်ကျိုး လေးကောင်မှာ တင်ကျိုးငှက် ပန် တစ်ကောင်သာ လှုပ်လှုပ်ရှားရှားဖြစ်နေပြီး ကျန်သုံးကောင်ကတော့ ငှင်းတို့အလုပ်ချိန်မရောက်သေးသည့်အလား လှေနံပေါ်မှာ ငိုက်မျဉ်းနေကြလေသည်။ ထိုနေရာရောက်သောအခါ ဟန်၏စိတ်ထဲမှာ တစ်မျိုးတစ်မည်ဖြစ်လာလေသည်။

ထိုနေရာသည် တစ္ဆေသရဲခြောက်သောနေရာ၊ ကျောက်တလားကြီးများ ရေပေါ်မှာမျောနေတတ်သည့်နေရာ၊ တစ်ခါတစ်ရံ ကျောက်နဂါးကြီးတွေ တွေ့ရတတ်သောနေရာဖြစ်သည်ဟု စိတ်ထဲမှ အလိုလိုသိနေသောကြောင့် ထိတ်လန့်နေခြင်းဖြစ်သည်။

အချိန်မှာ နွေဦးကာလဖြစ်သောကြောင့် ရာသီဥတုက သာသာယာယာရှိနေပါသည်။ နွေဦးကာလဖြစ်သဖြင့် လေရူးကလည်း တသုန်သုန်တိုက်ခတ်နေရာ ကန်အတွင်းမှာ မြူမထသော်လည်း လှိုင်းကြက်ခွပ်ကလေးများတော့ ထနေလေသည်။ ကောင်းကင်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ တစ်စွန်းတစ်စကျန်နေသော အလင်းရောင်ကြောင့် ငွေရောင်တလက်လက် တောက်ပနေလေသည်။ တကယ်ဆိုပါက ဒီလိုရာသီမျိုးအချိန်မျိုးတွင် လှေပေါ်တွင် တစ်ယောက်တည်း ငုံ့နေရာ ပတ်ဝန်းကျင်အခြေအနေကိုကြည့်ပြီး စိတ်ကူးယဉ်မည်ဆိုက ယဉ်စရာကောင်းသောအချိန်မျိုးဖြစ်သည်။

သို့သော် ဟာန် တစ်ယောက်ကတော့ စိတ်ကူးမယဉ်နိုင်ရှာပါပေ။ လှိုင်းကြက်ခွပ်ကလေးများထနေသော ကန်ရေပြင်ကို ကြည့်နေရင်း ဘယ်နေရာက ကျောက်တလားကြီးပေါ်လာလေမလဲ …၊

ဒါမှမဟုတ် လှေနံဘေးကများ ကျောက်နဂါးကြီးပေါ်လာလေမလားဟု စိုးရွံ့ထိတ်လန့်နေမိလေသည်။

နောက်တစ်ချက်က ထိုနေရာသို့ ရောက်လာရခြင်းမှာ ငါးဖမ်းရန်မဟုတ်သောကြောင့် ဘယ်အချိန်မှာ ဘာလုပ်ရမှန်း သူ မသိပေ။

တင်ကျီးငှက် ပန်မှလွဲပြီး ကျန်သုံးကောင်မှာလည်း သခင်က ဘာမှမခိုင်းသေးသောကြောင့် ငြိမ်မြဲငြိမ်နေကြသည်။

"အင်း · ဒီနေရာကိုလာတာ ငါးဖမ်းဖို့မဟုတ်တော့ ငါဘယ်လိုလုပ်ရမလဲ၊ ဒီတစ်ညတော့ ငါးမရဘဲ ဒီအတိုင်းပြန်ရတော့မယ် ထင်ပါရဲ့"

ဟုတွေးနေစဉ် တစ်နေရာရောက်သောအခါ တင်ကျီးငှက် ပန် ရေထဲသို့ ထိုးဆင်းသွားလေသည်။ သို့ကြောင့် ဟာန် က ထိုနေရာမှာပင် လှေကို ရပ်တံ့ထားလိုက်လေသည်။





အချိန်အတော်ကြာသည်အထိ တင်ကျီးငှက် ပန် က ပြန်ပေါ်မလာပေ။ ဟာန် က ရေလှိုင်းများထနေသော ရေမျက်နှာပြင်သို့ ငေးကြည့်နေလေသည်။ အတန်ကြာသောအခါမှ တင်ကျီးငှက် ပန် လှေပေါ်သို့ ပျံတက်လာသည်။ သူ့ပါးစပ်ထဲမှာ ငါးတော့ ပါမလာပေ။

သို့သော် ပြောင်လက်နေသော အရာဝတ္ထုတစ်ခုပါလာသောကြောင့် ယူကြည့်လိုက်သည်။

"ဟင်!…"

ဟာန် မှာ များစွာဝမ်းသာသွားလေသည်။

အခြားမဟုတ်ပေ…၊

တင်ကျီးငှက် ပန် ယူဆောင်လာသောအရာမှာ ရှေးဟောင်းငွေဒင်္ဂါးပြားတစ်ချပ် ဖြစ်နေသောကြောင့်ပင် ဖြစ်၏။

ပန် က ငွေဒင်္ဂါးကို ပေးထားခဲ့ပြီး ရေထဲသို့ နောက်တစ်ကြိမ် ထိုးဆင်းသွားပြန်သည်။ ပြန်ပေါ်လာသောအခါ ငွေဒင်္ဂါးပြားတစ်ချပ် ပါလာပြန်လေသည်။

ဤနည်းဖြင့် တင်ကျီးငှက် ပန် က တစ်ညလုံး ရေထဲသို့ ဆင်းချည်တက်ချက်ဖြင့် ယူဆောင်ပေးရာ ရှေးဟောင်းငွေဒင်္ဂါးအတော်များများကို ရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၈)

## ကျောက်နဂါးရေအိုင်မှ အန္တရာယ်

လောက၏သဘာဝတရားအရ အဆိုးအကောင်းများမှာ အမြဲ ဒွန်တွဲလျက်ရှိနေလေသည်။ ဟန် တို့မိသားစုများမှာ ယခင်က ဆင်းရဲကြသည်။ မမျှော်လင့်ဘဲ တင်ကျီးငှက် ပန် ကို ရသောအချိန်မှစပြီး အဆင်ပြေလာကြသည်။

ယခု ငွေဒင်္ဂါးများပါရလာသောအခါ ပို၍အဆင်ပြေလာကြသည်။ သို့သော် ဟန် က မမျှော်လင့်ဘဲရလာသော ငွေဒင်္ဂါးများကိုတော့ သူသုံးရန်အတွက် မရည်ရွယ်ပေ။

တင်ကျီးငှက် လာပေးသော အတိုးကြီးကို ကတိပေးလိုက်သည့်အတိုင်း ဘုရားကျောင်းဆောက်ရန်အတွက်သာ ရည်မှန်းပြီး စုထားလေသည်။





သို့သော်လည်း အေးအေးချမ်းချမ်းနှင့်တော့ လုပ်လို့ရသည် မဟုတ်ပေ။ ပထမဆုံးတွေ့ကြုံရသော အခက်အခဲမှာ ရေအောက်မှ ရလာသော ငွေဒင်္ဂါးများကို သွားရောက်ရောင်းချရာ၌ဖြစ်သည်။

ငွေစဝယ်သူက ရှေးဟောင်းငွေဒင်္ဂါးများကိုမြင်သောအခါ အံ့တကြဖြစ်နေလေသည်။

"မင်း ဒီပစ္စည်းတွေ ဘယ်ကရတာလဲ"

"တောထဲသွားရင်းနဲ့ ရခဲ့တာပါ"

သူက ပြီးစလွယ်ပြောလိုက်သော်လည်း ငွေစဝယ်သူကတော့ မယုံကြည်ပေ။

"မင်းယူလာတဲ့ဒင်္ဂါးတွေက ရှေးဟောင်းပစ္စည်းတွေဖြစ်နေတယ်၊ ပြည်နယ်အုပ်ချုပ်ရေးမှူးသိရင် မင်းကို စစ်ဆေးခံရလိမ့်မယ်"

"ဒီလိုဆိုရင်လဲ မရောင်းတော့ဘူးဗျာ"

ဟန် က ငွေဒင်္ဂါးများကို ပြန်သိမ်းသောအခါ ငွေစဝယ်သူက ပျာပျာသလဲဖြစ်သွားလေသည်။

သူ့အနေနှင့် ထိုငွေဒင်္ဂါးပြားများကိုမြင်သည်နှင့် ငမ်းငမ်းတက်လိုချင်နေသော်လည်း ဈေးချိုချိုနှင့်ရစေရန် ခြောက်လှည့်ပြောဆိုလိုက်ခြင်းပင် ဖြစ်၏။

"ဒီလိုတော့မလုပ်ပါနဲ့ကွာ၊ ငါ ဝယ်ပါ့မယ်၊ ဒါပေမယ့် ဒီလိုပစ္စည်းမျိုးတွေကို အစိုးရမြင်ရင် သိမ်းနိုင်တာဆိုတော့ ဈေးတော့ သိပ်မပေးနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ လက်ရှိပေါက်နေသောဈေးထက် ဈေးလျှော့ကာ ဝယ်ထားလိုက်လေသည်။

ဟန့် အနေနဲ့ကတော့ ငွေဈေး ဘယ်လွှဲဘယ်မျှရှိနေသည်ကိုလည်း မသိပေ။ တစ်သက်နှင့်တစ်ကိုယ် တစ်ခါမှမမြင်ဖူးသောငွေများကို ရသဖြင့် ဝမ်းသာနေလေသည်။

ငွေစရောင်းဝယ်သူက ထိုငွေဒင်္ဂါးပြားများကို ရသောအခါ ချက်ချင်းဆိုသလိုပင် မြင်းလှည်းပြင်ဆင်ပြီး ယန်းနန်းမြို့သို့ သွားလေသည်။

ယန်းနန်းမြို့တွင် ၄င်းထံမှ ရွှေငွေများကို ဝယ်ယူနေသော သူဌေး လောချန့် ရှိသဖြင့် ထိုနေရာသို့သွားခြင်းပင်ဖြစ်လေသည်။

"ဟာ!.. ရန်ရှင်း ပါလား၊ ဘယ်လိုကြောင့် ရေကြီးသုတ်ပျာနဲ့ရောက်လာတာလဲ"

"သူဌေး ချန်ကို ပြစရာပစ္စည်း ပါလာလို့ဗျ"

"ဘယ်လိုပစ္စည်းမို့ ဒီလောက်အရေးကြီးလာတာလဲ၊ ပြပါဦး"

ဟုပြောသဖြင့် အိတ်ဖြင့်ထည့်လာသော ငွေဒင်္ဂါးပြားများကို ပြလိုက်လေသည်။ သူဌေး လောချန်မှာ ထိုငွေဒင်္ဂါးပြားများကို မြင်သောအခါ မျက်လုံးပြူးသွားလေသည်။

"ဒီဒင်္ဂါးပြားတွေက လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ထောင်ကျော်လောက်က ကျူဂီမြို့ကြီး ကောင်းစားစဉ်က အသုံးပြုခဲ့တဲ့ ရှေးဟောင်းဒင်္ဂါးတွေပဲ၊ မင်း ဘယ်ကရခဲ့သလဲ"





"လူတစ်ယောက် ယာရောင်းလို့ ဝယ်ထားလိုက်တာပါ"

"သူ့ကို ဘယ်ကရသလဲလို့ မေးမထားလိုက်ဘူးလား"

"မေးပါတယ်၊ တောထဲကရတာလို့ပြောပါတယ်"

"မဖြစ်နိုင်ဘူး၊ ဒီဒင်္ဂါးမျိုးတွေ တောထဲကရတယ်ဆိုတာ ဘယ်နည်းနဲ့မှဖြစ်နိုင်ဘူး၊ ဒီမှာ သူယူလာတဲ့ဒင်္ဂါးတွေ ရေညှိတွေတက်နေတာကို သတိမပြုမိဘူးလား"

ထိုသို့ပြောတော့မှ ငွေဒင်္ဂါးပြားများ၏ မျက်နှာပြင်ပေါ်မှာ အစိမ်းရောင်ရေညှိများ တက်နေသည်ကို သတိပြုမိလေသည်။

"အဲဒီလူကို မင်းသိသလား"

"သိပါတယ်"

"ဘယ်ရွာကလဲ၊ သူ ဘာအလုပ်လုပ်သလဲ"

"သူက မင်းဟာမ်ရွာသားတစ်ယောက်ပါ၊ တင်ကျီးငှက်နဲ့ ငါးဖမ်းတဲ့အလုပ် လုပ်ပါတယ်"

ထိုစကားကြားသောအခါ သူဌေးလောချန် မှာ သူ ထင်ထားသည့်အတိုင်း မှန်နေသောကြောင့် အကျေနပ်ကြီး ကျေနပ်သွားလေတော့သည်။

"မင်း အတော်အ,တာပဲကိုး၊ ကန်ထဲမှာ ငါးရှာနေတဲ့လူက တောထဲက ဒင်္ဂါးပြားတွေရလာတယ်လို့ ပြောတာကိုများ တကယ်ထင်နေရသလား။ ဒီမှာ ငါပြောမယ်.. ဒီဒင်္ဂါးပြားတွေကို မင်းဆီက အမြတ်ပေးပြီး ငါ ပြန်ဝယ်ထားလိုက်မယ်၊ နောက်ပြီး မင်း



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတွေကိုလဲ တခြားလူတွေ လုံးဝမသိစေနဲ့"

"စိတ်ချပါ"

"နောက်ပြီး အဲဒီဒင်္ဂါး လာရောင်းတဲ့လူ ဘယ်နေရာသွားတယ်၊ ဘာတွေလုပ်တယ်ဆိုတာကို မျက်ခြည်မပြတ် လိုက်ကြည့်ထားရမယ်"

"ဘာ!... ဘာဖြစ်လို့လဲဟင်"

"မင်း အတော်ညံ့သေးတာပဲ၊ ဒါကြောင့်လဲ ရွာလေးတစ်ရွာမှာ ဒီလိုဘဝမျိုးနဲ့နေရတာပဲ၊ မင်း မချမ်းသာချင်ဘူးလား"

"ချမ်း... ချမ်းသာချင်ပါတယ်"

"ချမ်းသာချင်ရင် ငါပြောတဲ့အတိုင်းသာ သိအောင်လုပ်ပေတော့.. ကြားလား"

"ကောင်းပါပြီ"

ထို့နောက်တွင် သူဌေးလောချန် က မူလဒင်္ဂါးပြားဖိုးအပြင် အမြတ်ငွေများပါ တစ်ပါတည်းပေးလိုက်လေရာ ငွေရောင်းသူ ရန်ရှင်း မှာ အကျေနပ်ကြီးကျေနပ်ကာ ပြန်သွားလေတော့သည်။

ရန်ရှင်း က ဒင်္ဂါးများကို ရောင်းချရာ အမြတ်ငွေရလာသဖြင့် ကျေနပ်ပျော်ရွှင်နေသလို သူဌေးလောချန် မှာလည်း ဒင်္ဂါးများကို ရသဖြင့် များစွာကျေနပ်နေလေသည်။

အဘယ်ကြောင့်ဆိုသော် သူဌေးလောချန်မှာ ပျောက်ဆုံးသွားသော ကျူဂီမြို့ဟောင်းနှင့်ပတ်သက်ပြီး စိတ်ဝင်စားနေသူဖြစ်သည်။



BURMESE CLASSIC .com



တပည့်များဖြင့် ထိုနေရာသို့ မကြာခဏ သွားရောက်ရှာဖွေသော်လည်း ယခုထိ သဲလွန်စမရဘဲရှိနေရာမှ ယခု မမျှော်လင့်ဘဲ ကျူဂီမြို့ဟောင်းနှင့်ပတ်သက်သော သဲလွန်စများ ရရှိခဲ့ခြင်းဖြစ်ပေသည်။

ထိုငွေဒင်္ဂါးများကို မြင်လိုက်ရုံနှင့် ကျူဂီမြို့ဟောင်းမှ ဒင်္ဂါးများဖြစ်သည်ကို သိလေသည်။ နောက်ထပ်တစ်ပတ်ခန့်ကြာသောအခါ ငွေရောင်းသူ ရန်ရှင်း ရောက်လာပြန်လေသည်။

"ဘာထူးသလဲ ရန်ရှင်း"

"ထူးတယ် သူဌေးချန်၊ သူ နောက်ထပ် ငွေဒင်္ဂါးတွေ လာရောင်းလို့ ကျွန်တော် ဝယ်ထားလိုက်သေးတယ်"

ဟု ပြောကာ သူ ယူလာသောငွေဒင်္ဂါးများကို ထုတ်ပြသည်။ ယခင်တစ်ကြိမ်ယူလာသော ငွေဒင်္ဂါးများနှင့်အတူတူပင်ဖြစ်ပေသည်။

"မင်း ငါခိုင်းတဲ့အတိုင်း သူ့နောက်လိုက်ကြည့်ခိုင်းသေးလား"

"ကျွန်တော်တပည့်တွေကို တံငါသည်တွေ အယောင်ဆောင်ပြီး လိုက်ကြည့်ခိုင်းပါတယ်"

"ဟော!.. ဒီတော့ ဘာတွေထူးခြားတာတွေသလဲ၊ သူ ဘယ်နေရာသွားတာတွေသလဲ"

သူဌေး လောချန် က အလောတကြီးမေးလိုက်လေသည်။

"သူ့နာမည်က ဟန် လို့ခေါ်တယ်၊ သူက တခြားတံငါသည်တွေနဲ့အတူတူ ငါးဖမ်းတာမဟုတ်ဘူး၊ သူ့လှေတစ်စင်းတည်း



www.burmeseclassic.com

www.burmeseclassic.com



ကျူဂီမြို့ဟောင်းဘက်ကို ထွက်သွားတာတွေ့ရတယ်လို့ ပြောပါတယ်၊ ဒါပေမယ့် ဆူးဆန်းတာက နောက်ကလိုက်ကြည့်ကြပေမယ့် ကျူဂီမြို့ဟောင်းနားရောက်တဲ့အခါ သူ့လှေကို မတွေ့ရတော့ဘူးလို့ပြောတယ်"

"ဟုတ်ပြီ၊ ငါထင်တဲ့အတိုင်းတော့ မှန်နေပြီ၊ ဒီဒင်္ဂါးတွေဟာ ကျူဂီမြို့ဟောင်းက ရလာတယ်ဆိုတာတော့ သေချာပြီ၊ သူ ဘယ်နေရာက ဘယ်လိုယူတယ်ဆိုတာသာ သိအောင်ကြိုးစားရတော့မှာပဲ၊ တကယ်လို့ သိရပြီဆိုရင်တော့ ငါတို့ ချမ်းသာပြီ"

ရန်ရှင်းမှာ ထိုအကြောင်းကို ကောင်းစွာမသိသေးသော်လည်း အားတက်သရောပြောနေသော သူဌေးချန်၏ အမူအရာကိုကြည့်ပြီး မစားရဝခမန်း ဖြစ်နေတော့သည်။

"ဘယ်လိုစီစဉ်မှာလဲ သူဌေးချန်"

"ဒီတစ်ခါတော့ ငါကိုယ်တိုင် လိုက်ပြီးကြည့်ရမယ်"

"ဘယ်နေရာကိုသွားမှာလဲ"

"မင်း အတော်အ,တာပဲ ရန်ရှင်း၊ သူသွားတဲ့ ကျူဂီမြို့ဟောင်းရှိတဲ့နေရာ သွားမှာပေါ့"

"ရေအောက်ရောက်နေတဲ့ မြို့ပျက်ကြီးရှိတဲ့နေရာ သွားပော့ ဘာရမှာလဲဟင်"

"မင်း အခုဝယ်ထားတဲ့ ငွေဒင်္ဂါးတွေအပြင် ရွှေဒင်္ဂါးတွေရော ကျောက်မျက်ရတနာတွေပါ အများကြီးရနိုင်တာပေါ့ ရန်ရှင်းရေ..."





ထိုစကားကြားသောအခါမှ ရန်ရှင်း လည်း များစွာစိတ်ဝင်စားသွားပြီး သူပါလိုက်လိုကြောင်းပြောရာ သူဌေးချန် က လက်ခံလေသည်။ ထို့နောက်မှာတော့ သူဌေးလောချန် ကပင် ကိစ္စအားလုံးကို စီစဉ်လေတော့သည်။

၄င်းတို့စီစဉ်ပုံမှာ ပေါင်းမိုးတပ်ထားသော လှေကြီးတစ်စင်းကို ဝယ်ယူပြီး လက်နက်ကိရိယာနှင့် စားနပ်ရိက္ခာများကို ထည့်သည်။ ပြီးမှ လျှို့ဝှက်စွာစောင့်ဆိုင်းနေပြီး ငါးဖမ်းသမားဟာန်၏ လှေ ထွက်သွားတော့မှ နောက်မှ နောက်ယောင်ခံကာ လိုက်သွားကြလေသည်။

ငါးဖမ်းသမား ဟာန် ကတော့ ထိုအကြောင်းကို မသိရှာပေ။ အချိန်တန်လျှင် ထိုနေရာသို့သွားရန်သာ စိတ်အားထက်သန်နေလေသည်။ ယခုအခါတွင် သူ့လက်ထဲမှာ ငွေဒင်္ဂါးရောင်း၍ရသောငွေများ အတော်များများ စုမိနေလေသည်။

သည့်အတိုင်းဆိုပါက တစ်နှစ်အတွင်းမှာ ဘုရားကျောင်းဆောင်ဆောက်နိုင်လိမ့်မည်ဟု မျှော်လင့်ထားလေသည်။

တင်ကျိုးငှက် ပန် ရောက်လာသောအချိန်မှစပြီး မမျှော်လင့်သောအဖြစ်အပျက်များဖြစ်ကာ သူတို့မိသားစုဘဝလည်း ပြောင်းလဲခဲ့ရပေသည်။ ထိုအထူး အခွင့်ကြီးကို ကတိပေးထားခဲ့သည့်အတိုင်း တင်ကျိုးငှက် ပန် ကိုလည်း ပြန်လွှတ်ပေးရပေလိမ့်မည်။

တင်ကျိုးငှက် ပန် ကို ပြန်လည်စွန့်လွှတ်ပေးရတော့မည့် အချိန်



www.burmeseclassic.com

www.burmeseclassic.com



နီးလာသောကြောင့် သူ့အနေနှင့် စိတ်မကောင်းဖြစ်မိသော် လည်း ဘာမှတော့မတတ်နိုင်တော့ပေ။

တင်ကျိုးငှက် ပန် ရောက်လာပြီး နောက်ပိုင်း သူတို့မိသားစု ဘဝ တိုးတက်ပြောင်းလဲခဲ့ရသည်ထက် သူ့ဘဝတစ်သက်တာမှာ ဘယ်လိုမှမျှော်လင့်မထားနိုင်သော ဘုရားကျောင်းကြီး တစ်ဆောင် ဆောက်လုပ်လှူဒါန်းနိုင်တော့မည်ကတော့ ကျေနပ်စရာပင်ဖြစ်တော့သည်။

ငါးဖမ်းသမား ဟန် က တင်ကျိုးငှက် ပန် ကို လှေပေါ်တင်ပြီး ကျူဂိမြို့ပောင်းရှိရာဘက်သို့ သွားသောအခါ သူဌေးလောချန်တို့ ပါသောလှေက မနီးမဝေးမှ နောက်ယောင်ခံကာ လိုက်သွားကြလေသည်။

၄င်းတို့က လှေဝမ်းထဲကလိုက်ကြပြီး ငါးဖမ်းသမား ဟန် ဆောင်ထားသူနှစ်ယောက်က လှေလှော်ကြလေသည်။ လှေပေါ်မှာ ပိုက်ကွန်များပါတင်ဆောင်ထားသောကြောင့် အဝေးမှကြည့်သောအခါ သာမန်ငါးဖမ်းလှေတစ်စင်းဟုပင် ထင်စရာရှိပေသည်။

ကျူဂိမြို့ပောင်းနေရာသို့ရောက်သောအခါ ညဦးပိုင်းအချိန်သို့ရောက်နေချေပြီ။

ကန်ရေပြင်တစ်ခုလုံး အမှောင်ရိပ်များဖုံးလွှမ်းစပြုလာသောကြောင့် ပတ်ဝန်းကျင်ကို ဝေဝေဝါးဝါးသာမြင်နိုင်တော့သည်။

သူတို့သည် ရှေ့မှသွားနေသော ဟန် ရိပ်မိမည်စိုးသဖြင့်





အတော်ဝေးဝေးမှလိုက်ကြလေရာ မှောင်ရီသမ်းစအချိန်ရောက်သောအခါ ရှေ့မှသွားနေသော ဟန်၏လှေကို လှမ်းမမြင်ရတော့ပေ။

ပထမတော့ ရေပြင်ပေါ်မှာထိုးထွက်နေသော ကျောက်ဆောင်များကြားသို့ ဝင်ရောက်သွားသလားဟု ထင်ကြသောကြောင့် ထိုနေရာတစ်ဝိုက်သို့ လိုက်လံရှာဖွေကြသည်။

သို့သော်လည်း အရိပ်အယောင်မျှပင် မတွေ့ကြရပေ။

"ငါးဖမ်းသမား ဟန်ရဲ့လှေ ဒီကျောက်ဆောင်တွေကြားထဲမှာတင် ပျောက်သွားပါလား၊ ဘယ်နေရာရောက်သွားတာလဲ"

"မသိဘူး၊ ဒီနားတစ်ဝိုက်မှာ ကျောက်ဂူတွေဘာတွေများရှိနေလို့ အဲဒီအထဲများ ဝင်သွားတာလား"

ထိုသို့ ဇဝေဇဝါဖြစ်ကာ လိုက်လံရှာဖွေကြလေသည်။ အချိန်ကလည်း ညဦးပိုင်းအချိန်ရောက်လာပြီဖြစ်သောကြောင့် ကန်ရေပြင်အတွင်းမှာ မှောင်စပျိုးလာချေပြီ။

သူဌေး လောချန် ခေါင်းဆောင်သောလှေမှာ ရေပြင်ပေါ်မှာ ထိုးထိုးထောင်ထောင်ပေါ်ထွက်နေသော ကျောက်တုံးများကြားတွင် လိုက်လံရှာဖွေကြရာ တစ်နေရာရောက်သောအခါ ကျောက်ဆောင်တစ်ခုအနီးမှာ ထွက်နေသော အရာတစ်ခုကို လှမ်းမြင်ကြရလေသည်။ ထိုအရာမှာ လှေတစ်စင်းနှင့် ပုံသဏ္ဍာန်တူသောအရာပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟို... ဟိုမှာ..."

သူဌေးလောချန်က စေခိုင်းသောကြောင့် လှေလှော်သမားများက ထိုနေရာသို့ လှော်သွားကြလေသည်။ အနီးသို့ရောက်သောအခါမှ မဟုတ်မှန်းသိကြရလေသည်။

"ဟာ!... လှေမဟုတ်ဘူးဗျ၊ ကျောက်တလားကြီး ရေပေါ်မှာ မျောနေတာဗျ"

ဟု တစ်ယောက်က အလန့်တကြား အော်ပြောသဖြင့် ကြောက်အားလန့်အားဖြင့် နောက်သို့ပြန်ဆုတ်ကြရသည်။

သို့သော်လည်း ကျောက်တလားကြီးက ချက်ချင်း အဝေးသို့ရောက်မသွားဘဲ လှေအရှိန်ကြောင့် နောက်မှဝဲလည်ပြီးပါလာရာ လှော်တက်များဖြင့် တွန်းထိုးထုတ်မှ အဝေးသို့ရောက်သွားလေသည်။

သူဌေးလောချန်မှာ ထိုနေရာရောက်သောအခါမှ ပျောက်ချင်းမလှပျောက်သွားသော ငါးဖမ်းသမား ဟန်၏လှေကို မတွေ့ရသဖြင့် မကျေမနပ်ဖြစ်နေလေသည်။

နောက်တစ်နေရာမှာတော့ သူတို့အတွက် အန္တရာယ်က ဆီးကြိုနေလေသည်။

အခြားမဟုတ်ပေ...၊

ကျောက်ဆောင်များကြားမှာ ပုန်းအောင်းနေဟန်ရှိသော ကျောက်နဂါးကြီးတစ်ကောင်နှင့်တွေ့ရခြင်းပင်ဖြစ်ပေသည်။





ထိုကျောက်နဂါးကြီးမှာ ရေအောက်၌ငြိမ်သက်စွာရှိနေရာမှ ၄င်းတို့လှေ အနီးရောက်သောအခါမှ ရေအောက်မှ ဦးခေါင်းပိုင်းက ထိုးထွက်လာခြင်းဖြစ်ပေသည်။

အနီးကပ်တွေ့ရသောအခါတွင် လှေပေါ်မှာပါလာသူများအားလုံး ကြောက်ရွံ့ထိတ်လန့်သွားကြလေသည်။

ကျောက်နဂါးကြီး၏ဦးခေါင်းပိုင်းမှာ ထန်းလုံးအရွယ်ခန့်ကြီးပြီး ဦးခေါင်းထိပ်၌ အမောက်များပါလေသည်။ မျက်လုံးနှစ်လုံးမှာ ရဲရဲနီနေပြီး ပါးစပ်အတွင်းမှလည်း အခိုးအငွေ့များထွက်နေလေသည်။

သူဌေးလောချန် ဟို့အဖွဲ့မှာ အာဟိုင်းရေကန်ကြီးအတွင်းမှာ ကျောက်နဂါးကြီးများရှိနေသောသတင်းကို ကြားဖူးသော်လည်း တစ်ကြိမ်တစ်ခါမှ ကိုယ်တွေ့မကြုံဖူးကြသေးပေ။

ယခုကဲ့သို့ နီးနီးကပ်ကပ်တွေ့မြင်သောအခါ များစွာကြောက်ရွံ့သွားကြသောကြောင့် ထိုနေရာမှဝေးရာသို့ရောက်အောင် လှော်ကြလေသည်။

သို့သော် ကြောက်ကြောက်လန့်လန့်ဖြင့် လှော်နေကြသောကြောင့် ရှေ့ကလူက ရှေ့ဘက်ကိုလှော်ပြီး အနောက်မှလူက အနောက်ဘက်ကိုလှော်နေသောကြောင့် ဆန့်ကျင်ဘက်ဖြစ်ကာ လှေကာ ဘယ်မှမရွေ့တော့ဘဲ ဝဲလည်၍ ချာလည်လှည့်နေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်နဂါးကြီးဦးခေါင်းပေါ်နေသောနေရာမှာ သူတို့လှေရောက်နေသောနေရာနှင့် မဝေးလှပေ။ အပေါ်မှမိုးကြည့်နေသောဦးခေါင်းကြီးကိုပင် အတိုင်းသားမြင်တွေ့နေရသည်။

အကယ်၍သာ အပေါ်မှမိုးပြီးပေါက်ချလိုက်ပါက လှေတစ်စင်းလုံး စေ့စေ့ညက်ညက်ကြေသွားလောက်သည့်အခြေအနေမျိုးပင်ဖြစ်သည်။

အတန်ကြာတော့ လှေပေါ်သို့ ဦးခေါင်းမိုးကြည့်နေသောကျောက်နဂါးကြီးမှာ ရေအောက်သို့ တဖြည်းဖြည်းနှင့် ပြန်လည်နစ်မြုပ်သွားလေတော့သည်။

ကိုယ်လုံးကြီးမှာ ကြီးမားသောကြောင့် ရေထဲသို့မြုပ်သွားသောအခါ သင်္ဘောကြီးတစ်စင်း နစ်မြုပ်သွားသကဲ့သို့ ဝဲကတော့များထလာလေသည်။

သူဌေးလောချန်တို့လှေမှာ ထိုဝဲကတော့အရှိန်ဖြင့် ဝဲလည်၍ပါသွားကာ နောက်ဆုံး ရေအောက်သို့ နစ်မြုပ်သွားလေတော့သည်။





## အခန်း (၉)

## နီမောင်နှင့် ဘဝအပြောင်းအလဲများ

ကျောက်နဂါးတောင်ရွာမှာ ယန်းနန်းမြို့အနီးတွင်ရှိပြီး အာဟိုင်းရေကန်ကြီး၏မြောက်ဘက်ကမ်းခြေနှင့်လည်း နီးလေသည်။

ရေတစ်ပိုင်းကုန်းတစ်ပိုင်းတည်ထားသောရွာဖြစ်ပြီး အိမ်ခြေလည်း အတော်များသည်။

ရေပေါ်ဈေး၊ ငါးဈေး၊ စာသင်ကျောင်း၊ ဘုရားကျောင်းနှင့် ယန်းနန်းပြည်နယ်အုပ်ချုပ်ရေးမှူး၏ ရုံးခွဲပင်ရှိလေသည်။

ထိုရွာမှာ တိဗက်၊ တရုတ်နှင့် အခြားလူမျိုးအချို့လည်း ရောထွေးနေထိုင်ကြရာ မြန်မာလူမျိုးအချို့လည်းပါဝင်သည်။ မြန်မာလူမျိုးမှာ များများစားစားမရှိဘဲ တစ်ဦးနှစ်ဦးသာရှိသည်။

ထိုအထဲတွင် နီမောင်တို့မိသားစုလည်း ပါဝင်သည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်၏မိဘများမှာ မြစ်ဝကျွန်းပေါ်သားများဖြစ်ပြီး လယ်ယာလုပ်ငန်း လုပ်ကိုင်ကြသည်။

ဦးဘရှိန်နှင့် ဒေါ်ကျင်မေတို့မှာ ဆင်းရဲချို့တဲ့စွာ အသက်မွေးဝမ်းကျောင်းပြုနေကြရင်းမှ တစ်နေ့တော့ ထူးဆန်းသောအိပ်မက်တစ်ခုကို မြင်မက်လေသည်။ အိပ်မက်ထဲမှာ အလွန်ကြီးသောတင်ကျီးငှက်ကြီးတစ်ကောင် ရောက်လာပြီး သူတို့နဲ့ အတူတူနေပါရစေဟု ခွင့်တောင်းလေသည်။

"ကျွန်တော့်ကို နေခွင့်ပြုပေးပါ၊ တစ်နေ့ကျရင် အမေတို့ကြီးပွားချမ်းသာအောင်လုပ်ပေးပါ့မယ်"

ဟုပြောသဖြင့် ဒေါ်ကျင်မေ က ...

"မင်း နေချင်လဲ လာနေပေါ့"

ဟု အလွယ်တကူပြောလိုက်လေသည်။

နောက်ပိုင်းမှာတော့ ကိုယ်ဝန်ရှိလာပြီး နီမောင့်ကိုမွေးဖွားလာခြင်းဖြစ်သည်။

အများကတော့ ထိုကလေးကို လူဝင်စားတစ်ယောက် ဖြစ်သည်ဟု ထင်မြင်ယူဆထားကြလေသည်။

ငယ်စဉ်က အသားညိုသောကြောင့် 'တင်ကျီးငှက်လေး၊ တင်ကျီးငှက်လေး' ဟု ချစ်စနိုးနှင့်ခေါ်ကြသည်။

စကားပြောတတ်သောအရွယ်သို့ရောက်သောအခါ မိခင်ဖြစ်သူကို ပြောသည်။





"အမေ ကျွန်တော့်ကို 'နီမောင်' လို့ နာမည်ပေးပါ"

"ဘာဖြစ်လို့လဲ သားရဲ့ .."

"ကျွန်တော့် အရင်ဘဝဟောင်းကနာမည်မို့ပါ"

ဤစကားကြောင့် ဒေါ်ကျင်မေမှာ အံ့သြသွားလေသည်။

"မင်းက တင်ကျီးငှက်ဘဝကလာတာမဟုတ်ဘူးလား"

"ဟုတ်ပါတယ်၊ တင်ကျီးငှက်ဘဝမရောက်ခင်က လူ တစ်ယောက်ဘဝနဲ့ နေရသေးတယ်၊ အဲဒီအချိန်တုန်းက ကျွန်တော့်နာမည်က နီမောင်မို့ပါ"

"အံ့သြစရာပဲ၊ တခြားလူဝင်စားတွေက အရင်တစ်ဘဝလောက်ပဲသတိရကြတယ်၊ မင်းက နှစ်ဘဝလောက်မှတ်မိနေတယ် ဆိုတော့ အဆန်းပဲ"

"ကျွန်တော်က အကြောင်းတစ်ခုကြောင့် ငှက်ဘဝကို ခဏရောက်သွားခဲ့တာပါ၊ တင်ကျီးငှက်ဘဝနဲ့ ကျွန်တော် လုပ်ပေးစရာတွေလုပ်ပေးခဲ့ပြီးပြီဆိုတော့ အခုလို လူ့ဘဝကို ပြန်ရောက်လာခဲ့တာပါ"

ဒေါ်ကျင်မေတို့ကတော့ ရိုးသားသူများဖြစ်သောကြောင့် နီမောင် ပြောပြနေသောအကြောင်းများကို ကောင်းစွာ နားမလည်ပေ။ သဘောလည်းမပေါက်ပေ။

ကလေးမို့ စိတ်ထဲရှိသောစကားများကို ပြောနေခြင်း ဖြစ်သည်ဟုသာ ယူဆထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း သူပြောသည့်အတိုင်း 'နီမောင်' ဆိုသော အမည်ကိုတော့ ပေးထားလိုက်သည်။

နီမောင် က စိတ်လိုလက်ရရှိသောအချိန်မျိုးတွင် သူ့ဘဝ ဟောင်းကအကြောင်းများကို ပြောပြလေသည်။

"ဟိုဘဝတုန်းက တင်ကျီးငှက်ဘဝနဲ့နေခဲ့ရတာ အတော် ပျော်စရာကောင်းတယ် အမေရ .."

"ငှက်ဘဝမှာနေရတာ ပျော်စရာကောင်းပါ့မလား သားရယ်"

"ကောင်းတယ် အမေရဲ့ ..၊ ကျွန်တော် နေခဲ့ရတဲ့ အာဟိုင်း ရေကန်ကြီးဆိုတာ အကျယ်ကြီးဗျ"

"ဘယ်လောက်ကျယ်လို့လဲ သားရယ် ..၊ ငါတို့ရွာကရေကန် လောက်ကျယ်လို့လား"

"ဟိုရေကန်က ဟိုဘက်ကမ်းနဲ့ဒီဘက်ကမ်း လှမ်းမမြင်ရဘူး ဗျ"

"ဟင် ..."

"နောက်ပြီး ငါးတွေလဲ အများကြီးရှိတယ်"

"ဟန်ကျတာပေါ့"

"ဒါ့အပြင် ရေအောက်တစ်နေရာမှာ ရွှေဒင်္ဂါး ငွေဒင်္ဂါးတွေ အများကြီးရှိတဲ့နေရာတစ်ခုလဲ ရှိသေးတယ်၊ ဒီမှာနေရင်တော့ ကျွန်တော်တို့ ဘယ်နည်းနဲ့မှချမ်းသာမှာမဟုတ်ဘူး၊ အာဟိုင်း ရေကန်ကြီးရှိတဲ့နေရာကိုသွားမယ်ဆိုရင်တော့ အမေတို့ချမ်းသာ





အောင် ကျွန်တော် လုပ်ပေးနိုင်တယ်"

ထိုသို့ပြောသောအခါ ဒေါ်ကျင်မေ က ဆေးပေါ့လိပ်ကို ဖွာ ရင်း ရယ်နေလေသည်။

"အမေတို့က ရွာမှာပဲမွေး၊ ရွာမှာပဲနေခဲ့ကြတာ၊ မြို့ကိုတောင် သိပ်မရောက်ဖူးပါဘူး သားရယ်၊ ရန်ကုန်ကို ဘုရားဖူးသွားချင် တာတောင် တစ်ခေါက်မှမရောက်ဖူးသေးပါဘူး၊ မင်းပြောတဲ့ နေရာမျိုးတော့ စိတ်ကူးထဲမှာတောင်မထည့်ဝံ့ပါဘူး"

ဟု ပြောလေသည်။

နီမောင် အရွယ်ရောက်လာသောအခါ မိဘများကို ငါးဖမ်း ခြင်းအလုပ်နှင့်ပင် လုပ်ကိုင်ကျွေးမွေးလေသည်။

နီမောင် ငါးရှာရာမှာတော့ အခြားသူများထက်သာသည်။ ငါးများများရအောင်ရှာနိုင်သောကြောင့် အကြောင်းသိသူများက နောက်ပြောင်ပြောဆိုကြသည်။

"မင်းက တင်ကျီးငှက်ဘဝကလာတဲ့လူဆိုတော့ ငါးရှာတဲ့ နေရာမှာ တော်မှာပေါ့၊ ဒီအတိုင်းသာသွားရင်တော့ အသက်ကြီး လာတဲ့အခါ တစ်ပွဲစားဖြစ်မှာ အသေအချာပဲ"

ထိုသို့ပြောသောအခါ နီမောင် က ရယ်နေလေသည်။

နီမောင် အသက်နှစ်ဆယ်ကျော် အရွယ်ရောက်သောအခါ ထူးဆန်းသောအိပ်မက်တစ်ခု မြင်မက်လေသည်။

အိပ်မက်ထဲမှာ ဆံပင်နှင့် မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများ



www.burmeseclassic.com

www.burmeseclassic.com



ဆွတ်ဆွတ်ဖြူနေသောအဘိုးအိုတစ်ဦးကိုတွေ့ရလေသည်။ ထို အဘိုးကြီးကိုမြင်သောအခါ တစ်နေရာမှာမြင်ဖူးသလို တစ်စုံတစ်ခုကိုသတိရသလို ခံစားမိလေသည်။

"အဘက ဘယ်ကလာတာလဲ"

"ငါက အာပှိုင်းရေကန်ကလာခဲ့တာပဲ"

"အာပှိုင်းရေကန် ..၊ ဒီနာမည်ကို ကျွန်တော် ကြားဖူးနေသလိုပဲ"

"ကြားဖူးရုံပဲလား .. သတိရောမရဘူးလား၊ အာပှိုင်းရေကန်ဟာ မင်းနေခဲ့တဲ့နေရာပဲ"

ထိုစကားကြောင့် စိတ်ထဲမှာ ပြန်သတိရမိသလိုရှိလာသည်။ အဘိုးအိုက ဆက်ပြောလေသည်။

"မင်း အာပှိုင်းရေကန်ကို ပြန်သွားရမယ်၊ ဟိုမှာ မင်းလုပ် ပေးရမယ့်တာဝန်တွေ အများကြီးကျန်သေးတယ်"

"ဘာတွေလဲဟင်"

"မင်း ဘဝဟောင်းက ဆောင်ရွက်ပေးခဲ့တဲ့ကိစ္စတွေ ကျန်သေးတယ်၊ ကင်ကျီးငှက်ဘဝနဲ့ မင်းရှာပေးခဲ့တဲ့ ဒင်္ဂါးတွေနဲ့ ဆောက်နေတဲ့ ဘုရားကျောင်းဆောင်ကြီးလဲ အပြီးမသတ်သေးဘူး၊ မင်းမရှိတော့တဲ့နောက်မှာ သူတို့ကို လောဘသားတွေက နှိပ်စက်ဖျက်ဆီးကြလို့ ဆက်မလုပ်နိုင်တော့ဘူး၊ ဒီဘုရားကျောင်းဆောင်ကြီးက မင်းဆက်လုပ်မှပြီးမှာပဲ"





"ကျွန်တော်က အခု ဒီရောက်နေတယ်၊ အာပှိုင်းရေကန်ဆိုတာ ဘယ်နေရာမှာရှိမှန်းတောင် မသိတာ ဘယ်လိုသွားမှာလဲ အဘရယ် .."

"အချိန်တန်တော့ အဲဒီနေရာရောက်ဖို့ အခွင့်အလမ်းပေါ်လာလိမ့်မယ်၊ အဲဒီအခါကျရင် မင်းလိုက်ခဲ့ပေတော့"

ဟုပြောကာ တဖြည်းဖြည်းနှင့် ဝေဝါးပျောက်ကွယ်သွားလေတော့သည်။

နီမောင်လည်း အိပ်မက်မှ ပြန်နိုးလာလေသည်။

သူသည် ထိုအိပ်မက်ကိုမက်ပြီး နောက်ပိုင်း ထိုအကြောင်းကိုသာ သတိရနေလေသည်။

အချိန်ကာလမှာ မြန်မာနိုင်ငံမှ အင်္ဂလိပ်များ ပြန်လည်ထွက်ခွာရန် အားယူနေသောအချိန်ကာလဖြစ်လေသည်။

ဂျပန်တပ်များ၏ ထိုးစစ်ဆင်မှုကြောင့် မြောက်ပိုင်းဘက်များသို့ တဖြည်းဖြည်းဆုတ်ခွာပေးနေရသောအချိန်လည်းဖြစ်သည်။

ထိုအချိန်တွင် တစ်နေ့သ၌ သူတို့ရွာသို့ အင်္ဂလိပ်ကိုယ်စားလှယ်များ ရောက်လာလေတော့သည်။

၎င်းတို့ရောက်လာသောကိစ္စမှာ အခြားမဟုတ်ပေ ...၊

အင်္ဂလိပ်တပ်များ မြောက်ပိုင်းဘက်သို့ဆုတ်ခွာရာမှာ တောလမ်းခရီးနှင့် မြစ်ကြောင်းကျွမ်းကျင်သူ၊ လှေနှင့် သစ်ဖောင်ဝါးဖောင်ကျွမ်းကျင်စွာစီးနင်းနိုင်သောအလုပ်သမားများကို လို



www.burmeseclassic.com

www.burmeseclassic.com



ရောက်စုဆောင်းခြင်းပင်ဖြစ်ပေသည်။

ထိုအချိန်က မြန်မာပြည်အနှံ့အပြားတွင် စစ်ဘေးစစ်ဒဏ်သင့်နေသည့်အချိန်ဖြစ်သောကြောင့် ဝမ်းစာအတွက်ပင် အနိုင်နိုင်ရှာစားနေရသောအချိန်လည်းဖြစ်ပေသည်။

အင်္ဂလိပ်တို့၏ကိုယ်စားလှယ်ကပေးမည်ဆိုသောငွေကြေးမှာ သူတို့ရွာသူရွာသားများအတွက် တစ်သက် တစ်ခါမှမမြင်ဖူး မတွေ့ဖူးသောငွေကြေးဖြစ်လေသည်။

ရွာသူရွာသားအတော်များများက အလုပ်အကိုင်ကလည်း မကောင်းသောကာလဖြစ်နေရာ စားဖို့ပင် အနိုင်နိုင်ဖြစ်နေသောကြောင့် အင်္ဂလိပ်ကိုယ်စားလှယ် လာရောက်ခေါ်သော အလုပ်ကို အတော်များများ စိတ်ဝင်စားကြလေသည်။

“ဒီမှာနေတော့လဲ ထမင်းတစ်လုတ်စားရဖို့တောင် အနိုင်နိုင်ဖြစ်နေကြတာ၊ သေရင်မြေကြီး ‥ ရှင်ရင်ရွှေထီးပဲကွာ ‥ ငါတို့တော့ လိုက်သွားကြမယ်”

“ဟုတ်တယ်ဟေ့ ‥ သူတို့ပေးမယ်ဆိုတဲ့ငွေကလဲ မနည်းလှဘူး၊ ရွာမှာ တစ်နှစ်လုံးရှာဖွေလို့တောင်မရနိုင်တဲ့ငွေမျိုးပဲ၊ သန်းခေါင်ထက်တော့ ညဉ့်မနက်နိုင်တော့ပါဘူး”

“ဟုတ်တယ်၊ အခုလဲ ရွာမှာ ငတ်တစ်လှည့်ပြတ်တစ်လှည့်ဖြစ်နေကြတော့ သူတို့ခေါ်တဲ့အလုပ်လိုက်လုပ်တာကမှ ထမင်းနပ်မှန်အောင်စားရဦးမယ်၊ ရွာမှာနေရတာ ဘယ်နေ့ ဂျပန်လေ





ယာဉ်ပျံတွေဗုံးလာကြဲမလဲဆိုပြီး နေ့တထိတ်ထိတ် ညတထိတ်ထိတ်နဲ့နေကြရတာပဲ”

ဟုပြောကာ ရွာသားအတော်များများကတော့ သူတို့ခေါ်ရာနောက်သို့လိုက်သွားကြရန် စာရင်းပေးကြလေသည်။ နီမောင်ကလည်း လူငယ်ပီပီ ထိုကိစ္စကို စိတ်ဝင်စားသောကြောင့် ကိုယ်စားလှယ်ကိုမေးသည်။

“ကျွန်တော်တို့ကိုခေါ်သွားပြီး ဟိုကျတော့ဘာတွေလုပ်ကြရမှာလဲ”

“တောလမ်းတွေက သွားရင် အထုပ်အပိုးတွေ ထမ်းပေးရမယ်၊ မြစ်ချောင်းတွေထဲကသွားမယ်ဆိုရင် လှေတွေဖောင်တွေကို လှော်ခတ်ပေးရမယ်”

ထိုအလုပ်များကတော့ သူတို့အတွက် အခက်အခဲမရှိနိုင်သောအလုပ်များဖြစ်ပေသည်။

အမှန်တော့ အင်္ဂလိပ်များက မြန်မာပြည်မှထွက်ပြေးရခါနီး ယဉ်ယဉ်ကျေးကျေးနှင့်ချွေးတပ်လာဆွဲနေခြင်းဖြစ်ကြောင်းကိုတော့ ထိုအချိန်က မသိရှာကြပေ။

ငွေများများရမည်ဖြစ်သောကြောင့် နီမောင်တို့ နေသောရွာမှ လူအတော်များများ ထိုလူခေါ်ရာနောက်သို့ လိုက်သွားကြရန် ပြင်ဆင်ကြသည်။

ထိုအထဲတွင် နီမောင်လည်းလိုက်သွားမည်ဖြစ်ရာ ဖခင်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သူက ပြောသည်။

"ငါတို့မှာ ပြေးကြည့်မှ မိသားစု သုံးယောက်ပဲရှိကြတာ၊ မင်းတစ်ယောက်တည်း လိုက်သွားမှာတော့ စိတ်မချပါဘူး၊ တို့မိသားစု သုံးယောက် သေလဲအတူ နေလဲအတူတူပေါ့၊ ငါတို့လဲလိုက်ခဲ့မယ်"

ဟု ပြောကာ မိသားစုသုံးယောက်စလုံး လိုက်သွားကြရန် စာရင်းပေးလိုက်လေသည်။

ထို့နောက် ခရီးထွက်သောအခါ သူတို့ မိသားစု သုံးယောက်စလုံး လိုက်သွားကြလေသည်။

ထိုအခြေအနေကပင် နီမောင်တို့ မိသားစုများ၏ ဘဝအပြောင်းအလဲဖြစ်စေရန် အစပျိုးခဲ့ခြင်းဖြစ်သည်ကိုတော့ ထိုအချိန်က သူတို့ မသိခဲ့ကြပေ။

ထိုအချိန်က အင်္ဂလိပ်မျက်နှာဖြူများမှာ ဂျပန်တပ်များ၏ ထိုးစစ်ဆင်မှုကြောင့် မြောက်ပိုင်းဘက်မှတစ်ဆင့် အိန္ဒိယနှင့် တရုတ်နယ်ဘက်သို့ ဆုတ်ခွာပေးနေကြရသောအချိန်လည်း ဖြစ်ပေသည်။

နီမောင် တို့ ရွာသားများပါသွားသော ဘက်မှာ တရုတ်နယ်ဘက်သို့ သွားသော အဖွဲ့နှင့် ပါသွားခြင်းဖြစ်သည်။ ၎င်းတို့သည် မြစ်ဝကျွန်းပေါ် အရပ်များမှာ ချထားသော တပ်များကို ရုပ်သိမ်းပြီး အထက်ပိုင်းသို့ ဆန်တက်ကြလေသည်။

ချေးတပ်ဆွဲလာသော အလုပ်သမားများကတော့ လက်နက်ခဲယမ်းနှင့် စားနပ်ရိက္ခာများ ထည့်ထားသော သေတ္တာနှင့် အထုပ်





အပိုးများကို ထမ်းပိုးသယ်ယူကြရလေသည်။

တောလမ်းများမှ ဖြတ်သန်းသောအခါ လားများနှင့် တင်သည့် ပစ္စည်းကိုတင်ပြီး အချို့ကိုတော့ တစ်ယောက်တစ်နိုင် ထမ်းပိုးကြရသည်။

ပထမလာခေါ်စဉ်က ငွေများများ ရမည်ဆိုသောကြောင့် မက်မောပြီး လိုက်ခဲ့ကြသော အလုပ်သမားအချို့မှာ ပင်ပန်းမှုဒဏ်ကို မခံနိုင်ကြပေ။

အချို့လည်း ငှက်ဖျားရောဂါအပါအဝင် ရောဂါအမျိုးမျိုးရကာ ဆက်မလိုက်နိုင်တော့သဖြင့် တောနက်ကြီးများထဲမှာ အဖော်မရှိဘဲ ကျန်ခဲ့ကြလေသည်။

အချို့လည်း ရောဂါ နှိပ်စက်မှုဒဏ်ကြောင့် အသက်သေဆုံးကြသည်။

အချို့ကတော့ အဆိပ်ရှိသော သတ္တဝါများ အပါအဝင် တောရိုင်းတိရစ္ဆာန်များကြောင့် သေကျေပျက်စီးကြရလေသည်။ ထိုနေရာသို့လိုက်လာသူအတော်များများမှာ အလုပ်ကြမ်းသမားများဖြစ်ကြလေသည်။ သို့သော်လည်း ယခုကဲ့သို့ ရက်ရှည်လများ နေ့ဆက်ရက်ဆက် ပင်ပန်းမှုဒဏ်ကို ခံရသောအခါ မခံနိုင်ကြတော့ပေ၊ သို့သော်လည်း နေရပ်ပြန်ရန် ဘယ်လိုမှ အခွင့် [illegible] မရကြတော့သဖြင့် ဇွတ်ပေကာ လိုက်လာခဲ့ရခြင်းပင် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



တရုတ်နယ်ဘက်သို့ ဦးတည်သွားသော အဖွဲ့များမှာ သံလွင်မြစ်ရိုးအတိုင်း အထက်သို့ ဆန်တက်ကြသည်၊ သံလွင်မြစ်မှာ ရေစီးကြမ်းသော မြစ်တစ်စင်းဖြစ်ရုံမကဘဲ ကမ်းနံ့ဘေး တစ်ဖက်တစ်ချက်မှာရှိသော တောများမှာလည်း နက်ရှိုင်းလှသည်။

သံလွင်မြစ်ရိုးမှ ဖြတ်သန်းကြရာတွင် သစ်ထွင်းလှေများ ဝါးဖောင်များအသုံးပြုကာ ဖြတ်ကြရသည်။ အချိန် အတော်များများမှာတော့ တောလမ်းခရီးမှ ခြေကျင်ခရီးသွားရသည်က ပိုပြီး ခရီးတွင်လေသည်။

နောက်ပိုင်းမှာတော့ ကြူကုတ်လမ်းဘက်မှတစ်ဆင့် တရုတ်နယ်အတွင်းသို့ရောက်အောင် သွားကြလေသည်။ လ,အနည်းငယ်ကြာသောအခါ အရှေ့ဘက်တွင်ရှိသော မဲခေါင်မြစ်ဝှမ်းသို့ ရောက်သွားကြသည်။

သူတို့ရောက်သွားသောနေရာမှာ မဲခေါင်မြစ်ဝှမ်း၏ အနောက်ဘက်ကမ်းဖြစ်လေသည်။

တရုတ်ပြည်နယ်အတွင်းသို့ ရောက်သောအခါ ပို့ရှမ်း (ယွန်ချန်း) မြို့တွင် စခန်းချကြလေသည်။ ထိုနေရာသို့ ရောက်သောအခါ အထမ်းသမားအဖြစ် လိုက်ပါလာသော အလုပ်သမားများမှာ ထက်ဝက်လောက်သာ ကျန်ပေတော့သည်။

တစ်ဝက်လောက်ကတော့ လမ်းခရီးများမှာပင် သေသူသေ မလိုက်နိုင်သူ မလိုက်နိုင်ဖြင့် ကျန်ခဲ့ကြခြင်းဖြစ်ပေသည်။ နီမောင်





တို့ မိသားစု သုံးယောက်မှာလည်း ရက်ရှည်လများ ပင်ပန်းမှုဒဏ်ကြောင့် လူရုပ်ပင် မပေါ်ကြတော့ပေ။ အဆိုးဆုံးကတော့ ဒေါ်ကျင်မေ ဖြစ်သည်။

သူမမှာ အသက်အရွယ်အရသော်လည်းကောင်း၊ အမျိုးသမီးဖြစ်နေသည်ကတစ်ကြောင်းကြောင့် ပင်ပန်းမှုဒဏ်ကို အတော်ခံရသည်။ သို့သော်လည်း စိတ်ဓာတ်မာကျောသူမို့ ခွဲတင်းပြီး လိုက်လာခဲ့ခြင်းဖြစ်ပေသည်။

နီမောင်က မိခင်ဖြစ်သူကို ညှာသည့် အနေဖြင့် နှစ်ယောက်စာ သယ်ယူရမည့်အထုပ်များကို တစ်ယောက်တည်းထမ်းလေသည်။

ဒေါ်ကျင်မေမှာ နဂိုက ပိန်ပိန်ပါးပါး ဖြစ်ရာ ယခုအခါမှာတော့ အရိုးပေါ် အရေတင်ရုံသာရှိတော့သည်။ ညအချိန် နားချိန်များတွင် နီမောင်က မိခင်ဖြစ်သူ၏အခြေအနေကို မေးရလေသည်။

"အမေ ဆက်လိုက်နိုင်ပါတော့မလား"

"ရပါတယ် သားရယ်"

"အခုမှတော့ ကျွန်တော်တို့ရွာရှိတဲ့နေရာကို ပြန်လို့မရတော့ဘူး၊ သူတို့ခေါ်ရာနောက်ကိုပဲ ဆက်လိုက်ရတော့မှာပဲ"

"သူတို့က ငါတို့ကို ဘယ်နေရာအထိခေါ်သွားမှာလဲဟင်" ဦးဘရှိန် က မေးသည်။

"ကျွန်တော်လဲ မသိဘူး"

"ဒီအတိုင်း ဆက်လိုက်သွားလို့တော့မဖြစ်ဘူး၊ ငါတို့ သုံး



www.burmeseclassic.com

www.burmeseclassic.com



ယောက်စလုံး သေသွားကြလိမ့်မယ်''

''ဒီတော့ ဘယ်လိုလုပ်ရင်ကောင်းမလဲ အဖေ''

''ငါတို့ အခွင့်အရေးရတာနဲ့ တစ်နေရာမှာချန်နေခဲ့မှ မင်း အမေ အသက်ရှင်နိုင်လိမ့်မယ်''

''အဲဒီလိုချန်နေခဲ့ပြီး ကျွန်တော်တို့က ဘယ်မှာနေပြီး ဘာ လုပ်စားကြမှာလဲဟင်''

''အိုကွာ .. ဒါတွေက တွေးပူစရာမလိုပါဘူး၊ ငါတို့က တစ် သက်လုံးတောမှာမွေး တောမှာကြီးခဲ့ကြတာပဲ၊ တောရှိရင် ထမင်း မငတ်ဘူး၊ မြစ်ချောင်းရှိနေရင် ဝမ်းစာရဖို့ ပူစရာမလိုပါဘူး''

ဦးဘရှိန် စကားကတော့ အားရှိစရာပင်ဖြစ်လေသည်။

နီမောင်ကလည်း မိခင်၏ကျန်းမာရေးအခြေအနေကို ငဲ့ ကွက်ပြီး ထိုကဲ့သို့လုပ်ချင်နေသည်။ သို့သော် ဘယ်နေရာမှာနေခဲ့ ရမည်ကိုတော့ သူ မသိသေးပေ။

စစ်ရေးအခြေအနေမလှသဖြင့် ဆုတ်ခွာလာသော အင်္ဂလိပ် စစ်တပ်များကတော့ မြန်မာပြည်မှခေါ်လာသော ချွေးတပ်သား များ တဖြည်းဖြည်းပျောက်သွားသောအခါ တရုတ်ပြည်နယ်အတွင်း ရှိ ကျေးရွာများမှ တရုတ်လူမျိုးများကို အတင်းအဓမ္မချွေးတပ်ဆွဲ ကာ ခေါ်ခဲ့ကြပြန်လေသည်။

မြန်မာလူမျိုးများကတော့ နီမောင် တို့မိသားစု အပါအဝင်





အနည်းငယ်သာ ကျန်တော့သည်။

ထိုကဲ့သို့ ချွေးတပ်ဆွဲရာ တရုတ်လူမျိုးများအပြင် တိဗက် လူမျိုးအချို့လည်းပါလေသည်။

ထိုအထဲတွင် တရုတ်လူမျိုး တန်ပနှင့် တိဗက်လူမျိုး လူပု လေးမိတ္တတို့နှစ်ယောက်နှင့်မိတ်ဆွေဖြစ်ကြလေသည်။

''နီမောင် .. မင်းက ဗမာလူမျိုးလား''

''ဟုတ်တယ်''

''ဗမာပြည်မှာနေတာလား''

''အေး .. ဟုတ်တယ်''

''ဒီလောက်အဝေးကြီးရောက်လာပြီးမှ ဘယ်လိုပြန်တော့မလဲ''

''မပြန်တော့ဘူး''

''ဒါဖြင့် ဘယ်မှာနေမှာလဲ''

''မသိသေးဘူး''

''ငါတို့နဲ့အတူလိုက်နေမလား''

တန်ပ က မေးသည်။

''မင်းတို့က ဘယ်မှာနေတာလဲ''

''အာဟိုင်းရေကန်ကြီးနဲ့မဝေးလှတဲ့ရွာမှာနေတယ်''

''အာဟိုင်းရေကန် ဟုတ်လား''

''ဟုတ်တယ်၊ မင်း ကြားဖူးလား''

နီမောင် က အတန်ကြာအောင် စဉ်းစားနေလေသည်။ သူ



www.burmeseclassic.com

www.burmeseclassic.com



အတွေးထဲမှာ ထိုအကြောင်းကို တွေးတောနေသည်။ စဉ်းစားနေသည်။

အာဟိုင်းရေကန်ဆိုသောအမည်ကို သူ သိနေသလိုရှိသည်။ တစ်ခါက အိပ်မက်ထဲမှာတွေ့ရသောအဘိုးကြီး ပြောသွားသော အထဲမှာ အာဟိုင်းရေကန်အကြောင်းပါသဖြင့် သတိရနေခြင်း ဖြစ်၏။

"အေး ကြားဖူးသလိုပဲ"

"မင်းတို့ဆီမှာတုန်းက ဘာလုပ်သလဲ နီမောင်"

"ငါးဖမ်းတယ်"

"အာဟိုင်းရေကန်ထဲမှာ ငါးတွေအများကြီးရှိတယ်၊ လူတစ်ယောက် အရွယ်လောက်ရှိတဲ့ငါးချုကြီးတွေတောင်ရှိတယ်၊ မင်းသာ ငါးရှာတတ်တယ်ဆိုရင် တစ်သက်လုံး စားစရာမရှိမှာ ပူစရာမလိုတော့ဘူး"

ဟု တန်ပ က ပြောရာ နီမောင် က စိတ်ဝင်စားသလို အနီးမှာ ရှိသော လူပုလေး မိတ္တ ကပါ စိတ်ဝင်စားလေသည်။

"ငါလဲ ငါးရှာတာ ဝါသနာပါတယ်၊ မင်းပြန်ရင် မင်းနဲ့အတူ တူလိုက်နေတော့မယ်၊ နီမောင် မင်းရောလိုက်မှာလား"

ဟု မေးသည်။

"လိုက်တာတော့ ဟုတ်ပါပြီ၊ သူတို့လက်ထဲကလွတ်အောင် ဘယ်လိုလုပ်ကြမှာလဲ"





"ဒီအတွက် စိတ်ပူမနေပါနဲ့၊ ငါတို့နေတဲ့ ယန်းနန်းနယ်ထဲ ...က်တာနဲ့ သူတို့မသိအောင် ထွက်ပြေးကြမှာပေါ့၊ ငါတို့အရင် ထွက်ပြေးနေတဲ့လူတွေ အများကြီးရှိတာပဲ"

"ဒီလိုဆိုရင်လဲ သွားကြမယ်"

နီမောင် က ပြောလိုက်သောအခါ ကျန်နှစ်ယောက်ကလည်း ...သာသွားကြလေသည်။

ထို့နောက်မှာတော့ နီမောင်က ထိုအကြောင်းကို မိဘများကို ...တင်အသိပေးထားလေသည်။

နောက်ပိုင်းမှာတော့ နီမောင်၊ တန်ပနှင့်လူပုလေးမိတ္တတို့ သည် ...လိပ်စစ်သားများလက်မှ လွတ်မြောက်ရန်ကြံစည်အား ...က်နေကြသည်။

အင်္ဂလိပ်စစ်သားများလည်း တရုတ်ပြည်နယ်အတွင်းမှ ဖြတ် ...သွားကြရာ ယန်းနန်းနယ်အတွင်းသို့ရောက်သောအခါ လူ... ...ရှာထွက်ပြေးသွားကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

## ကျောက်ဂူဆောင်ပေါ်မှ မည်းမည်းသဏ္ဍာန်

မြစ်ဝကျွန်းပေါ်ဘက်မှာနေကြသော နီမောင်တို့မိသားစု ယောက် တာရုတ်ပြည်နယ်အတွင်းသို့ မမျှော်လင့်ဘဲရောက်ခဲ့ မှာ ဤသို့ပင်ဖြစ်ပေသည်။

သူတို့မိသားစုအနေနှင့်တော့ ထိုနေရာသို့ရောက်နိုင်ရန် မက်ပင်မမက်ဖူးခဲ့ကြပေ။

အင်္ဂလိပ်စစ်သားများက ချွေးတပ်ဆွဲလာခဲ့သောကြောင့် မ လင့်ဘဲရောက်ခဲ့ကြခြင်းဖြစ်သည်။

အင်္ဂလိပ်စစ်သားများလက်မှ လွတ်မြောက်လာခဲ့ပြီးနော တွင် နီမောင်တို့မိသားစုသုံးယောက်နှင့်အတူ လူပုလေးမိတ္တ တန်ပ က ၎င်းတို့ရွာသို့ခေါ်သွားလေသည်။





၎င်းနေသောရွာမှာ အာပတိုင်းရေကန်ကြီးမြောက်ဘက်ကမ်းခြေ င် ရှိသည်။

ရွာ၏အမည်မှာ ကျောက်နဂါးတောင်ရွာဖြစ်ပြီး ရေအောက် နှစ်မြုပ်ပျောက်ကွယ်နေသော ကျူဂီမြို့ဟောင်းရှိရာနှင့်လည်း း‌လှပေ။

ကျောက်နဂါးတောင်၏အနောက်ဘက်မှာရှိသော ကျောက် များပေါ်တွင် ကျိုးပဲ့ပျက်စီးနေပြီဖြစ်သော ကျောက်နဂါးရုပ် းများရှိသည်။

ကျူဂီမြို့ဟောင်း ကောင်းစားစဉ်က ယုလုပ်အသုံးပြုခဲ့သော တုများဖြစ်ဟန်ရှိသည်။

နှစ်ပရိစ္ဆေဒကြာမြင့်ခဲ့ပြီဖြစ်သောကြောင့် အချို့လည်း ပြိုကျ က်စီးနေရာ ကျောက်တုံးသာသာပင်ရှိတော့သည်။ အချို့လည်း စ်ဝက်တစ်ပျက်ကျန်နေကြသေးသည်။

သို့သော်လည်း ကျောက်နဂါးရုပ်ကြီးများဖြစ်မှန်းတော့ သိ ကြသည်။

သို့ကြောင့် ထိုရုပ်တုကြီးများကို အကြောင်းပြုပြီး ကျောက် ဂါးတောင်ရွာဟု အမည်ပေးထားခဲ့ခြင်းဖြစ်ပေသည်။ ရှေးမှာ ပြခဲ့သည့်အတိုင်း ထိုရွာမှာ စည်ကားသောရွာကြီးတစ်ရွာပင် ဖြစ်ပေသည်။

နီမောင်တို့မိသားစုမှာ ထိုရွာသို့ရောက်လာပြီးနောက်တွင်



www.burmeseclassic.com

www.burmeseclassic.com



နေစရာလည်းမရှိ၊ စားစရာလည်းမရှိသဖြင့် တန်ပ က တတ်
သလောက် အကူအညီပေးကားရသည်။

သို့သော်လည်း တန်ပတို့မှာလည်း ချမ်းသာကြွယ်ဝသူ
မဟုတ်ကြသောကြောင့် သင့်သလောက်သာ အကူအညီပေး
ကြသည်။

ထို့ပြင် လှုပုလေးမိတ္တ ကလည်း အခြားမှာ နေစရာမရှိ
ကြောင့် နီမောင်တို့နှင့်ပင် လာနေရာ လူတစ်ယောက် တိုး
တော့သည်။

သို့ကြောင့် အခြားသူများထံမှ အကူအညီမယူရဘဲ မိမိအ
အစနှင့်ကြိုးစားရပေတော့မည်။

သူက ငါးဖမ်းကျွမ်းကျင်သည်။ ရေရှိလျှင် ငါးရှိသည်
သော်လည်း သူ့မှာ လှေမရှိပေ။ ငါးဖမ်းကိရိယာ မရှိသေး

တင်ကျီးငှက်ဖြင့်ငါးဖမ်းသည်ဆိုသော်လည်း ဝယ်မည်
က တင်ကျီးငှက်တစ်ကောင်၏တန်ဖိုးက မနည်းလှပေ။ ထို
အခက်တွေ့နေစဉ် တန်ပ က အကြံပေးသည်။

“မင်း လှေလိုချင်ရင် ငွေတိုးနဲ့ချေးပြီးဝယ်ရင် ရနိုင်တ

“ငါ့မှာ အသိအကျွမ်းမှမရှိတာ ဘယ်သူကချေးမှာလဲ”

“ငါတို့ရွာမှာ ရွာလူကြီး လိချွန်ဆိုတာ ရှိတယ်၊ သူက
တော့ ယုံကြည်ရရင် ငွေတိုးကြေးတိုးနဲ့ချေးတယ်၊ မင်းလိုချ
ငါ့အဖေကို အာမခံခိုင်းရင် ရတယ်၊ ငါ့အဖေနဲ့ရွာလူကြီး လိ





ရင်းနှီးတယ်”

“အေး .. ဒီလိုဆိုရင်လဲ လှေတစ်စင်းနဲ့ ငါးဖမ်းကိရိယာတွေ
ဝယ်ဖို့ ငါ ငွေချေးမယ်”

ဟုပြောသဖြင့် တန်ပ က သူ၏ဖခင်ကို ပြောပြသည်။

တန်ပ ဖခင်ကလည်း နီမောင်ကို သူ့သား၏မိတ်ဆွေလည်း
ဖြစ်၊ ခင်လည်းခင်ဖြစ်နေသောကြောင့် လိုက်ချေးပေးရန် ကတိ
ပေးလေသည်။

ရွာလူကြီး လိချွန်၏နေအိမ်မှာ ရွာအစွန်ဘက်တွင်ရှိပြီး ရေ
တစ်ပိုင်း ကုန်းတစ်ပိုင်း ရေစပ်၌ဆောက်ထားသောနေအိမ် ဖြစ်
သည်။

၎င်းနေအိမ်မှာ အတော်အတန်ကျယ်ဝန်းပြီး အလုပ်သမား
များလည်းရှိလေသည်။

လှေ၊ ငါးဖမ်းကိရိယာနှင့်စားသောက်ကုန်၊ အရက် စသည်
တို့ ရောင်းချသောဆိုင်လည်းရှိသည်။

“ဟား .. ရှောင်ဖုန်းတို့သားအဖပါလား၊ လာကြ”

ရွာလူကြီး လိချွန် က ခင်မင်နေသောမိတ်ဆွေနှင့်တွေ့ရ
သောကြောင့် လက်ဖက်ရည်နှင့်ဧည့်ခံလေသည်။ ရှောင်ဖုန်း တို့
သားအဖနှင့် အတူပါလာသော နီမောင်ကိုလည်း အကဲခတ်ပြီး
ကြည့်နေသည်။

“သူက တရုတ်လူမျိုး၊ တိဗက်လူမျိုးလဲ မဟုတ်ပါလား၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူလဲ၊ ဘယ်ကလာတာလဲ''

''သူက တန်ပရဲ့မိတ်ဆွေပါ၊ ဗမာပြည်ကလာကြတာပါ''

''ဒီလိုနေရာမျိုးမှာ ရှားရှားပါးပါး ဗမာလူမျိုးတစ်ယောက်နဲ့ တွေ့ရတာ ဝမ်းသာစရာပဲ၊ အခု ဘာကိစ္စရှိလို့လာကြတာလဲ''

''သူ့အတွက် ခင်ဗျားဆီက လှေတစ်စင်းနဲ့ ငါးဖမ်းကိရိယာ တစ်စုံလောက် အကြွေးစာရင်းမှတ်ပြီး ယူချင်လို့ပါ''

ရှောင်ဖုန်း စကားကြောင့် လီချွန် က လက်ဖက်ရည်သောက် ရင်းနှင့် အတန်ကြာအောင်စဉ်းစားနေလေသည်။ သူသည် တစ် နယ်တစ်ကျေးမှလာသူများအား ကျွေးပေးရန် ဝန်လေးနေဟန် ရှိသည်။

''သူ့ဘို့အတွက် စိတ်မပူပါနဲ့၊ တကယ်လို့ သူတို့ကျေအောင် မဆပ်နိုင်ရင် ကျွန်တော် ဆပ်ပေးပါ့မယ်''

ရှောင်ဖုန်းမှာ ငွေကြေးပြည့်စုံသူမဟုတ်သော်လည်း ရိုးသား ဖြောင့်မတ်သောစိတ်ထားရှိသူဖြစ်သောကြောင့် ထိုကဲ့သို့ ဝင် ရောက်ပြီး အာမခံပေးလိုက်သောအခါ ရွာလူကြီး လီချွန်လည်း ဘဝင်ကျသွားဟန်ရှိလေသည်။

''မင်း အာမခံတယ်ဆိုရင်လဲ ပြီးတာပါပဲ၊ ဒါပေမယ့် အတိုး ကတော့ ပေးရမယ်နော်''

''ပေးပါ့မယ်''

''ဒါဖြင့် လိုချင်တဲ့ပစ္စည်းတွေကို သွားပြီးရွေးပေတော့၊ သမီး





ထိုအခိုက်မှာပင် ...

''ဝုန်း ..''

ဟူသော ရေလှိုင်းလှုပ်ရှားသံနှင့်အတူ သူတို့လှေနံဘေးမှ မည်းမည်းသဏ္ဌာန်ကြီး ပေါ်လာလေသည်။

''အမယ်လေးဗျ ...''

လူပုလေးမိတ္တ က အလန့်တကြားအော်လိုက်လေသည်။ ထို အဖြစ်အပျက်ကြောင့် နီမောင်ပင် လန့်သွားသည်။ သို့သော် လှေ ပေါ်မှာ ပြေးစရာမြေမရှိသောကြောင့် စိတ်တင်းကာ ကြည့်လိုက် သည်။

''ဝုန်း ... ဝုန်း''

တဝုန်းဝုန်းနှင့် လှုပ်ရှားနေသောအရာကို အသေအချာမြင် လိုက်တော့မှ စိတ်သက်သာရာရသွားပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ရယ်လိုက်ကြသည်။

ထိုအရာမှာ အခြားမဟုတ်ပေ ...၊

ပိုက်ထဲမှာဝင်ကိုးမိနေသော ကြီးမားလှသည့် ငါးခူကြီးတစ် ကောင်ပင်ဖြစ်ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

## ကမ္ဘာပေါ်ရှိ ထူးဆန်းသောသတ္တဝါများ

နီမောင်တို့နှစ်ယောက် ကျူဂီမြို့ဟောင်းနေရာတွင် ထူးဆန်းသောသတ္တဝါကြီးတစ်ကောင် တွေ့ခဲ့ရသည်မှာ အဆန်းတော့မဟုတ်ပေ။

ကမ္ဘာပေါ်တွင် တိမ်မြုပ်ပျောက်ကွယ်နေသောနေရာများနှင့် ထူးဆန်းသောသတ္တဝါကြီးများ အများအပြားရှိလေသည်။ မြန်မာနိုင်ငံမှာပင် ထူးဆန်းသောသတ္တဝါကြီးအချို့ကို တွေ့မြင်ဖူးကြလေသည်။

လီဒိုလ:မကြီးဖောက်စဉ်က တောင်အတွင်းမှထွက်လာ သောကြီးမားသောမြွေပြိတ္တာကြီးတစ်ကောင်ကိုတွေ့ခဲ့ကြရသည်။





ဘယ်လိုသတ်၍မှမသေသောအခါ နောက်ဆုံး မိုင်းများဖြင့်ခွဲတော့မှ အပိုင်းပိုင်းပြတ်ကာ သေသွားတော့သည်။ အသားပိုင်းတစ်ပိုင်းကိုပင် လော်လီကားပေါ်တင်ပြီးသယ်ယူရသောကြောင့် အကောင်အရွယ်အစား မည်ရွေ့မည်မျှကြီးမည်ကို ခန့်မှန်းကြည့်နိုင်သည်။

ရှေးအခါက ဟူးကောင်းချိုင့်ဝှမ်းဘက်မှာ ဒိုင်နိုဆောနှင့် ပုံသဏ္ဌာန်တူသောသတ္တဝါကြီးတစ်ကောင် ဘယ်နေရာက ဘယ်လိုရောက်လာမှန်းမသိရဘဲ ရွာများကိုဝင်ရောက်ဖျက်ဆီးသောကြောင့် လူအချို့ သေပြီး ရွာများလည်း ပျက်စီးသွားခဲ့ဖူးသည်။

ထို့ပြင် ပင်လယ်ပြင်မှာလည်း သုံးပင်တိုင်ရွက်သင်္ဘောကြီးများထက် ပိုကြီးသော ပင်လယ်သတ္တဝါကြီးများကို တွေ့မြင်ဖူးကြသည်။

ကမ္ဘာအရပ်ရပ်မှာလည်း လူတို့တွေ့မြင်ရန် ခက်ခဲသော် လည်း အမှန်တကယ်ရှိနေသည်ဟု ယူဆရသောသတ္တဝါများ အကြောင်း အောက်ပါအတိုင်း ရေးသားဖော်ပြထားသည်ကို တွေ့ ရသည်။

နှင်းလူ (Bigfoot / Sasquatch / Yeti) ဟူသည် အမွေးထူထူနှင့် လူဝံအကြီးစားတစ်ကောင်နှင့်တူသည်။ ၄င်းသည် ယနေ့တိုင် အတိအကျမသိရသေးသည့်သတ္တဝါတစ်မျိုးဖြစ်သည်။

အဆိုပါသတ္တဝါကို ကမ္ဘာ့နေရာအသီးသီးမှ လူသူကင်းမဲ့သော သစ်တောများအတွင်းနှင့် တောင်ကုန်းဒေသများတွင် တွေ့



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရကြောင်း လူအများက ပြောကြသည်။

သို့သော် နေရာဒေသအလိုက် Bigfoot / Sasquatch / Yeti / Skunk Ape နှင့် Yowie ဟူ၍ အခေါ်အဝေါ်များ ကွဲပြားနေကြသည်။

မြောက်အမေရိကတိုက် အနောက်မြောက်ဘက် ဖလော်ရီဒါမှ ဩစတြေးလျအထိ တွေ့ဖူးသူတို့၏ ပြောဆိုချက်များအရ နှင်းလူ၏ပုံပန်းသဏ္ဌာန်နှင့် လက္ခဏာရပ်တို့မှာ လူနှင့်မတူသော အောက်ဖော်ပြပါကွဲပြားချက်များရှိသည်။

နှင်းလူတို့သည် လူတို့ထက် အရပ်ပိုမြင့်၏။ ၄င်းတို့၏အရပ်မှာ ခုနစ်ပေမှ ရှစ်ပေခန့်မြင့်သည်။

အညိုရောင် သို့မဟုတ် နီဝါရောင်ရှိ အမွေးရှည်များက ခန္ဓာကိုယ်ကို ဖုံးနေ၏။

ပြင်းထန်သောအနံ့ဆိုး ရှိ၏။ ကြီးမားကျယ်ပြန့်လှသော ခြေဖဝါးကြီးများရှိရာ ယင်းခြေဖဝါးရာအကြီးကြီးများကို သက်သေခံအဖြစ်တွေ့ရတတ်သည်။ လူတို့ကို ရှောင်ကွင်းတတ်၏။ စူးရှသော ကြောက်မက်ဖွယ်ရာအသံကြီးကို ပြုတတ်၏။

လော့(ချ်)နက်(စ်)မွန်းစတားတောင်ကြီးနှင့် ရေအိုင်ထဲမှ အခြားမွန်းစတားများ(Loch Ness Monster and Other Lake Monsters) ကိုသေချာစွာ လေ့လာစူးစမ်းမှုပြု၍မရသေးပေ။

သို့သော် ရှားရှားပါးပါးမျက်မြင်သက်သေကောင်းအချို့က ယင်းအကောင်ကြီးများရှိကြောင်း အတိအလင်းအမာပြောဆိုကြသည်။





Nessie သို့မဟုတ် Loch Ness ဟုခေါ်သော မွန်းစတားကောင်ကြီးများသည် ဒေသအခေါ်အရ Bessie ဟုခေါ်သော Lake Erie ဟုခေါ်သည့်အကောင်များနှင့်ဆင်တူသည်။

Loch Ness မွန်းစတားကောင်ကြီးများမှာ ရေထဲတွင် တွေ့ရသည်ဟု အပြောအများဆုံး ထူးဆန်းအံ့ဖွယ်အကောင်ကြီးများဖြစ်ကြသည်။

ကမ္ဘာတစ်လွှားရှိ အေးခဲနေသောရေအိုင်ကြီးများ၏ ရေနက်ထဲတွင် ဒေသအလိုက် အခေါ်အဝေါ်ကွဲပြားစွာဖြင့် Loch Ness မွန်းစတားကောင်ကြီးများရှိနေကြသည်။

ယင်းအကောင်ကို ချက်စာပီကီပင်လယ်အော်တွင် Chessie ဟု လည်းကောင်း၊

ဆွီဒင်နိုင်ငံ စတော့ဂျွန်ရေအိုင်ကြီးတွင် Storise ဟု လည်းကောင်း၊

နော်ဝေနိုင်ငံ ဆယ်ဂျော့ဇတ်နတ်ရေအိုင်ကြီးတွင် Selma ဟု လည်းကောင်း၊

နယူးယောက်ချမ်ပလိန်းရေအိုင်ကြီးတွင် Champ ဟု လည်းကောင်း အသီးသီးခေါ်ဝေါ်ကြသည်။

မည်သို့ပင် [illegible] ကြီး၏လက္ခဏာရပ်များမှာ တူညီချက်များရှိသည်။

အဆိုပါ မွန်းစတားကောင်ကြီးသည် လည်ပင်းအရှည်ကြီး



www.burmeseclassic.com

www.burmeseclassic.com



နှင့်ကြီးမားလှသောအကောင်ကြီးဖြစ်၏။ မြင်းကဲ့သို့သောဦးခေါင်းရှိ၏။ ကျောပြင်တွင် ဘို့ ပါရှိ၏။

ချူပါကာဘရာ ခေါ် ဆိတ်သွေးစုပ်ကောင်(Chupacabra) နှင့်သက်ဆိုင်သည့် မှတ်တမ်းအချို့သည် ၁၉၇၀ ပြည့်လွန်နှစ်များကတည်းက ရှိခဲ့သော်လည်း ၁၉၉၅ ခုနှစ်ရောက်မှ ပွေအာတိုရီကိုမှ သတင်းတစ်ရပ်ကြောင့် အကြီးအကျယ် ထင်ရှားလာခဲ့ခြင်းဖြစ်သည်။

ယင်းသတင်းမှာ ပွတောအိုရီမှ လယ်သမားများ မွေးမြူထားသော ကြက်၊ ဘဲ၊ ကြက်ဆင်၊ ယုန်နှင့် ဆိတ်များ အသတ်ခံရသည့်သတင်းပင်ဖြစ်သည်။

တစ်ခါတစ်ရံတွင် တစ်ညနေအတွင်း၌ပင် ရာပေါင်းများစွာသော တိရစ္ဆာန်များ အသတ်ခံရ၏။

တရားခံမှာ အမျိုးအမည်မသိ ထူးဆန်းသောသတ္တဝါကြီးဖြစ်ပြီး ထိုအကောင်ကြီး၏ သတ်ဖြတ်ပုံမှာ တစ်မူထူးခြားလှသည်ဟုဆို၏။

ယင်းအကောင်သည် သတ်ဖြတ်ထားသောတိရစ္ဆာန်များကို နေရာရွှေ့ပြောင်းဆွဲယူသွားခြင်း အလျှင်းမရှိသောကြောင့် အသားစားရန်သတ်ခြင်းမဟုတ်သည်မှာ သေချာ၏။

ယင်းအကောင်သည် သေသောတိရစ္ဆာန်တွင် အလွန်သေးငယ်လှသောအပေါက်ဖောက်၍ ၄င်း၏သွေးကိုသာ စုပ်ယူသွား





သည်ဟု ဆို၏။

မျက်မြင်သက်သေများ၏အဆိုအရ ယင်းအကောင်၏ လက္ခဏာရပ်များမှာ တစ်မျိုးထူးခြားနေ၏။

Chupacabra ကောင်၏ အရွယ်အစားမှာ ချင်ပန်ဇီခန့်ရှိ၏။

၄င်းသည် သားပိုက်ကောင်ကဲ့သို့ ခုန်၍ခုန်၍သွား၏

၄င်းတွင် ကြီးမား၍ တောက်ပသော အနီရောင်မျက်လုံးများရှိ၏။ အညိုရောင်အရေပြားရှိပြီး လက်များတွင် အမွေးများ ဖုံးနေ၏။ အစွယ်ချွန်များရှိ၏။

၄င်း၏ကျောရိုးတစ်လျှောက်တွင် ငှက်တောင်မွေးကဲ့သို့သော အရာများရှိနေပြီး ယပ်တောင်ကဲ့သို့ အပိတ်အဖွင့်လုပ်နိုင်သည်။

အချို့က အတောင်ပံများရှိသည်ဟုပင် ယူဆကြသည်။

မက္ကဆီကိုတက္ကဆက်တောင်ပိုင်းနှင့် တောင်အမေရိကနိုင်ငံပေါင်းများစွာတို့တွင် တိရစ္ဆာန်များသေဆုံးရမှုအတွက် ယင်းသတ္တဝါကို တရားခံအဖြစ် စွပ်စွဲကြသည်။

ချီလီနိုင်ငံတွင် ၂၀၀၀ ပြည့်နှစ် မေလမှ ဇွန်လအတွင်း ယင်းကဲ့သို့သောတိရစ္ဆာန် သေဆုံးရမှုများ ဆက်တိုက်ဖြစ်ပေါ်ခဲ့သည်။ တရားခံမှာ Chupacabra ဟုခေါ်သော ဆိတ်သွေးစုပ်ကောင်ပင်ဖြစ်မည်ဟု ယူဆကြသည်။

ဂျာစီမိစ္ဆာ(Jersey Devil) ကောင်ဆိုသည်မှာ နယူးဂျာစီပြည်နယ်၏ ထူထပ်သော လူသူမရောက်သည့် ထင်းရှူးတောများထဲ



www.burmeseclassic.com

www.burmeseclassic.com



တွင် ကျက်စားတတ်သည့် ကြောက်မက်ဖွယ်ရာအကောင်မျိုး ဖြစ်သည်။

ဂျာစီမိစ္ဆာများကို ၁၇၀၀ ပြည့်နှစ်ကတည်းက ဘေးဒုက္ခကပ်ကြီး ဆိုက်ရောက်မည့်နိမိတ်ဆိုးအဖြစ် ယူဆကြသည်။

သို့သော် ၁၉၀၀ ပြည့်လွန်နှစ်များရောက်မှသာ ယင်းအကောင်များကိုမြင်တွေ့ဖူးသူမျက်မြင်သက်သေ ၂၀၀၀ ကျော်ရှိကြောင်း သုတေသနမှတ်တမ်းရှိလာသည်။

မျက်မြင်သက်သေများ၏အဆိုအရ ယင်းအကောင်တို့၏ လက္ခဏာရပ်များမှာ ထူးခြားမှုများရှိသည်။

ဂျာစီမိစ္ဆာကောင်သည် သုံးလေးပေခွဲခန့်အရပ်မြင့်သည်။

၄င်းသည် ကိုလီအမျိုးအစားခွေးကဲ့သို့ ဦးခေါင်းရှိပြီး မျက်နှာမှာ မြင်းနှင့်တူ၏။ ရှည်လျားသောလည်ပင်းရှိ၏။ နှစ်ပေရှည်လျားသောတောင်ပံများရှိသည်။

၄င်း၏နောက်ခြေထောက်များမှာ ကြိုးကြာခြေထောက်များနှင့်တူပြီး ထိုခြေထောက်များတွင် မြင်းကဲ့သို့သောခွာများပါဝင်သည်။

၄င်းသည် နောက်ခြေထောက်များဖြင့်လမ်းလျှောက်ပြီး ရှေ့ခြေထောက်အတိုများကို နောက်ခြေထောက်ပေါ်တွင် ထောက်ထားတတ်သည်။

လူပျံကောင် (Mothman) ကောင်သည် ၁၉၆၆ ခုနှစ် နိုဝင်ဘာ





လတွင် အနောက်ဗာဂျီးနီးယားပြည်နယ်။ ဖွိုင့်ပလီးဆန့် ဟူသည့် အရပ်၌ စတင်တွေ့ရှိရသည်။

ဂျွန်ကီးဆိုသည်၏ ဂန္ထဝင်စာအုပ်တစ်အုပ်ထဲတွင် ယင်းအကောင်ကို တွေ့မြင်ရသူ မျက်မြင်သက်သေပေါင်း ရာနှင့်ချီ၍ ရှိသည်ဟုဆို၏။

အဆိုပါအကောင်၏ လက္ခဏာရပ်များမှာ ထူးခြားမှုများရှိသည်။

လူပျံကောင်(Mothman) ကောင်သည် အရပ်ခုနစ်ပေမြင့်သည်။

တောင်ပံများမှာ ၁၀ ပေရှိသည်။

၄င်းအကောင်တွင် ငါးကြေးခွံကဲ့သို့သော စကေးကွက်များပါသည့် မီးခိုးရောင်အရေပြားရှိသည်။

ကြီးမားပြီး အနီရောင်တောက်ပနေသည့် ငိုက်မျဉ်းနေသော မျက်လုံးများရှိသည်။

မတ်မတ်ထောင်တက်လျက် ပျံသန်းနိုင်ပြီး တစ်နာရီအတွင်း မိုင် ၁၀၀ ခရီးသွားနိုင်သည်။

၄င်းတို့သည် ခွေးကြီးများကို သတ်ဖြတ်စားသောက်တတ်သည်။

လျှပ်စစ်မော်တာသံ သို့မဟုတ် ကြွက်တစ်ကောင်ကဲ့သို့ အသံပြုတတ်သည်။

ရေဒီယို သို့မဟုတ် ရုပ်မြင်သံကြားလိုင်းများကို ဝင်ရောက်



www.burmeseclassic.com

www.burmeseclassic.com



နှောင့်ယှက်တတ်သည်။

၄င်းအကောင်တွင် စိတ်ကိုပြုစားတတ်သော စွမ်းရည်များ ရှိသည်။

လူပျံတော် (Mothman) ကောင်သည် ထူးဆန်းသောသတ္တဝါ တစ်မျိုးဖြစ်၍ ဟောလိဝုဒ်ရုပ်ရှင်ကုမ္ပဏီများက ရိုက်ကူးပြီး Mothman Prophecies ကဲ့သို့သော ရုပ်ရှင်ကားများထွက်ပေါ်ခဲ့ သည်။

မှင်စာများနှင့် နတ်သမီးကလေးများ (Elves and Fairies) ရှိကြောင်း အပြင်းအထန်ယုံကြည်ကြသူများ ယနေ့ခေတ် လူ့အဖွဲ့ အစည်း၌ ဦးရေ မများလှတော့ပေ။

သို့သော် အချို့အဘိုးကြီးအဘွားကြီးများကမူ သူတို့မြေး ကလေးများ၏ခေါင်းပေါ်တွင် မှင်စာလေးများနှင့် နတ်သမီးလေး များကို သူတို့ကိုယ်တိုင် တပ်အပ်မြင်ရကြောင်း အခိုင်အမာ ပြော ဆိုကြသည်။ -

အထင်ရှားဆုံးအဖြစ်အပျက်မှာ တော်တင်ဂလေးနတ်သမီး လေးများအကြောင်းဖြစ်သည်။

ကာစင်ဖရန့်နှင့် အယ်လ်ဆီရိုက် က သူတို့သည် နတ်သမီး လေးပေါင်းများစွာနှင့် မိတ်ဆွေဖြစ်နေသည်ဟု အခိုင်အမာ ပြော ဆိုခဲ့သည်။

သူတို့က သူတို့နှင့်အတူတွဲကာ ရိုက်ကူးထားသည့် နတ်





သမီးကလေးများ၏ဓာတ်ပုံများကို အနောက်တိုင်းလူ့အဖွဲ့အစည်း တွင်းသို့ ဖြန့်ဝေခဲ့သည်။

ယင်းကို ရှားလော့ဟုမ်း စာရေးဆရာကြီး ဆာအာသာကို နင်ဒွိုင်းသည်ပင်လျှင် လက်ခံခဲ့သည်။

နတ်သမီးကလေးများနှင့်မှင်စာတို့၏အကြောင်းသည် ကမ္ဘာ့ နိုင်ငံအနှံ့အပြားရှိ ကလေးပုံပြင်စာအုပ်ပေါင်းများစွာတွင် ပါဝင် ခဲ့သည်။

ယင်းတို့သည် ရှိတ်စပီးယား၏ "နွေလယ်ညအိပ်မက်တစ်ခု" စာအုပ်ထဲတွင် အဓိကဇာတ်ကောင်များဖြစ်ခဲ့ကြသည်။

နတ်သမီးကလေးများကို များသောအားဖြင့် တောင်ပံများ ရှိလျက် ဖျတ်ခနဲပေါ်လာပြီး ပြန်ပျောက်သွားတတ်သော တော အုပ်များအတွင်း နေထိုင်သူများအဖြစ် ဖော်ပြလေ့ရှိကြသည်။

မှင်စာကလေးများမှာ တောအုပ်များအတွင်းတွင် နေထိုင် သော်လည်း နတ်သမီးကလေးများနှင့်မတူသည်မှာ သူတို့သည် လူပုံစံအတိုင်းရှိပြီး အရွယ်အစားအလွန်ပုကွသေးငယ်ခြင်းဖြစ်သည်။

သူတို့သည် လူသားတို့နှင့်ဝေးကွာသောနေရာ၌ ပုန်းကွယ် လျက် ကိုယ်ပိုင်မြို့ပြများတည်ထောင်နေထိုင်တတ်ကြသည်ဟု လည်း ဖော်ပြကြသည်။

၁၉၁၉ ခုနှစ် နွေရာသီညတစ်ညတွင် အသက် ၁၃ နှစ်အရွယ် ရှိ ဟယ်ရီဒါးဆင်းက သူသည် လရောင်အောက်တွင် ဦးရွှေ



www.burmeseclassic.com

www.burmeseclassic.com



၂၀ ခန့်ပါဝင်သော လူပုကွလေးများ အတန်းလိုက်ချီတက်လာသည်ကို မျက်ဝါးထင်ထင်မြင်တွေ့ခဲ့ရသည်ဟု အခိုင်အမာပြောဆိုခဲ့သည်။

သူတို့သည် ဒူးအထိရောက်သော သားရေဘောင်းဘီတိုနှင့် ကိုယ်ကျပ်အဘွင်းခံဘောင်းဘီရှည်များကို ဝတ်ဆင်ထားသည်ဟု ဆို၏။

သူတို့သည် အပေါ်အင်္ကျီဝတ်ဆင်ထားခြင်းမရှိဘဲ ထိပ်ပြောင်ကာ ဖြူဖျော့ဖျော့အရေပြားအရောင်ရှိသည်ဟု ဆို၏။

သူတို့သည် ဟယ်ရီအား ဂရုမစိုက်ဘဲ ဖြတ်သန်းသွားကြပြီး ဘာမှန်းမသိသည့်စကားများကို တစ်ချိန်လုံး ရွတ်ဆို၍သွားကြသည်ဟုဆို၏။

၁၈၄၂ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ စတူးမားကတ်အရပ်၌ လူတစ်ဦးသည် မြက်ခင်းပြင်တစ်ခုကို ဖြတ်လျှောက်လျက် အိမ်သို့ပြန်လာရာ နတ်သမီးကလေးများနှင့်တွေ့ဆုံခဲ့ရသည်ဟုဆို၏။

သူ၏ပြောပြချက်အရ နတ်သမီးကလေးများသည် အကြီးဆုံးက သုံးပေခန့်အရပ်အမြင့်ရှိပြီး အငယ်ဆုံးက ကစားစရာအရုပ်သာသာရှိကြောင်း သိရသည်။

နတ်သမီးကလေးများသည် လက်များတွဲချိတ်လျက် ပိုင်းကြီးပပ်ပပ်ဒူဝေဝေဟန်လုပ်ကာ ခုန်ပေါက်သွားလာနေကြကြောင်း၊

သူတို့ဆီမှ အသံတစ်စုံတစ်ရာထွက်ပေါ်ခြင်းမရှိကြောင်းနှင့်





သူတို့၏ခန္ဓာကိုယ်သည် အစိုင်အခဲမဟုတ်ဘဲ အလင်းနှင့်အရိပ်များရှိကြောင်း သိရသည်။

ထိုအချိန်က အရက်မူးနေခြင်းမရှိသော ထိုသူသည် အိမ်သို့ပြန်၍ အခြားအမျိုးသမီးသုံးဦးကိုခေါ်ကာ ထိုနေရာသို့ပြန်လာခဲ့သော်လည်း အဆိုပါနေရာသို့ ပြန်အရောက်တွင် နတ်သမီးကလေးများ ပျောက်ကွယ်နှင့်ပြီဟု ဆို၏။

ဒိုဗာမိစ္ဆာ(Dover Demon) ဆိုသော အကောင်များကို ၁၉၇၇ ဧပြီလ ၂၁ ရက်နေ့မှ ရက်အနည်းငယ်အကြာအထိ မက်ဆာချူးဆက်ပြည်နယ် ဒိုဗာဒေသတွင် တွေ့မြင်ရကြောင်း သတင်းများထွက်ပေါ်လာသည်။

ပထမဆုံးမြင်တွေ့သူ ဘီဘားတလတ် (၁၇ နှစ်)သည် သူငယ်ချင်းသုံးဦးနှင့်အတူ နယူးအင်္ဂလန်မြို့ကလေး၏ မြောက်ဘက်သို့ ကားမောင်းလာစဉ် ည ၁၀ နာရီခွဲအချိန်ခန့်တွင် ယင်းမိစ္ဆာကောင်ကို စတင်တွေ့ရှိခြင်းဖြစ်သည်။

မောင်နေသော်လည်း ထူးဆန်းသောသတ္တဝါကြီးတစ်ကောင်ကားလမ်းဘေးကျောက်နံရံအနိမ့်ပိုင်းတစ်လျှောက် တွားသွားနေသည်ကို တွေ့လိုက်ရ၏။

ဘားတလတ်က အိမ်သို့ပြန်ရောက်သောအခါ သူ၏အဖေအား ပြန်ပြောပြပြီး သတ္တဝါကြီး၏ပုံကြမ်းကို ဆွဲပြခဲ့၏။

ဘားတလတ်မြင်တွေ့ခဲ့ပြီး နာရီအနည်းငယ်အကြာတွင် ၎ှ်န



www.burmeseclassic.com

www.burmeseclassic.com



ဘတ်စကော(၁၅)နှစ်သည် အလည်သွားရာမှ အိမ်သို့လမ်းလျှောက်ပြန်လာစဉ် သစ်ပင်ကြီးတစ်ပင်ကို ပက်ထားသော ထူးဆန်းသည့် သတ္တဝါကြီးတစ်ကောင်ကို တွေ့ရပြန်၏။

ဂျွန်ဘတ်စကောပုံကြမ်းဆွဲပြရာ ဘတ်တာလာ၏ပုံနှင့် တူညီနေကြောင်း၊ အံ့သြဖွယ်ရာတွေ့ရ၏။

နောက်တစ်နေ့တွင် ဘားတာလတ်၏သူငယ်ချင်း အမျိုးသမီးတစ်သူအက်ဘီဘရက်ဟမ်း(၁၅)နှစ်သည် သူ၏သူငယ်ချင်းတစ်ဦးနှင့်အတူ ကားမောင်းလာစဉ် ကားရှေ့မီးရောင်ထဲတွင် ဖျတ်ခနဲပေါ်လာပြီး ပျောက်သွားသောအကောင်ကြီးတစ်ကောင်အကြောင်းပြောပြပြန်ရာ ဘားတာလတ်နှင့် ဘတ်စကောတို့ မြင်ခဲ့ရသောအကောင်ကြီးနှင့် ထပ်တူ တူညီနေပြန်သည်။

ယင်းအကောင်ကြီး၏ လက္ခဏာရပ်များမှာလည်း အံ့သြ ဖွယ်ဖြစ်သည်။

ဒိုဇာမီဇွာကောင်သည် ခြေထောက်နှစ်ချောင်းပေါ်တွင် မတ်တတ်ရပ်လျက် လေးပေအမြင့်ရှိသည်။ အမွေးမပါသည့် ကြမ်းတမ်းသောအရေပြားရှိသည်။

၄င်းတွင် ရှည်လျားပြီး အရိုးငေါငေါ မက်မွန်သီးအရောင်ခြေထောက်များရှိသည်။

ကြီးမားသောဖရဲသီးပုံသဏ္ဍာန်ဦးခေါင်းရှိပြီး ခေါင်းသည် ကိုယ်ခန္ဓာနီးပါးကြီးမားသည်။





ယင်းအကောင်ကြီးတွင် ကြီးမားပြီး တောက်ပသည့်လိမ္မော်ရောင်မျက်လုံးများရှိသည်။

လပ်ဗ်လန်းဒီမီကောင်း(Loveland Lizard) ကိုမြင်ရသည်ဆိုသည့် သက်သေများမှာ ယုံကြည်စိတ်ချရသောသက်သေများဖြစ်နေသဖြင့် လျစ်လျူမပြုနိုင်ဖြစ်ခဲ့ရသည်။

မျက်မြင်သက်သေနှစ်ဦးမှာ သီးခြားစီမြင်ခဲ့ရသည့် ရဲအရာရှိနှစ်ဦးဖြစ်နေသည်။

၁၉၇၂ ခုနှစ် မတ်လ ၃ ရက်နေ့ အစောပိုင်းတွင် ရဲအရာရှိတစ်ဦးသည် မြစ်ကမ်းဘေး၌ ကင်းလှည့်နေသည်။

ယင်းနေရာမှာ အိုဟိုင်းယိုးပြည်နယ်လပ်ဗ်လန်းဒေသ၊ မီယာမီမြစ်ငယ်တစ်လျှောက်တွင်ဖြစ်သည်။

လမ်းပေါ်တွင် လဲလျောင်းနေသည့်အကောင်ကို စတင်မြင်တွေ့ရစဉ်၌ ခွေးတစ်ကောင်ဟုထင်ခဲ့သည်။

သူက ယင်းအကောင်ကိုမတိုက်မိစေ ကားကို အရှိန်လျှော့လိုက်သည်။

သတ္တဝါကြီးအနားသို့ရောက်သောအခါ ကားကိုရပ်လိုက်စဉ် ယင်းအကောင်ကြီးက ဖြုန်းခနဲဝပ်နေသောအနေအထားမျိုးဖြင့် မတ်တတ်ထရပ်လိုက်သည်။

ထိုအခါကျမှသာ ယင်းအကောင်သည် ခွေးမဟုတ်ဘဲ တစ်ကြိမ်တစ်ခါမျှမြင်ဖူးခြင်းမရှိသည့် ထူးဆန်းသောအကောင်တစ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်ဖြစ်နေကြောင်းသိလိုက်ရသည်ဟုဆိုသည်။

ယင်းအကောင်တွင်လည်း ထူးခြားသောလက္ခဏာရပ်မျ[illegible] ရှိသည်။

ထိုမိကျောင်းသည် အရပ်အမြင့်သုံးပေမှ လေးပေခန့်ရှိသည် အလေးချိန်အားဖြင့် ပေါင်ချိန် ၅၀ မှ ၇၅ ပေါင်ခန့်ထိရှိသည် ၄င်းတွင် သားရေဆန်သည့်အရေပြားရှိသည်။

စိုစွတ်ပြီး အမွေးများ ခန္ဓာကိုယ်ပေါ်တွင်ကပ်နေသောကြော[illegible] ခန္ဓာကိုယ်ပေါ်တွင် Texture တစ်ခုကဲ့သို့ဖြစ်နေသည်။ ၄င်းတွ[illegible] အမြီးတိုတစ်ချောင်းပါဝင်သည်။

ထိုမိကျောင်း၏ဦးခေါင်းနှင့်မျက်နှာမှာ ဖားတစ်ကောင် ([illegible] မဟုတ်) မိကျောင်းတစ်ကောင်နှင့်တူ၏။

ရဲအရာရှိသည် ယင်းအကောင်ကို ခေတ္တခဏသာမြင်တွေ့[illegible] ရလိုက်ပြီး ထိုမိကျောင်းသည် လမ်းဘေးအကာအရံအတားအ[illegible] များကို ခုန်ကျော်လျက် မြစ်ထဲသို့ထိုးဆင်းသွားခဲ့သည်။

ယင်းနောက် အဆိုပါရဲအရာရှိသည် အခြားရဲအရာရှိတစ်[illegible] ကို ခေါ်ဆောင်လျက် သွားရောက်စစ်ဆေးကြည့်ရာ ယင်းသတ္တ[illegible] ကြီးမြစ်ထဲသို့ခုန်ဆင်းရာတွင် တောင်ကုန်းကိုခြစ်ထားသော ခြေရာများကို သက်သေအဖြစ်မြင်တွေ့ခဲ့ရ၏။

နောက်သီတင်းနှစ်ပတ်အကြာတွင် ဒုတိယမြောက်ရဲအရာ[illegible] တစ်ဦးသည် ပထမရဲအရာရှိအတိုင်းပင် လမ်းပေါ်တွင် လဲလျော[illegible]





[illegible]နေပြီး မြစ်ထဲသို့ခုန်ဆင်းသွားသည့် တစ်ပုံစံတည်းတူညီသည့် [illegible]ကျောင်းကောင်ကို ထပ်မံတွေ့ရှိရသည်ဟုဆိုသည်။

ရှင်သန်ဆဲဒိုင်နိုဆောများ(Living Dinosaurs) သည်လည်း ထူးဆန်းသောသတ္တဝါများဖြစ်သည်။

၁၉၇၆ ခုနှစ် မနက်ခင်းတစ်ခုတွင် အမေရိကန်ပြည်ထောင်စု[illegible] အလုပ်သို့ကားဖြင့်လာကြသော ကျောင်းဆရာများစွာတို့က ၁၂ [illegible]ပေရှိသောတောင်ပံကိုဖြန့်လျက် သူတို့၏ကားများရှေ့သို့ဗိုက် [illegible]ဆင်းလာသည့် ဧရာမသတ္တဝါကြီးတစ်ကောင်အကြောင်းကို [illegible]သတင်းပို့ခဲ့ရာမှ အသက်ရှင်သန်ဆဲ ဒိုင်နိုဆောများရှိသလား ဟူ[illegible]သည့် ပြဿနာပေါ်ထွက်လာသည်။

နှစ်ပေါင်း ၂၀၀ အတွင်း အာဖရိကနှင့်တောင်အမေရိက အမြဲ[illegible]စိမ်းသစ်တောနက်ကြီးများအတွင်း ဒိုင်နိုဆောကဲ့သို့သော သတ္တဝါ[illegible]များတွေ့ရှိရကြောင်း ဒေသခံတို့၏သတင်းပို့မှုများစွာရှိခဲ့သည်။

၁၉၃၃ ခုနှစ်တွင် ဂျာမန်လေ့လာရေးအဖွဲ့ခေါင်းဆောင် [illegible]ကပ္ပတိန်ဖရေးဟီယားဗွန်ဇူလော့စနစ်ကအား ပစ်ဂမီလူမျိုးများက [illegible]ကြောက်မက်ဖွယ်ရာ ဧရာမသတ္တဝါကြီးကို တွေ့ရှိခဲ့ကြောင်းပြော[illegible]ကြားခဲ့သည်။

သူတို့ပြောပြသောသတ္တဝါကြီး၏ ထူးခြားသောလက္ခဏာ[illegible]ရပ်များမှာ ၄င်းတို့တွင်ချောမွေ့သောအညိုရောင်အရေပြားရှိသည်။

၄င်းသည် ပျမ်းမျှအားဖြင့် ဆင်တစ်ကောင်ခန့်အရွယ်အစား



www.burmeseclassic.com

www.burmeseclassic.com



ရှိပြီး အနည်းဆုံးရေမြင်းတစ်ကောင်ခန့်ရှိသည်။ အလျားမှာ ပေ ၃၀ ခန့်ရှိသည်။

၎င်းအကောင်တွင် ရှည်လျားမျှော့မျောင်းသောလည်ပင်း ရှိသည်။

၎င်းဒိုင်နိုဆောများသည် အသီးအရွက်စား သတ္တဝါဖြစ်သော်လည်း အနီးသို့ချဉ်းကပ်လာသောသူများကို သတ်ဖြတ်တတ်၏

၁၉၈၀ ပြည့်နှစ်တွင် ထူးဆန်းသောသတ္တဝါများ လေ့လာရေးပညာရှင် ရိုင်းမောကယ်နှင့် တွားသွားသတ္တဝါလေ့လာရေးပညာရှင် ဂျိမ်းပေါင်ဝဲလ်တို့သည် အာဖရိကဒေသခံများအား ယင်းဒေသရှိ သတ္တဝါများအားလုံး၏ ပုံများကိုပြသခဲ့ရာ သူတို့မြင်တွေ့ခဲ့ရသည့်အကောင်မဟုတ်ဟု ဆို၏။

သို့သော် မျိုးသုဉ်းသွားသော ဒိုင်နိုဆောအမျိုးအစားဝင်ဖြစ်သော Sauropod အကောင်၏သရုပ်ပြပုံကို ပြသခဲ့ရာ သူတို့မြင်တွေ့ရသည်ဆိုသည့်အကောင်မှာ ယင်းအကောင်ဖြစ်သည်ဟု ဆို၏။

၎င်းအပြင် လေ့လာသူအချို့က လေပေါ်ပဲ(Frisbee) အရွယ်အစားခန့်ရှိ ရေမခြေရာကြီးများကို တွေ့ရှိခဲ့ရကြောင်း သတင်းပို့ခဲ့သည်။

၁၉၉၂ ခုနှစ်တွင် ဂျပန်လေ့လာရေးအဖွဲ့ကာပ်ဖွဲ့၏ လေယာဉ်ပျံပေါ်မှရိုက်ကူးခဲ့သော ၁၅ စက္ကန့်ကြာ ဗီဒီယိုရိုက်ကူးချက်တစ်ပု





တွင် ရေထဲမှာရွေ့လျားနေသည့် ဧရာမသဏ္ဍာန်ကြီးတစ်ခုကို တွေ့မြင်ကြရသည်။

ဂါရီကီတာ ခပ်ီးလ်ဘတ်နှင့် အထူးပြုလုပ်ချက်ပညာရှင် စတန်ဝင်ဇကန်တို့၏ ကြိုးပမ်းအားထုတ်မှုကြောင့် Jurassic Park and The Lose World ရုပ်ရှင်ထဲတွင် ဒိုင်နိုဆောများကို အသက်ရှင်နေသကဲ့သို့မြင်တွေ့ခဲ့ရသည်။

ဇီဝနည်းပညာနှင့် ပုံတူမျိုးပွားခြင်းပညာတစ်တော်လာသဖြင့် မျိုးသုဉ်းသွားသော ဒိုင်နိုဆောများကို ပြန်လည်အသက်သွင်းနိုင်လိမ့်မည်ဟု မျှော်လင့်လာကြသည်။

ဖပရင်ဖနောင့်ကောင် (Spring-Heeled Jack) သည် ၁၉ ရာစုနှစ်၏ လန်ဒန်ညများအတွင်းပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

ယင်းအကောင်သည် လူများကို ကြောက်မက်ဖွယ်ရာ ကုတ်ခြစ်မှုများဖြင့် တိုက်ခိုက်ပြီးနောက် စူပါမင်းကဲ့သို့သော ဗွမ်းအားမျိုးဖြင့် ခုန်တက်ပျောက်ကွယ်သွားရာ မည်သူမျှအပြည့်အစုံ မြင်တွေ့လိုက်ရခြင်းမရှိဟု ဆို၏။

၁၈၃၇ ခု စက်တင်ဘာလတွင် လန်ဒန်မြို့အနောက်တောင်ပိုင်း တာသောက်ဆိုင်တစ်ဆိုင်တွင် အလုပ်လုပ်သောအမျိုးသမီးသုံးဦးသည် ယင်းအကောင်ကြီး၏တိုက်ခိုက်မှုကိုခံခဲ့ရာ ယင်းတို့အနက် ပိုလီအဒမ်ဟုသည့် အမျိုးသမီးတစ်ဦးလည်း ပါဝင်ခဲ့သည်။

ယင်းအကောင်ကြီးသည် ပိုလီအဒမ်၏ အလောက်အကျီ ကို



www.burmeseclassic.com

www.burmeseclassic.com



ဆုတ်ဖြဲပစ်လိုက်ပြီး ဝမ်းဗိုက်ကို သံချောင်းကဲ့သို့ မာကျောသောလက်သည်းများဖြင့် ကုတ်ဖွဲ့ခဲ့သည်။

တိုက်ခိုက်ခံခဲ့ဖူးသူများ၏အဆိုအရ ယင်းဒိုင်နိုဆောအကောင်ကြီးလ်ကွဏာရပ်များမှာ ၄င်းဟွင် လူနှင့်တူပြီး အရပ်ဆိုးလွန်းသောမျက်နှာရှိသည်။

၄င်းသည် ပိန်ပိန်ပါးပါးနှင့် အရပ်မြင့်မားပြီး အားအလွန်ကောင်းသည်။

သံချွန်ကဲ့သို့သောလက်သည်းများရှိသည်။

တောက်ပသောမျက်လုံးများရှိသည့်အပြင် ပါးစပ်မှနေ၍ အပြာရောင်မီးတောက်များကို မှုတ်ထုတ်နိုင်သည်။

ယင်းဒိုင်နိုဆော၏ခန္ဓာကိုယ်ပေါ်တွင် တင်းကျပ်နေသော အဆီဝင်းဝင်းအဖြူရောင်အရေပြားနှင့် အမည်းရောင်ဝတ်ရုံ ခြုံထားသကဲ့သို့ရှိသည်။

၄င်း၏ဦးခေါင်းတွင် သံခမောက်ကဲ့သို့သောအရာကြီးဆောင်းထားသကဲ့သို့ရှိသည်ဟုလည်း အချို့ကဆို၏။

အဆိုပါ ဒိုင်နိုဆောသည် မယုံကြည်နိုင်ဖွယ်ကောင်းလောက်သောအမြင့်နှင့် အကွာအဝေးသို့ ခုန်နိုင်သောအရှည်အချင်းရှိသည်။

အနီးကပ်ဆုံးသတင်းပို့ချက်မှာ ၁၉၀၄ ခုနှစ်တွင် လီဗာပူးမြို့ရှိ အိမ်တန်းလျားများကို ခုန်ကျော်သွားသော စပရင်ဖနောင့်ကောင်ကြီးအကြောင်းပင်ဖြစ်သည်။





၁၈၃၈ ခုနှစ်အစောပိုင်းအတွင်း ယင်းအကောင်ကြီး၏တိုက်ခိုက်မှုများအဆက်မပြတ်ဖြစ်ပေါ်ခဲ့ရာ လန်ဒန်မြို့တော်ဝန်က ယင်းအကောင်ကြီးကို လက်ရဖမ်းဆီးရန် အမိန့်ထုတ်ပြန်ခဲ့ပြီး စနစ်တကျဖမ်းဆီးရန် အစီအစဉ်များ ချမှတ်ခဲ့သော်လည်း အောင်မြင်ခဲ့ခြင်းမရှိဟုဆို၏။

စပရင်ဖနောင့်ကောင်ဇာတ်လမ်းသည် အင်္ဂလန်နိုင်ငံ ဗိတိုရိယခေတ်တွင် အထူးဆန်းဆုံးဇာတ်လမ်းတစ်ပုဒ်ဖြစ်သကဲ့သို့ ယခုတိုင် ဖြေရှင်းခြင်းမပြုနိုင်သည့် ပဟေဠိတစ်ပုဒ်လည်းဖြစ်သည်။

(အထက်ပါအကြောင်းအရာများမှာ ၂၀၀၈ ခုနှစ် ဇူလိုင်လထုတ် သုတစွယ်စုံမဂ္ဂဇင်းမှ ဆရာနရီမင်း ဘာသာပြန်ရေးသားသော 'သိပ္ပံပညာက ယနေ့တိုင် ဖြေရှင်းမပေးနိုင်သေးသည့် ကမ္ဘာ့ထူးဆန်းအံ့ဩဖွယ်အကောင်းဆုံးသတ္တဝါ ၁၀ မျိုးဆောင်းပါးမှ ကောက်နုတ်ချက်အချို့ဖြစ်ကြောင်း ဝန်ခံပါသည်။)

အထက်ပါအကြောင်းအရာများကို လေ့လာကြည့်လျှင် မြန်မာပြည်၌သာမက ကမ္ဘာ့အရပ်ရပ်တွင် ထူးဆန်းအံ့ဩဖွယ်ကောင်းသောသတ္တဝါများရှိနေသေးကြောင်း သိနိုင်ကြပေသည်။



www.burmeseclassic.com

## အခန်း (၁၂)

### ပျောက်ကွယ်သွားသောမြို့ဟောင်းမှ ပုံရိပ်များ

တစ်နေ့သ၌ နီမောင် တစ်ယောက်တည်းထိုင်ကာ ပေါက်ပြဲနေသောပိုက်သားများကို ဖာနေစဉ် အသက်အရွယ်ကြီးလှပြီဖြစ်သော အဘိုးကြီးတစ်ယောက် ရောက်လာသည်။

သူသည် အသက် ၆၀ ကျော်အရွယ်ခန့်ရှိပြီး သူ့ဟော်ဆင် ယောဂီများဝတ်ဆင်လေ့ရှိသော အညိုရောင်ဝတ်ရုံကြီးကို ဝတ်ဆင်ထားလေသည်။

နီမောင် က တစ်ကြိမ်တစ်ခါမှ မမြင်ဖူးသောအကြောင်း ကြည့်နေလေသည်။

"ဘာကိစ္စရှိလို့လဲ အဘ"

"တခြားတော့ ကိစ္စမရှိပါဘူးကွယ်၊ မင်းနဲ့တွေ့ရအောင် တမင်လာခဲ့တာပါပဲ၊ မင်း ငါ့ကိုသိသလား"





"ဟင့်အင်း မသိပါဘူး"

"မင်းနာမည် ဘယ်သူလဲ"

"နီမောင် ပါ"

အဘိုးကြီးက ကျေနပ်စွာပြုံးလိုက်သည်။

"ဘဝတစ်ခုကနေတစ်ခုပြောင်းတော့ သိပ်မကြာလိုက်သလိုပါပဲလား၊ မင်းကတော့ ဘဝဟောင်းကိုစွန့်ခွာသွားပြီး ဘဝသစ်ကို ပြောင်းသွားတော့ ဒီအရွယ်တောင်ရှိနေပါရောလား၊ မင်းအသက် ဘယ်လောက်ရှိနေပြီလဲ"

"နှစ်ဆယ်ပြည့်တော့မယ်"

"အနှစ်နှစ်ဆယ်ဆိုတာ ဘာမှသိပ်မကြာလိုက်သလိုပါလား၊ ဘဝမပြောင်းရသေးတဲ့ငါကတော့ အနှစ်နှစ်ဆယ်အတွင်းမှာ အဘိုးကြီးဖြစ်နေပြီပေါ့၊ မင်းကတော့ ဘဝဟောင်းကိုစွန့်ပြီး ဘဝသစ်ကိုကူးခဲ့တာ အနှစ်နှစ်ဆယ်ရှိနေပြီဆိုတော့ နုပျိုနေဆဲပေါ့၊ အင်း .. ဘဝတစ်ခုနဲ့တစ်ခု ကူးပြောင်းတယ်ဆိုတာ ပါးလွှာတဲ့ စက္ကူဖြာစ်ချပ်ကို ဖောက်သွားရတာလောက်တောင် မခက်ခဲလှပါလား"

ဟု တစ်ယောက်တည်းပြောနေသကဲ့သို့ လေသံတိုးတိုးဖြင့် ပြောနေလေသည်။

နီမောင် ကတော့ ယခုအချိန်ထိ ထိုအဘိုးကြီးပြောနေသော စကားများ၏အဓိပ္ပာယ်ကို နားမလည်သေးပေ။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးက နီမောင်နှင့် မနီးမဝေး ကွပ်ပျစ်ပေါ်မှာ ဝင်ထိုင်သဖြင့် နီမောင် က လုပ်လက်စအလုပ်များကိုထားပြီး လက်ဖက်ရည်ကြမ်းအိုးနှင့် ပန်းကန်ကိုယူ၍ ချပေးလိုက်သည်။

"မင်းကတော့ ငါပြောနေတဲ့စကားတွေကို နားလည်မယ် မထင်ဘူး၊ ငါ့နာမည်က ဟန် လို့ခေါ်တယ်၊ မင်းဟာမ်ရွာသား တစ်ယောက်ပါပဲ။ ငါလဲ တစ်ချိန်က တင်ကျီးငှက်နဲ့ငါးဖမ်းတဲ့ တံငါသည်တစ်ယောက်ပါပဲ။ တစ်နေ့တော့ ရေကန်စောင့်နတ်ကြီးက အဘိုးကြီးအယောင်ဆောင်လာပြီး ငါ့ဆီရောက်လာပြီး တင်ကျီးငှက်တစ်ကောင် လာပေးသွားတယ်၊ ငါက သူ့ကို တင်ကျီးငှက် ပန် လို့ နာမည်ပေးထားခဲ့တယ်"

ဟု အစချီပြီး တင်ကျီးငှက် ပန် ရခဲ့ပြီးနောက်တွင် ငါးများများရသဖြင့် စီးပွားရေးအဆင်ပြေလာခဲ့ပုံ၊ နောက်တော့ ကျူကီမြို့ဟောင်းရှိရာသွားပြီး တင်ကျီးငှက် ပန် ယူပေးသဖြင့် ငွေဒင်္ဂါးများ ရခဲ့ပုံများကို ပြောပြလေသည်။

"သူရှာပေးတဲ့ငွေဒင်္ဂါးတွေက ငါတို့စားဖို့မဟုတ်ပါဘူး၊ ရေကန်ကြီးရဲ့မြောက်ဘက်တောင်တန်းတစ်ခုရဲ့ထိပ်ပေါ်မှာ ဘုရားကျောင်းဆောင်ဆောက်ဖို့အတွက်မို့ ရောင်းချပြီး ရတဲ့ငွေတွေကို သိမ်းထားရတယ်"

"အခု တင်ကျီးငှက် ပန် က ဘယ်ရောက်သွားသလဲဟင်"

"သူ့ကို တစ်နှစ်ပြည့်တဲ့အခါ လွှတ်ပေးလိုက်ရတယ်၊ သူက





လူ့ဘဝကိုကူးသွားခဲ့ပြီး အခု ဒီနေရာကိုတောင် တစ်ခေါက် ပြန်ရောက်လာပြီလေ"

ထိုစကားကြောင့် နီမောင် က တအံ့တသြဖြင့်မော့ကြည့်လိုက်လေသည်။

"သုံးဆယ့်တစ်ဘုံမှာ လူ့ဘုံနဲ့နီးတာ တိရစ္ဆာန်ဘုံပဲ၊ တိရစ္ဆာန်ဘဝကနေ လူဘဝကို ကူးသွားနိုင်သလို လူ့ဘဝကလဲ တိရစ္ဆာန်ဘဝကို ချက်ချင်းရောက်သွားနိုင်ကြတယ်၊ တင်ကျီးငှက် ပန် ဘဝ ကနေ လူဘဝရောက်သွားတာ တခြား မဟုတ်ဘူး၊ မင်းပဲ"

ထိုသို့ပြောသောအခါ နီမောင် က ရေကန်ကြီးရှိရာဘက်သို့ လှမ်းမျှော်ကြည့်နေလေသည်။

"မင်း ဒီနေရာကို ဘာကြောင့်ပြန်ရောက်လာခဲ့တယ်ဆိုတာ သိသလား နီမောင်"

"မသိပါဘူး"

"တင်ကျီးငှက် ပန် ဘဝက အစပျိုးခဲ့တဲ့ ဘုရားကျောင်းဆောင်ဆောက်တဲ့ကိစ္စကို အပြီးသတ်ပေးဖို့ အာဟိုင်းရေကန်စောင့်နတ်ကြီးကပဲ မင်းကို ဒီနေရာ ပြန်ရောက်လာအောင်ခေါ်လိုက်တာပဲ"

ထိုအခါမှပင် တစ်ကြိမ်တစ်ခါမှ စိတ်မကူးဖူးသောနေရာသို့ အကြောင်းတိုက်ဆိုင်မှုများ တစ်ခုပြီးတစ်ခုကြုံတွေ့ကာ ရောက်လာခဲ့ရပုံကို သတိပြုမိလေသည်။ ထို့ပြင် မြန်မာနိုင်ငံ မြစ်ဝကျွန်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ဘက်မှာရှိနေစဉ်က ထူးထူးဆန်းဆန်းမက်ခဲ့သောအိပ်မက်အကြောင်းကိုပါ သတိရပေါက်သွားလေတော့သည်။

"မင်း ဒီအကြောင်းတွေကိုမှတ်မိပြီမဟုတ်လား"

"မှတ်မိပါပြီ၊ ဒီအကြောင်းတွေနဲ့ပတ်သက်ပြီး အိပ်မက်လဲ မက်ခဲ့ပါတယ်"

"ငါ မင်းကိုစောင့်နေတာ အနှစ်နှစ်ဆယ်ကောင်ကြာခဲ့ပြီ နီမောင်၊ အခု မင်း ပြန်ရောက်လာပြီဆိုတော့ ဝမ်းသာစရာပေါ့ကွာ"

ဟု တုန်ယင်လှိုက်လှဲသောအသံဖြင့် ပြောလေသည်။

နီမောင် က သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"ကျွန်တော်က ဘာတွေလုပ်ပေးရမှာလဲ"

"ငါတို့လုပ်ရမယ့်တာဝန်က ရေကန်ကြီးရဲ့မြောက်ဘက် အရင်က ကျူဂီမြို့ဟောင်းရှိခဲ့တဲ့တောင်မြင့်ကြီးရဲ့ထိပ်နေရာမှာ သူတော်စင်ပုဂ္ဂိုလ်တွေ သီတင်းသုံးဖို့ ဘုရားကျောင်းဆောင်ကြီး ဆောက်ပေးကြရမယ်"

"ကျွန်တော်တို့မှာ ငွေမှမရှိဘဲ ဒီလောက်ကြီးကျယ်တဲ့ဘုရားကျောင်းဆောင်ကြီးကို ဘယ်လိုနည်းနဲ့ဆောက်ပေးကြမလဲ"

"မင်းတွေးသလိုအတွေးမျိုးကို ဟိုး .. လွန်ခဲ့တဲ့နှစ်ပေါင်းနှစ်ဆယ်ကျော်လောက်က ငါလဲတွေးခဲ့ဖူးတာပဲ၊ ဒါတွေ စိတ်ပူမနေပါနဲ့၊ အချိန်တန်တော့ သက်ဆိုင်ရာပုဂ္ဂိုလ်တွေက ပိုင်းဝန်းအကူ





အညီပေးကြတာနဲ့ ပြီးသွားမှာပါ၊ နောက်ပြီး မင်း တင်ကျိုးငှက်ပန် ဘဝနဲ့ ရှာပေးထားခဲ့တဲ့ငွေတွေ သိမ်းထားတာရှိပါတယ်"

"ဒါဖြင့် အခု ကျွန်တော်က ဘာလုပ်ပေးရမလဲ"

"ရေအောက်မှာရှိတဲ့ ရွှေခဂ်ါ ငွေခဂ်ါတွေကို မင်းရှာရမယ်၊ အဲဒီပစ္စည်းတွေရလာပြီးရင် ငါတို့ ဘုရားကျောင်းဆောင်ကြီးကို ပြီးအောင်ဆက်ဆောက်ကြရမယ်"

"အဘက အခု ဘယ်မှာနေတာလဲ"

"ဘုရားကျောင်းကြီးနေရာနဲ့ မနီးမဝေးနေရာမှာပဲနေတယ်၊ မင်း လိုက်ခဲ့မလား"

နီမောင်က အတန်ကြာအောင်စဉ်းစားနေပြီးမှ ခေါင်းညိတ်ပြသည်။

"လိုက်ခဲ့ပါမယ်"

သို့ကြောင့် တံငါသည်ဘဝမှပြောင်းသွားသော သူတော်စင် ဟန် က သူ့ကိုခေါ်သွားလေသည်။

သူ့ကိုခေါ်သွားသောနေရာမှာ ယခင်က ကျူဂီမြို့ဟောင်းကြီး ရှိခဲ့သောနေရာပင်ဖြစ်လေသည်။

ယခုတော့ ထိုနေရာမှာ ပြိုကျပျက်စီးနေပြီဖြစ်သော ကျောက်တုံးကျောက်ပုံများအဖြစ်နှင့်သာတွေ့ရတော့သည်။ သူတော်စင် ဟန် နေသောနေရာမှာ ထိုနေရာနှင့် မနီးမဝေးမှာရှိသော လိုဏ်ခေါင်းတစ်ခုအတွင်း၌ပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူတော်စင် ဟန် က သူ့ကို ဂူအတွင်းသို့ခေါ်သွားပြီးနောက် ဂူအတွင်းပိုင်းနေရာတွင် လျှို့ဝှက်သိမ်းထားသော ငွေဒင်္ဂါးများကို ထုတ်ပြလေသည်။

"ဒီငွေဒင်္ဂါးတွေက မင်း တင်ကျီးငှက်ဘဝတုန်းက ရှာပေးထားခဲ့တဲ့ပစ္စည်းတွေပဲ"

"ဒီငွေဒင်္ဂါးတွေက ဘယ်နေရာကရှာယူလာကာလဲ"

"ကျူဂီမြို့ဟောင်းမှာပဲရှိတယ်၊ အဲဒီနေရာမှာပဲ မင်း ရှာရမယ်"

"အဲဒီနေရာက အန္တရာယ်တွေ သိပ်များတယ်လို့ပြောသံကြားတယ်၊ ဘယ်လိုအန္တရာယ်မျိုးတွေရှိသလဲဟင်"

"ကျောက်နဂါးကြီးတွေနဲ့ ကျူဂီမြို့ဟောင်းကိုစောင့်ရှောက်ပေးနေတဲ့ဝိညာဉ်အစောင့်တွေရှိတယ်"

"ကျွန်တော် သွားလို့ဖြစ်ပါ့မလား"

"မင်းကတော့ ဝင်ခွင့်ရပါတယ်၊ ဘာကြောင့်လဲဆိုတော့ ဘုရားကျောင်းကြီးဆောက်ပြီးသွားရင် သူတို့လဲ ကုသိုလ်ရမယ်၊ တရားသံတွေကြားရရင် ဝိညာဉ်ဘဝက ကျွတ်မယ့်သူတွေလဲ အများကြီးရှိတယ်၊ ဒါကြောင့် ငါတို့ကြိုးစားပြီး ဆောင်ရွက်ကြရမယ်"

"ကျွန်တော် ကြိုးစားပြီးဆောင်ရွက်ပေးပါ့မယ်"

"ဒါပေမယ့် မင်း တစ်ခုတော့သတိထားရမယ်ကွ၊ ရေအောက်မှာနစ်မြုပ်နေတဲ့ ရွှေငွေရတနာတွေအကြောင်းကိုသိတဲ့လူတွေ ရှိ





တယ်၊ သူတို့ဘာသာသွားရင် အန္တရာယ်တွေနဲ့တွေ့ကြရတယ်၊ တကယ်လို့ မင်း ဆင်းယူလို့ရလာတဲ့အခါမှာ မင်းကို အန္တရာယ်ပြုပြီးလုယူကြလိမ့်မယ်"

"ကျွန်တော် သတိထားပါ့မယ်"

"မင်း မရှိတော့တဲ့နောက်မှာ ငါ့ဆီမှာသိမ်းထားတဲ့ငွေဒင်္ဂါးတွေကိုယူဖို့ အမျိုးမျိုးကြိုးစားကြတယ်၊ ဒါပေမယ့် သူတို့မရခဲ့ကြဘူး"

"စိတ်ချပါ၊ အန္တရာယ်မဖြစ်အောင် ဂရုစိုက်ပါ့မယ်"

"ဝမ်းသာပါတယ် နီမောင်ရယ်၊ ဘုရားကျောင်းကြီး မပြီးမချင်း ငါလဲ ရှေ့ဆက်သွားရမယ့်ခရီးကို ဆက်လို့မရဘူး၊ ဘုရားကျောင်းကြီးပြီးသွားရင်တော့ တရားအလုပ်ကို ဖြောင့်ဖြောင့် လုပ်နိုင်တော့မယ်"

ဟု ကျေနပ်စွာ ရေရွတ်နေလေသည်။

အချိန်မှာ ညနေပိုင်းအချိန်ဖြစ်သည်။ နေရောင်ခြည်ပျောက်သွားပြီဖြစ်သော်လည်း အလင်းရောင်များက ကျန်နေဆဲပင်ရှိနေဆဲပင်။

နှင်းမှုန်များနှင့်ရောထွေးနေသောမြူများကလည်း တဖွဲဖွဲနှင့် ကျဆင်းလာလေသည်။

နီမောင် က တောင်ကုန်းထိပ်တစ်နေရာမှာရပ်ကာ ငွေရောင်တလက်လက်တောက်ပနေသောကန်ရေပြင်ရှိရာသို့ မျှော်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ ထိုသို့ကြည့်နေရင်းနှင့် စိတ်ထဲမှာ တစ်စုံတစ်ခုကို သတိရနေသလို ဝမ်းနည်းကြေကွဲနေသလို ခံစားနေရသည်။

ထိုသို့လှမ်းမျှော်ကြည့်နေရင်းမှာပင် မှုန်ဝါးသောပန်ဝန်းကျင် တစ်ဝိုက်မှာ ထူးဆန်းသောမြင်ကွင်းများ ပေါ်လာလေသည်။

ပထမမြင်ရသောမြင်ကွင်းများက ကျောက်တောင်ကျောက် ဆောင်များပေါ်မှာတည်ရှိနေသောမြို့ဟောင်းကြီးပင်ဖြစ်လေသည်။

ယခုတစ်ကြိမ် မြင်နေရသည်ကတော့ မြို့ဟောင်းမြို့ပျက် ကြီးတော့မဟုတ်ပေ။

သစ်လွင်တောက်ပသောမြို့ကြီးတစ်မြို့သာဖြစ်ပေသည်။ မီး ရောင်များက လင်းထိန်နေပြီး ရေပြင်ပေါ်မှာပင် ထိုမီးရောင် များက ထင်ဟပ်နေသည်။

သူ့အနေနှင့် တစ်ကြိမ်တစ်ခါမှမမြင်ဖူးသော ရှေးခေတ် အဝတ်အစားများနှင့်လူများကို တွေ့ရသည်။ ထိုလူများမှာ လမ်းမ များပေါ်မှာ ဥဒဟိုသွားလာနေကြလေသည်။

ထိုမြို့၏မြောက်ဘက် တောင်ကုန်းတစ်ခုပေါ်မှာ ကြီးမား သောဘုရားကျောင်းဆောင်ကြီးတစ်ဆောင်ကို လှမ်းမြင်ရသည်။

ထိုဘုရားကျောင်းဆောင်ကြီးရှိရာဘက်မှ ကြေးစည်သံ၊ ဖားစည်ထုသံများ၊ မောင်းတီးသံများ၊ တရားဓမ္မစာများကို သံပြိုင် ရွတ်ဆိုသောအသံများကိုလည်း အတိုင်းသားကြားနေရသည်။

ထိုအသံများကို ကြားရသည့်အခါ စိတ်ထဲမှာကြည်နူးသလို





ခံစားရလေသည်။

ထိုမြို့မှာ သွားလာလှုပ်ရှားနေကြသောလူများမှာ တစ်စုံတစ် ပူပန်သောကမရှိကြဘဲ ပြုံးရွှင်စွာဖြင့်ရှိနေကြလေသည်။

နီမောင်မှာ ထိုမြင်ကွင်းများကိုကြည့်ရင်း လက်ရှိအခြေအနေ ကိုမေ့လျော့နေပြီး စိတ်ထဲမှာပျော်ရွှင်နေမိလေသည်။

ထိုသို့ကြည့်နေရင်းမှာပင် မမျှော်လင့်သောအဖြစ်ဆိုးကြီး တစ်ခု ပေါ်ပေါက်လာလေတော့သည်။

အခြားမဟုတ်ပေ ...၊ မြေလျှင်လှုပ်သကဲ့သို့ကျယ်လောင်လှ သော တုန်ဟီးသံကြီးကို ကြားလာရခြင်းဖြစ်လေသည်။

ထိုအသံကြီးပေါ်လာသောအခါ စောစောက ရယ်မောပျော် ရွှင်နေကြသောလူများမှာ ကြောက်လန့်တကြားနှင့်အော်ဟစ်ကာ ဟိုမှသည်မှ ဥဒဟိုပြေးလွှားနေကြလေသည်။ ကြည့်နေရင်းမှာပင် ပတ်ဝန်းကျင်တစ်ခုလုံး သိမ့်သိမ့်တုန်လာပြီး အမြင့်မှာရှိနေကြ သော ကျောက်တုံးကျောက်ခဲကြီးများ ပြိုကွဲကျလာတော့သည်။

ကျူဂီမြို့မှာ အာဟိုင်းရေကန်ကြီး၏မြောက်ဘက်အစပ် ကျောက်တောင်များကြား၌ရှိနေသောကြောင့် ထိုကဲ့သို့မြေငလျင် လှုပ်လာသောအမြင့်မှာရှိသောကျောက်တုံးကျောက်ခဲများမှ ... ပေါ်သို့လိမ့်ကျလာလေသည်။

နီမောင်မှာ ထိုမြင်ကွင်းကိုကြည့်ပြီး များစွာထိတ်လန့် ... လှုပ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အားလုံးသေကုန်တော့မှာပဲ"

ဟုလည်း စိတ်ထဲမှတွေးလိုက်မိသည်။

သူ တွေးမိသလိုပင် တောင်စောင်းများပေါ်မှာ အရှိန်ပြင်းပြ
နှင့်လိမ့်ဆင်းလာသောကျောက်တုံးကျောက်ခဲကြီးများမှာ မြို့ပေါ်
သို့ကျလာတော့သည်။ တန်ပေါင်းများစွာလေးသောကျောက်တုံး
ကျောက်ခဲကြီးများကနေ အိမ်အဆောက်အအုံများအပေါ်သို့ က
သောအခါ ပြိုကျပျက်စီးကုန်သည်။

လူများပေါ်ကျသောအခါ စေ့စေ့ညက်ညက်ကြေကာ မှ
မလှနှင့် သေဆုံးသွားလေသည်။

စောစောက ကြားနေရသော ရယ်မောပျော်ရွှင်သံများ၊ ကြေ
စည်သံ၊ ဖားစည်သံ၊ မောင်းသံ၊ ဘုရားတရားစာကို သံပြိုင်ရွတ်
ဆိုနေသံများက ရုတ်ခြည်းတိတ်ဆိတ်သွားလေတော့သည်။

ထိုအသံများအစား ကျောက်တုံးကျောက်ခဲများ တဝုန်းဝုန်း
တဒိုင်းဒိုင်းနှင့်လိမ့်ကျလာသောအသံများ၊ အဆောက်အအုံများ
ပြိုကျသောအသံများ၊ လူများ၏ကြောက်လန့်တကြားနှင့်ငယ်သံ
ပါအောင်အော်ဟစ်လိုက်သည့်အသံများသာ ပေါ်ထွက်နေတော့
သည်။ နီမောင်မှာ ထိုမြင်ကွင်းများကို ကြည့်ရင်း စိတ်မချမ်းမသာ
ဖြစ်နေသည်။

အနိဋ္ဌာရုံမြင်ကွင်းများကြောင့် စိတ်မကောင်းဖြစ်နေသည်မှ
အပ မည်သို့မျှလည်းမတတ်သာပေ။





ထိုအချိန်မှာပင် တဝုန်းဝုန်းတဒိုင်းဒိုင်းမြည်သံများနှင့်အတူ
တောင်ကုန်းထိပ်အပေါ်မှာရှိနေသော ဘုရားကျောင်းဆောင်ကြီး
က အရင်ပြိုကျလာသည်။ လျှောင်လျှပ်မှုကလည်း ပို၍ပြင်းထန်
လာသည်။ ဆီးပင်ကို လက်ဖြင့်ကိုင်လှုပ်သကဲ့သို့ သွက်သွက်ခါ
ယမ်းနေသည်။

မြို့ပေါ်မှာသွားလာနေကြသောလူများ ဆန်ကောအတွင်းသို့
ထည့်ပြီးဖြူသီးထည့်လှိမ့်နေသကဲ့သို့ ဆောက်တည်ရာမရနိုင်လောက်
အောင်ဖြစ်နေကြသည်။

တောင်ကုန်းထိပ်ပေါ်မှ ကျောက်တုံးကျောက်ခဲကြီးများ ပြို
ကျလာခြင်းနှင့်အတူ မရှေးမနှောင်းမှာပင် တောင်ထိပ်ပေါ်ရှိ
ဘုရားကျောင်းကြီး ပြိုလဲကျလာတော့သည်။ ကြီးမားသော
ဘုရားကျောင်းကြီးမှာ တစ်စစီဖြစ်ပြီး ကျူဂီမြို့ပေါ်သို့ လိမ့်ကျ
လာခြင်းဖြစ်သည်။

မိုးချုန်းသံကဲ့သို့ တဝုန်းဝုန်းတဒိုင်းဒိုင်းနှင့်အသံများက နားမခံ
သာအောင်ရှိနေသည်။ ကြည့်နေရင်းမှာပင် အပေါ်မှကျလာသော
ကျောက်တုံးကျောက်ခဲကြီးများမှာ ပိုမိုများပြားလာပြီး ကျူဂီမြို့မှာ
ရှိသော အဆောက်အအုံနှင့်လူများပေါ် ဖုံးအုပ်သွားလေသည်။

ဘုရားကျောင်းရှိသောတောင်ကုန်းပေါ်ရှိ ဂူနံရံများအတွင်း ၌
ကျောက်တလားကြီးများနှင့် ကျောက်နဂါးရုပ်ကြီးများရှိရာ
ကျောက်တုံးကြီးများနှင့်အတူ အောက်သို့ပါလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်တလားကြီးများမှာ ကွဲကြေသွားသကဲ့သို့ ကျောက်နဂါးကြီးများမှာလည်း အပိုင်းပိုင်းကျိုးကြေသွားကြသည်။

နောက်ဆုံးမှာတော့ ရေစပ်မှာရှိသောကမ်းပါးများ တစ်စစီ ပြိုကျကာ ကျူဂီမြို့ကြီးတစ်မြို့လုံး ရေအောက်သို့နစ်မြုပ်ပျောက်ကွယ်သွားလေသည်။

ပြင်းထန်သောမြေငလျင်ကြီး ပြီးဆုံး၍ ရပ်တံ့သွားသောအခါ ကျူဂီမြို့ဟောင်းရှိသောနေရာမှာ ဘာတစ်ခုမှမကျန်ခဲ့တော့ပေ။ ပြိုကျနေသည့်ကျောက်နံရံများသာ ကျန်နေခဲ့တော့သည်။ ကြည့်နေရင်းမှာပင် ထိုနေရာသို့ မြူနှင်းများပိတ်ဆီးသွားပြီး ဘာမှမမြင်ရတော့ပေ။

ထိုအခါမှ နီမောင်လည်း အိပ်မောကျနေရာမှ သတိပြန်ရသလို အထိတ်တလန့်ဖြစ်သွားလေသည်။ ပတ်ဝန်းကျင်ကိုကြည့်လိုက်တော့လည်း ထူးထူးခြားခြား ဘာမှမတွေ့ရပေ။

အမှောင်ရိပ်များဖုံးလွှမ်းစပြုနေသောပတ်ဝန်းကျင်တစ်ခုလုံး ဟိတ်ဆိတ်ငြိမ်သက်လျက်ရှိနေလေသည်။





အခန်း (၁၃)

## တင်ကိုးငှက်နှင့် ရေအောက်မှရတနာများ

နီမောင်မှာ သူတော်စင် ဟာန် နှင့် တွေ့ရပြီးနောက် သူ ပြုလုပ်ဆောင်ရွက်ပေးရမည့်အလုပ်တာဝန်များအကြောင်းကို သိလာရသည်။

အဘယ်ကြောင့် သူ့အနေနှင့် ဘယ်လိုမှမျှော်လင့်မထား သောအာဟိုင်းရေကန်ကြီးရှိရာသို့ ရောက်လာခဲ့ရပုံ ကိုလည်း သဘောပေါက်နားလည်လာလေတော့သည်။

သို့သော်လည်း ထိုအလုပ်များကို လောလောဆယ် မလုပ်နိုင်သေးပေ။

ဘယ်ကနေစပြီး ဘယ်လိုလုပ်ပေးရမှန်းလည်းမသိသေးပေ။ လောလောဆယ် အရေးကြီးနေသောကိစ္စကတော့ ရွာလူကြီး



www.burmeseclassic.com

www.burmeseclassic.com



လိချွန်ထံမှ ယူထားသောကြွေးများကို ကျေလည်အောင် အပြန် ဆုံးပြန်ဆပ်နိုင်ရေးပင်ဖြစ်၏။

သို့ကြောင့် လူပုလေးမိတ္တနှင့်အတူ ငါးရအောင်ကြိုးစားရှာပြီး ရောင်းရငွေများကို စားဖို့ အနည်းငယ်သာချန်ပြီး ကြွေးကျေအောင် ဆပ်ပေးနေရာ အတော်အတန်လျော့ပါးသွားပြီဖြစ်ပေသည်။

ကြွေးယူသွားပြီး ရက်ပိုင်းလပိုင်းမှာပင် ယူထားသော ငွေ ကြေး အတော်အတန် ကျေအောင်ပြန်ဆပ်နိုင်သော နီမောင့်ကို ရွာလူကြီး လိချွန်ပင် အံ့သြနေသည်။ နီမောင်နှင့် တွေ့သောအခါ မှာ ဖွင့်ပြောသည်။

"မင်း ငါ့ဆီကယူသွားတာ ဘယ်လောက်မှအချိန်မကြာသေး ဘူး၊ အခု အတော်ပြန်ဆပ်ပြီးနေပြီလို့ ငါ့သမီးက ပြောတယ်၊ ငါက ဘယ်နေ့ဘယ်ရက်မှာ ပြန်ဆပ်ပေးရမယ်လို့ ပြောထားတာ မှမရှိတာ၊ ရသမျှငွေကို ကြွေးပြန်ဆပ်နေတော့ မင်းတို့စားဖို့ရှိ ရဲ့လား"

"ဟုတ်ကဲ့ ရှိပါတယ်"

"ဘာကြောင့် အခုလို မြန်မြန်ပြန်ဆပ်နေရတာလဲ"

"သူတစ်ပါးဆီက ငွေယူထားရင် မြန်မြန်ပြန်ဆပ်နိုင်လေ ကောင်းလေပဲမို့ပါ"

"အင်း .. မင်းရဲ့သဘောထားကတော့ ချီးကျူးစရာပဲဟေ့၊ မင်းက အခုသာဆင်းရဲနေပေမယ့် ဒီပုံအတိုင်း ဆက်ပြီးကြိုးစား





သွားရင် မကြာခင်မှာ ချမ်းသာမယ့်လူတစ်ယောက် မုချဖြစ်လာ မယ်ဆိုတာတော့ ငါ ပြောရဲပါတယ်"

ရွာလူကြီး လိချွန်မှာ သူငယ်ရွယ်စဉ်ကလည်း ထိုကဲ့သို့ ဆင်းဆင်းရဲရဲဘဝမျိုးဖြင့် ကြိုးစားလာခဲ့ရသူဖြစ်ရာ နီမောင့်ကို သူ၏ဘဝနှင့်နှိုင်းပြီး ပြောနေခြင်းပင်ဖြစ်၏။

နီမောင်၏သွင်ပြင်အမူအရာကို တွေ့မြင်စကပင် စိတ်ဝင်စား နေသော ချန်စုမေကလည်း နေ့စဉ်လိုလို တွေ့မြင်လာသောအခါ နီမောင့်အပေါ်၌ ခင်မင်လာလေသည်။ နေ့စဉ်ဆိုသလိုပင် ငါး ရောင်းရသောငွေများကို လာရောက်ပေးသွင်းနေရာမှ တွေ့နေကြ ရခြင်းဖြစ်သည်။

"နီမောင် .. နင်က ငါးဖမ်းသိပ်တော်တာပဲလို့ ပြောကြတယ်၊ နေ့တိုင်း ငါးအကြီးကြီးတွေရတယ်ဆို ..၊ ဘယ်လိုဖမ်းတာလဲဟင်"

"ငါးမျှားတွေ ပိုက်တွေနဲ့ပဲ ဖမ်းယူတာပါပဲ"

"သူများတွေလဲ နင့်လိုပဲ၊ ငါးမျှားတွေ ပိုက်တွေနဲ့ဖမ်းတာတွေ ရှိပါတယ်၊ ငါးအကြီးတော့ တစ်ခါတစ်ရံ ရကြပါရဲ့၊ နင့်လိုတော့ အမြဲမရပါဘူး၊ ဘာဖြစ်လို့လဲဟင်"

"သူတို့နဲ့ငါနဲ့ ငါးဖမ်းပုံချင်းမတူကြလို့ ဖြစ်မှာပေါ့"

"အင်း .. နင်ပြောတာဟုတ်တယ်၊ နင်က ဒီမှာရှိတဲ့လူတွေနဲ့ မတူတာတော့အမှန်ပဲ"

နီမောင်က ပြုံးရုံသာပြုံးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ချန်စုမေ က သူ့ကိုကြည့်ပြီး အားမလိုအားမရဖြစ်နေဟန် ရှိသည်။

"အဖေကတော့ နင့်ကို သဘောကျနေပုံရတယ်၊ တစ်နေ့ကျ ရင် ကြီးပွားချမ်းသာလာမယ့်လူတစ်ယောက်လို့လဲပြောတယ်၊ တကယ်လို့ ကြီးပွားချမ်းသာရင် ဘာလုပ်မလဲဟင်"

"ဘဝသစ် ထူထောင်မှာပေါ့"

"ဘဝသစ်ထူထောင်တယ်ဆိုတာ ဘယ်လိုမျိုးလဲဟင်"

"ဩော် .. ဘဝသစ်ထူထောင်တယ်ဆိုတာ ပိုက်ဆံရှိလာရင် မိန်းမတွေ ဘာတွေယူပြီး ကိုယ့်အိုးကိုယ့်အိမ်နဲ့နေတာမျိုးကို ပြော တာပါ"

ထိုစကားကြောင့် ချန်စုမေ၏ ဖြူဝင်းနေသောပါးပြင်နှစ်ဖက် ပေါ်မှာ ပန်းနုရောင်သမ်းသွားလေသည်။ သို့သော်လည်း ဟန် မပျက်ဆက်မေးသည်။

"နင်က ဒီရွာရောက်လာတာတောင် သိပ်မကြာသေးဘူး သဘောကျတဲ့လူကို တွေ့နေပြီလား"

"အင်း .. တွေ့တော့တွေ့ထားပါပြီ"

"ဘယ်သူလဲဟင်"

"အခု ပြောလို့မဖြစ်သေးဘူး၊ ငါ့ဘက်ကပဲ သဘောကျနေ တာပဲရှိသေးတာ၊ သူ့ကို မမေးရသေးဘူး၊ သေချာရင်တော့ ပြော ပြပါ့မယ်"





ဟုပြောရာ ချန်စုမေလည်း ရှေ့ဆက်မမေးတော့ပေ။

တန်ပ ကတော့ ထိုအကြောင်းကို အနည်းငယ်ရိပ်မိသဖြင့် နီမောင်နှင့်တွေ့သောအခါ ပြောသည်။

"ချန်စုမေ က သဘောကောင်းပေမယ့် မာနတော့ကြီးတယ်၊ အခုထိတော့ ဘယ်သူမှ ကပ်လို့မရသေးဘူး၊ မင်းကျတော့လဲ လိုက်လျောမှုတွေပေးသားပဲ"

တန်ပ က ထိုသို့ပြောသောအခါ လူပုလေးမိတ္တ က ဘုမသိ ဘမသိဖြင့်ဝင်ပြောသည်။

"သူတို့ဆီကယူထားတဲ့ကြွေးတွေ မြန်မြန်ရအောင်မျက်နှာချို သွေးနေတာလဲဖြစ်ချင်ဖြစ်နေမှာပေါ့"

လူပုလေးမိတ္တ စကားကြောင့် တန်ပ မျက်နှာမှာ ရှုံ့တွသွား လေသည်။

"မင်း ဘာမှလဲမသိဘဲနဲ့ ဝင်ပြောမနေပါနဲ့ မိတ္တရယ်"

"ငါလဲသိချင်တာပေါ့၊ မင်းတို့က ငါ့ကို အရပ်ပုတယ်ဆိုပြီး လူရာမဝင်ဘူးလို့ထင်နေသလား"

"မထင်ပါဘူးဗျာ၊ မထင်ပါဘူး"

"မင်းတို့သိသလို ငါလဲရိပ်မိတန်သလောက်တော့ ရိပ်မိပါ တယ်၊ ရွာလူကြီးသမီးက နီမောင့်ကို မျက်စိကျနေတာတော့ အမှန်ပဲ"

"မျက်စိကျတယ်ဆိုတာ ဘယ်လိုအဓိပ္ပာယ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



“သဘောကျတယ်လို့ပြောတာကွ၊ မင်း အဲဒီလောက်ထုံပြီး အ,နေလို့ အခုထိမစွံသေးတာ”

ဟုပြောရာ နီမောင်နှင့်တန်ပတို့နှစ်ယောက်က ရယ်နေကြလေသည်။

“ကဲပါကွာ .. အဲဒီကိစ္စတွေက အသာထားပါဦး၊ ငါ မင်းတို့နှစ်ယောက်နဲ့ တိုင်ပင်စရာရှိတယ်”

“ဘာကိစ္စလဲ”

“အခု ငါပြောတဲ့ကိစ္စကို ဘယ်သူမှမသိဖို့တော့ အရေးကြီးတယ်”

“စိတ်ချစမ်းပါကွာ၊ ငါတို့နှစ်ယောက်ရဲ့အကြောင်းကို မင်းလဲ အသိသားနဲ့”

“သိပါတယ်၊ အခုကိစ္စက အရေးကြီးလို့ ထပ်ပြီး သတိပေးတာပါ”

“ဘာကိစ္စမို့လဲ”

“ငါတို့သုံးယောက် ကျုံဂီမြို့ဟောင်းရှိတဲ့နေရာကို သွားကြရမယ်”

“အရင်ရက်တွေက မင်းသွားနေတာပဲမဟုတ်လား”

“အခုတစ်ခေါက်က ငါးဖမ်းဖို့မဟုတ်ဘူး”

“ဘာသွားလုပ်မှာလဲ”

“ရေအောက်မှာမြုပ်နေတဲ့ ကျောက်ဟလားကြီးတွေနဲ့ ကျောက်





နဂါးကြီးတွေကို သွားရှာကြရမယ်”

“ဟေ ...”

နှစ်ယောက်သား ပါးစပ်အဟောင်းသားဖြစ်သွားကြသည်။

“ဘာ .. ဘာသွားလုပ်မှာလဲဟင်”

“ဟိုနေရာရောက်တော့ မင်းတို့နှစ်ယောက်သိရမှာပေါ့၊ ဘယ်လိုလဲ .. လိုက်ဝံ့ကြရဲ့လား”

“မင်းတောင် သွားဝံ့သေးတာ ဘာကြောင့်မလိုက်ဝံရမှာလဲ၊ ဘယ်တော့သွားမှာလဲ”

“အခုညပဲသွားကြမယ်”

“အိမ်ကလူတွေက မေးရင် ဘယ်လိုပြောရမလဲ”

“ငါးရှာသွားမယ်လို့ အဆင်ပြေအောင်သာ ကြည့်ပြီးပြောလိုက်ပေါ့ကွာ”

ဟု ပြောဆိုတိုင်ပင်ကြလေသည်။

ညဦးပိုင်းအချိန်ရောက်သောအခါ နီမောင့် လှေနှင့်ပင် အတူတူသွားကြရန်ပြင်သည်။

လှေထဲဆင်းတော့မှ လှေနံပေါ်မှာနားနေသော တင်ကျီးငှက်ကြီးတစ်ကောင်ကို တွေ့ကြရသဖြင့် အံ့သြသွားကြလေသည်။

“နီမောင် မင်းက တင်ကျီးငှက်နဲ့ ငါးဖမ်းတာမဟုတ်ဘဲနဲ့ ဒီငှက်ကြီးက ဘယ်ကရောက်နေတာလဲ”

“ငါလဲမသိဘူး”



www.burmeseclassic.com

www.burmeseclassic.com



"တခြားလှေက ငှက်တစ်ကောင်ကောင်များ မျက်စိလည်ပြီး ရောက်နေတာများလား၊ ဘယ်လိုလုပ်မလဲ"

"သူ့ကို မောင်းထုတ်လို့မှမဖြစ်တာ၊ အချိန်တန်တော့ သူ့ဘာသာ ပျံသွားလိမ့်မယ်၊ သွားကြရအောင်"

ဟုပြောကာ သုံးယောက်သား လှေပေါ်တက်ကာ ကျူဂီမြို့ဟောင်းရှိရာဘက်သို့ ဦးတည်၍ လှော်ခဲ့ကြသည်။

လှေနံပေါ်မှာနားနေသော တင်ကျီးငှက်ကလည်း ငိုက်မျဉ်းရင်းနှင့်ပါလာလေသည်။

ကျူဂီမြို့ဟောင်းရှိသောနေရာမှာ သူတို့နေသော ကျောက်နဂါးတောင်ရွာနှင့် မဝေးလှပေ။

သူတို့ရောက်သွားသောအခါ ရေပြင်ပေါ်မှာ လှိုင်းကြက်ခွပ်ကလေးများပင်မရှိဘဲ ရေမျက်နှာပြင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ထိုနေရာတစ်ဝိုက်တွင် ကျောက်ဆောင်ကျောက်စွန်းများက ပေါလှပေရာ ကြည့်လေရာ ရေမျက်နှာပြင်ပေါ်မှာ မည်းမည်းသဏ္ဌာန်ကြီးများထိုးထိုးထောင်ထောင်နှင့်ပေါ်နေလေသည်။

"နီမောင် ကျူဂီမြို့ဟောင်းရှိတဲ့နေရာတော့ ရောက်လာပြီ၊ မင်း ဘာလုပ်မှာလဲ"

"ငါတို့သုံးယောက် ရေထဲဆင်းကြည့်ကြမယ်"

"ဟင် .. ဒီလောက်မှောင်နေတဲ့အချိန် ရေအောက်ဆင်းကြည့်





တော့ ဘာမြင်ရမှာလဲ၊ ဒီနေရာတစ်ဝိုက်က ကျောက်ဆောင်ကျောက်စွန်းတွေလဲပေါတယ်၊ အန္တရာယ်တွေလဲများတယ်လို့ပြောတယ်"

တန်ပ က တွေးတွေးဆဆနှင့်ပြောသည်။

ထိုအခိုက်မှာပင် ငြိမ်သက်နေသော ကန်ရေပြင်မှာ အနည်းငယ်လှုပ်ရှားလာလေသည်။ လေတိုက်လာသဖြင့် လှိုင်းကြက်ခွပ်ကလေးများ ထလာခြင်းဖြစ်သည်။

လေတိုက်သဖြင့် တိမ်မည်းများလွင့်သွားဟန်ဖြင့် လရောင်ကလည်း ပေါ်ထွက်လာသည်။

တိမ်တိုက်များကြားမှ ပေါ်ထွက်လာသော လရောင်က အခြားနေရာများမှာ ဝိုးတဝါးသာရှိနေပြီး ကျူဂီမြို့ဟောင်းရှိနေသောနေရာမှာတော့ သင်္ဘောတစ်စင်းမှ ဆလိုက်မီးဖြင့်ထိုးထားသကဲ့သို့ စူးစူးရဲရဲဖြစ်ကာ လင်းထိန်နေတော့သည်။

ထိုအခါမှ လှေနံပေါ်မှာ ငိုက်မျဉ်းရင်းလိုက်လာသော တင်ကျီးငှက်ကြီးမှာ လှုပ်လှုပ်ရှားရှားဖြစ်လာလေသည်။ အတောင်ပံတဖျပ်ဖျပ်ခတ်ပြီးနောက် ရေထဲသို့ဆင်းသွားလေတော့သည်။

"သူတော့ဆင်းသွားပြီ၊ ငါတို့ရော ဘယ်လိုလုပ်ကြမလဲ"

"ခဏလောက်တော့ အခြေအနေစောင့်ကြည့်ကြသေးတာပေါ့ကွာ"

ဟု ပြောပြီး သုံးယောက်သား လှေပေါ်မှပင် အခြေအနေစောင့်ကြည့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေအောက်ထိုးဆင်းသွားသော တင်ကျီးငှက်ကြီးက တော်တော်နှင့်ပြန်ပေါ်မလာပေ။

နီမောင့် စိတ်ထဲမှာတော့ ထိုတင်ကျီးငှက် ပြန်တက်လာလျှင် ငါးတစ်ကောင်လောက်တော့ ပါလာလိမ့်မည်ဟုထင်နေသည်။ သို့သော် မသေချာပေ။

ငါးဖမ်းသောတင်ကျီးငှက်ဆိုလျှင်လည်း လည်ပင်းမှာ ကြိုးချည်ပေးလိုက်ရသည်။ ကြိုးချည်မပေးပါက ဖမ်းမိသောငါးကို မျိုချပစ်လိုက်သည်နှင့် လှေပေါ်သို့ ပြန်ပါလာသည်မရှိပေ။

ယခုလည်း ဘယ်နေရာက လာနားနေသည်မှန်းမသိသဖြင့် လည်ပင်းကို ကြိုးချည်မပေးလိုက်ကြပေ။

သုံးယောက်သား ငြိမ်သက်နေသောရေပြင်ကို စောင့်ကြည့်နေကြစဉ် အတန်ကြာသောအခါ ရေအောက်သို့ဆင်းသွားသည့် တင်ကျီးငှက်က လှေပေါ်ပြန်တက်လာသည်။

ထင်သည့်အတိုင်း ငါးတော့မပါလာပေ…၊

သို့သော် နှုတ်သီးမှာတော့ တစ်စုံတစ်ခုကို ကိုက်ချီလာသည်။ ထိုအရာကို လှေကြမ်းပြင်ပေါ်သို့ ချပေးသဖြင့် နီမောင် က ကောက်ယူကြည့်လိုက်သည်။

"ဘာလဲ နီမောင်"

"ငွေဒင်္ဂါးပြားပဲ"

"ဟေ!…"





နှစ်ယောက်သား တအံ့တသြဖြစ်သွားကြသည်။

သူတို့သုံးယောက်က ရေညှိများတက်နေသဖြင့် အရောင်အဆင်းပင်မပေါ်တော့သောငွေဒင်္ဂါးကို တစ်ယောက်တစ်လှည့် ကြည့်နေကြစဉ် တင်ကျီးငှက်က နောက်တစ်ကြိမ် ရေထဲပြန်ဆင်းသွားပြန်သည်။

နောက်တစ်ကြိမ် ပြန်တက်လာတော့လည်း နောက်ထပ် ငွေဒင်္ဂါးပြားတစ်ချပ် ပါလာပြန်သည်။

ထိုအခါမှ နီမောင် သဘောပေါက်သွားပြီး ကျန်နှစ်ယောက်ကို ပြောလိုက်သည်။

"ငါတို့ ရေထဲဆင်းကြရအောင်"

ဒီတစ်ကြိမ်တော့ တန်ပနှင့်လူပုလေးမိတ္တတို့နှစ်ယောက် လည်း မဆိုင်းမတွ ပြင်ဆင်ကြလေသည်။

သူတို့မျက်စိရှေ့မှာပင် တင်ကျီးငှက်က ငွေဒင်္ဂါးပြားများ ချီတက်လာသည်ကိုမြင်သဖြင့် စိတ်ဝင်စားနေကြသည်။ နောက်တစ်ကြိမ် တင်ကျီးငှက် ရေထဲသို့ဆင်းသွားသောအခါ သုံးယောက်စလုံး ဆင်းလိုက်သွားကြလေသည်။

ကန်ရေပြင်ပေါ်သို့ လရောင်က ဆလိုက်မီးသဖွယ် ထိုးကျနေသောကြောင့် ရေအောက်၌လင်းနေလေရာ ပတ်ဝန်းကျင်သို့ အတန်အသင့်မြင်နိုင်ကြလေသည်။

ရေပြင်ပေါ်မှာ ကျောက်တိုင်နှင့်ကျောက်စွန်းများရှိနေကြ သလို



www.burmeseclassic.com

www.burmeseclassic.com



ရေအောက်မှာလည်း ထိုးထိုးထောင်ထောင်နှင့် အများကြီး ရှိနေလေသည်။

ရုတ်တရက်ကြည့်ပါက ကျောက်တောင်များနှင့်ကျောက်တိုင်ကြီးများစိုက်ထားသကဲ့သို့ရှိလေသည်။

အသေအချာကြည့်တော့ ထိုအရာများမှာ အခြားမဟုတ်ကြဘဲ ရေအောက်သို့နစ်မြုပ်နေသော အဆောက်အအုံအပြိုအပျက်များဖြစ်သည်ကို သတိပြုမိကြလေသည်။ ထိုအဆောက်အအုံအပြိုအပျက်များကြား၌ ကူးခတ်သွားလာနေကြသော ငါးမျိုးစုံတို့ကိုလည်း တွေ့မြင်ရသည်။

အချိန်မှာ ညပိုင်းအချိန်ရောက်နေပြီဖြစ်သောကြောင့် မှောင်နေပြီဖြစ်သော်လည်း ရေအောက်မှာတော့ အရာဝတ္ထုများကို သဲသဲကွဲကွဲမြင်နိုင်လောက်သော အလင်းရောင်ရှိနေသည်။

သို့ကြောင့်လည်း ရေအောက်၌ရှိနေကြသော အဆောက်အအုံအပြိုအပျက်များနှင့် ငါးများကိုမြင်တွေ့နေရခြင်းဖြစ်သည်။

ငါးများထဲမှာ အရွယ်အစားကြီးသောငါးရှူကြီးများကို တွေ့ကြရသည်။

သူတို့ မနီးမဝေးမှသွားနေသော တင်ကျီးငှက်ကိုလည်း တွေ့ရသည်။

တင်ကျီးငှက်က ရှေ့မှာသွားနေရင်းမှ ဂူပေါက်တစ်ခုအတွင်းသို့ ဝင်သွားသည်ကို လှမ်းမြင်ရသောကြောင့် တစ်ယောက်နှင့်





တစ်ယောက် အချက်ပြပြီး ထိုဂူပေါက်အတွင်းသို့ ဝင်လိုက်သွားကြသည်။

ဂူမှာ သာမန်မဟုတ်ဘဲ ရေအောက်လိုဏ်ခေါင်းကြီးတစ်ခုဖြစ်နေသည်ကို တွေ့ရလေသည်။

ထိုလိုဏ်ခေါင်းကြီးအတွင်းမှာ အစီအရီချထားသော ကျောက်တလားကြီးများနှင့်ကျောက်နဂါးရုပ်ကြီးများလည်းရှိနေသည်။

တင်ကျီးငှက်က ကျောက်တလားကြီးအတွင်းမှာရှိနေသော ဒင်္ဂါးတစ်ပြားကို ကိုက်ချီပြီးနောက် အပြင်သို့ပြန်ထွက်သွားလေသည်။

နီမောင်တို့သုံးယောက်လည်း ကျောက်တလားအတွင်းမှ ဒင်္ဂါးအနည်းငယ်စီယူ၍ ရေပြင်ပေါ်သို့ ပြန်တက်ခဲ့ကြသည်။

လှေပေါ်ပြန်ရောက်တော့မှ ကြည့်ကြသောအခါ ငွေဒင်္ဂါးမှန်း သိကြရတော့သည်။

"ရေအောက်မှာ ငွေဒင်္ဂါးတွေ အများကြီးရှိနေပါလား၊ အခု ရလာတဲ့ငွေဒင်္ဂါးတွေကို မင်း ဘယ်လိုလုပ်မလဲ နီမောင်"

"ဒီပစ္စည်းတွေက ကိုယ်သုံးလို့မရဘူး၊ သူတော်စင် ဟန်ကို သွားပေးရမယ်"

"သူတော်စင် ဟန် ဆိုတာ ဘယ်သူလဲ"

နီမောင် က သူတို့နှစ်ယောက်ကို အကျဉ်းချုပ်ပြီး ပြောပြလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်တော့မှ တန်ပ နှင့် လူပုလေးမိတ္တတို့မှာ အနည်းငယ် သဘောပေါက်သွားကြသည်။

"ငါတို့ ရေအောက်မှာ ကျောက်နဂါးကြီးတွေတွေ့ခဲ့တယ်၊ ဒီရေကန်ကြီးထဲမှာ ကျောက်နဂါးကြီးတွေရှိတယ်ဆိုတာ အဲဒါကြီးတွေများဖြစ်နေမလား"

"ဖြစ်ချင်လဲဖြစ်နိုင်တာပေါ့ကွာ"

"ငါတို့တွေ ဒီနယ်မှာမွေး ဒီနယ်မှာကြီးပြင်းခဲ့ကြပေမယ့် ဒီ အကြောင်းတွေကို မသိခဲ့ကြဘူး၊ အခု မင်း ရောက်လာမှပဲ သိရ တော့တယ်၊ ဒါထက် မေးရဦးမယ်၊ မင်းက ဘယ်လိုသိနေတာလဲ ဟင်"

နီမောင် က တွေတွေထူးထူးရှင်းပြမနေချင်တော့သဖြင့် ရယ်ရယ်မောမောနှင့်ပြောလိုက်သည်။

"တင်ကျီးငှက်ဘဝကတည်းက သိနေတာ"

ကျန်နှစ်ယောက်က ထိုစကားကို နောက်ပြောင်ပြောနေသည် ဟုထင်ကြသော်လည်း နီမောင် ကတော့ အမှန်တကယ်ပြောလိုက်ခြင်းပင်ဖြစ်ပေသည်။





## အခန်း (၁၄)

### မာယာကျောက္ကွင်းသို့ တိုးဝင်မိခြင်း

တန်ပ နှင့် လူပုလေးမိတ္တတို့နှစ်ယောက်ကို ထိုအကြောင်းများအား မည်သူ့ကိုမှမပြောရန် ပတန်တန်မှာလိုက်သော်လည်း မရပေ။

တန်ပ က ရိုးသားသူဖြစ်သောကြောင့် ဖခင်ဖြစ်သူ က လှည့်ပတ်မေးရာ နောက်ဆုံးမှာ ပြောမိလျက်သားဖြစ်သွားတော့သည်။

"နီမောင် ကတော့ အဲဒီအကြောင်းတွေကို ဘယ်သူမှမပြောပါနဲ့လို့မှာထားတယ် အဖေရ .."

"အေးလေ .. မင်းမပြောချင်လဲနေပေါ့၊ ဒါပေမယ့် ညတုန်းက မင်းတို့သုံးယောက် လှေတစ်စင်းနဲ့ ဘယ်နေရာသွားကြတာလဲ"

"ကျူုဂီမြို့ဟောင်းရှိတဲ့နေရာကိုသွားကြတာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါးဖမ်းတာမဟုတ်ဘဲနဲ့ ဘာသွားလုပ်ကြတာလဲ"

"ပြောလို့မဖြစ်ဘူးထင်တယ် အဖေရ .."

"အေးလေ .. မင်း မပြောချင်လဲ နေပေါ့၊ ငါက အဲဒီနေရာ မကြာခဏရောက်ဖူးပါတယ်၊ ရေအောက်မှာ ကျောက်တုံးကျောက်ဆောင်အပြိုအပျက်တွေကြားမှာ ငါးကြီးတွေရော အများကြီးရှိတယ်လေ"

တန်ပ ဖခင်ဖြစ်သူကို မျက်လုံးအပြူးသားဖြင့်ကြည့်နေလေသည်။

ဖခင်ဖြစ်သူ ရှောင်ဖုန်း က ဆေးတံကိုဖွာရင်း အရေးမကြီးသောအမူအရာဖြင့် ပြောသည်။

"လူတွေက အဲဒီနေရာကို အထင်လဲကြီးကြတယ်၊ ကြောက်လဲကြောက်နေကြတယ်၊ သူတို့က အဲဒီနေရာမှာ ကျောက်တလားကြီးတွေနဲ့ ကျောက်နဂါးကြီးတွေရှိတယ်လို့ ထင်နေကြတယ်၊ တကယ်တော့ အဲဒီနေရာမှာ ကျောက်တုံးအပြိုအပျက်တွေကလွဲပြီး ဘာမှမရှိပါဘူး"

ထိုစကားကြားသောအခါ တန်ပမှာ မခံချင်စိတ်ဖြစ်သွားလေသည်။

"အဖေက အဲဒီလိုပဲထင်နေသလား"

"အေးလေ .. ဒီလိုပဲထင်ရမှာပေါ့၊ ဘာမှမှမရှိတာ"

"ရှိတယ်ဗျ"





"ဘာရှိတာလဲ"

"ကျောက်တလားကြီးနဲ့ ကျောက်နဂါးကြီးတွေရှိတယ်"

"ဘယ်နေရာမှာရှိတာလဲ"

"ရေအောက်မှာရှိတာ"

"မင်းက ဘယ်တုန်းကရောက်ဖူးလို့သိနေတာလဲ၊ အပိုတွေပြောမနေစမ်းပါနဲ့ တန်ပရယ်"

"ကျွန်တော် အပိုပြောတာမဟုတ်ဘူးဗျ၊ တကယ်ကိုတွေ့ခဲ့ရတာ"

"မင်း တကယ်တွေ့ခဲ့ရတယ်ဆိုရင် တခြားရော ဘာတွေတွေ့ခဲ့ရသေးလဲ"

"ငွေဒင်္ဂါးနဲ့ရွှေဒင်္ဂါးတွေ ..."

"ငွေဒင်္ဂါးနဲ့ရွှေဒင်္ဂါးတွေ တွေ့ခဲ့ရတယ် ဟုတ်လား၊ ဒါဖြင့် ဘာကြောင့်ယူမလာခဲ့တာလဲ"

"ယူလို့မှမရတာ အဖေရ ..၊ အဲဒီပစ္စည်းတွေက ..."

မထူးတော့ပြီမို့ တန်ပ က နီမောင့်ဆီမှ တစ်စွန်းတစ်စသိရသောအကြောင်းအရာများကို သူသိသမျှ ပြန်ပြောပြလိုက်လေတော့သည်။

တန်ပ ပြောပြသောအကြောင်းအရာများမှာ ဖခင်ဖြစ်သူ သိချင်နေသောအကြောင်းအရာများပင်ဖြစ်ပေသည်။ ထိုအကြောင်းများကိုသိရသည်နှင့် ရှာလှူကြီးလိချွန်ထံသို့ သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှောင်ဖုန်း ရေးကြီးသုတ်ပျာနဲ့ ဘယ်လိုဖြစ်လာတာလဲ"

"အရေးကြီးတဲ့ကိစ္စ သိခဲ့ရလို့ အမြန်လာခဲ့တာပါ ရှာလူကြီး"

သို့ကြောင့် ရှာလူကြီးက ဧည့်ခန်းသို့ခေါ်သွားပြီး အကျိုးအကြောင်းမေးသည်။

"ဘာများလဲ ပြောပါဦး"

"ကျွန်တော်တို့ကို သူဌေးလောချန် စုံစမ်းခိုင်းထားတဲ့ကိစ္စ သိခဲ့ရပြီဗျ"

"ဟေ .. ဟုတ်လား"

ရှောင်ဖုန်း က တန်ပထံမှသိရသောအကြောင်းများကို ပြန်ပြောပြလိုက်လေသည်။

"ဒါကြောင့် နီမောင် ဆိုတဲ့ ကောင်လေးကိုမြင်ကတည်းက ထူးခြားပါတယ်လို့ထင်နေတာ၊ သူက ကျူဂီမြို့ဟောင်းနဲ့ အဆက်အစပ်ရှိနေတဲ့သူကိုး ..."

"ဘယ်လိုလုပ်ကြမလဲ ရှာလူကြီး"

"ယန်းနန်းမြို့ သူဌေးလောချန်ဆီသွားပြီး ပြောပြရမယ်"

"ဘယ်တော့သွားကြမှာလဲ"

"အခုချက်ခင်းသွားကြရမယ်ကွ၊ ဒီကိစ္စက မင်းရောငါပ ချမ်း သာမယ့်ကိစ္စမျိုးမဟုတ်လား"

ဟုပြောကာ ရှာလူကြီး လိချွန်မှာ ရှောင်ဖုန်းကိုပါ တပါတည်း ခေါ်ပြီး မြင်းလှည်းဖြင့် ယန်းနန်းမြို့သို့သွားကြလေသည်။





ယန်းနန်းမြို့မှာရှိသော သူဌေး လောချန် ဆိုသူမှာ လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်လောက်ကတည်းက ကျူဂီမြို့ဟောင်းမှ ရတနာများကို စုံစမ်းနေသူဖြစ်သည်။

လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်လောက်က ရေကန်ကြီးအနီးရှိ မင်းဟာမ်ရွာသား ငါးဖမ်းသမား ဟန် ဆိုသော လူ တစ်ယောက်မှာ ထူးဆန်းသောတင်ကျီးငှက်တစ်ကောင်၏ အကူအညီပေးမှုကြောင့် ငွေဒင်္ဂါးများရခဲ့ဖူးသည်။

ထိုငွေဒင်္ဂါးများမှာ ကျူဂီမြို့ဟောင်း ကောင်းစားစဉ်က အသုံးပြုခဲ့သော ငွေဒင်္ဂါးများဖြစ်ပြီး နှစ်ပေါင်းတစ်ထောင်ကျော်ကြာခဲ့ပြီဖြစ်၏။

ထိုငွေဒင်္ဂါးများကို မင်းဟာမ်ရွာမှာ ငွေရောင်းသမား ရန်ရှင်းဆိုသူက ယူလာခဲ့ခြင်းဖြစ်၏။

နောက်ပိုင်းမှာတော့ ယန်းနန်းမြို့မှ သူဌေးလောချန်သည် ရန်ရှင်းနှင့်အတူပူပေါင်းပြီး ငါးဖမ်းသမား ဟန် နောက်သို့ ခြေရာခံကာလိုက်ကြလေသည်။

သို့သော်လည်း ကျူဂီမြို့ဟောင်းနေရာသို့ ရောက်သွားသောအခါ ငါးဖမ်းသမား ဟန် ကို ရှာမတွေ့ကြတော့ဘဲ အန္တရာယ်များနှင့် တစ်ခုပြီးတစ်ခုတွေ့ကြကာ သူ စေခိုင်းသောလူအချို့ပင် သေကျေပျက်စီးခဲ့ရသည်။

နောက်ပိုင်းမှာတော့ ငါးဖမ်းသမား ဟန် မှာ ငွေဒင်္ဂါးများ



www.burmeseclassic.com

www.burmeseclassic.com



ရှာပေးသော တင်ကျီးငှက် မရှိတော့သည့်နောက်မှာ ငါးဖမ်းခြင်းအလုပ်ကိုပါ တစ်ခါတည်း စွန့်လွှတ်ကာ သူတော်စင်ဘဝဖြင့် တောင်ကုန်းပေါ်မှ ကျောက်ဂူတစ်ဂူအတွင်း၌ သွားရောက်နေထိုင်လေသည်။

ကျူးဂီမြို့ဟောင်းမှ ငွေဒင်္ဂါးများလည်း နောက်ထပ် မရတော့ပေ။

သို့သော်လည်း သူဌေးလောချန်မှာ စိတ်မလျှော့ဘဲ ၎င်းနှင့်ရင်းနှီးသောမိတ်ဆွေများ၊ တပည့်တပန်းများအား ထိုအကြောင်းကို စုံစမ်းနိုင်းထားလေသည်။ ထိုအကြောင်းများမှာ အနှစ် နှစ်ဆယ်ကျော်အချိန်ကြာသည်အထိ နောက်ထပ် ထူးခြားမှု မတွေ့ခဲ့ပေ။

ငါးဖမ်းသမား ဟာန် မရှိတော့သည့်နောက်ပိုင်းမှာလည်း ထိုငွေဒင်္ဂါးမျိုး မည်သူမျှရသည်မကြားရဘဲရှိနေရာမှ တစ်နေ့တွင် ကျောက်နဂါးတောင်ရွာမှ ၎င်းနှင့် အဆက်အသွယ်ရှိသော ရွာလူကြီး လိချွန်နှင့် ရှောင်ဖုန်း ဆိုသူ နှစ်ယောက်တို့ ရောက်လာကြသည်။

၎င်းတို့ အမူအရာမှာ ထိဆုကြီးကြီးပေါက်သော အမူအရာမျိုးကဲ့သို့ တက်ကြွနေကြသည်။

သူဌေးလောချန်မှာ သူတို့နှစ်ယောက်၏ အမူအရာကို ကြည့်ပြီး တစ်စုံတစ်ခု ထူးခြားလာပြီဟု ထင်လိုက်မိသည်။ သူ၏





အထင်မှာ မလွဲလှပေ။

"ဟာန်ကျပြီ သူဌေးရေ .. ဟာန်ကျပြီဗျ၊ ကျွန်တော်တို့ အနှစ်နှစ်အလလက စောင့်နေခဲ့ရတဲ့ အခြေအနေကတော့ ပြန်ပေါ်လာပြီဗျ"

"ဘယ်လိုအခြေအနေမျိုးလဲ ရှောင်ဖုန်းရယ်၊ ဒီမှာ လက်ဖက်ရည်ကောင်းကောင်းသောက်ကြပြီးတော့ ငါ့ကိုလဲ နားလည်သဘောပေါက်အောင် သေသေချာချာပြောပြကြပါဦး"

ဟု ပြောကာ လက်ဖက်ရည်ဖြင့် ဧည့်ခံလေသည်။

လိချွန်နှင့်ရှောင်ဖုန်း တို့က တန်ပ ထံမှ သိရသောအကြောင်းများကို ဝမ်းသာအားရဖြင့် ပြန်ပြောပြလိုက်ကြသည်။

"အဲဒီ နီမောင် ဆိုတဲ့ ကောင်လေးက တခြားမဟုတ်ဘူးတဲ့၊ အရင် ငါးဖမ်းသမား ဟာန် ရှိတုန်းက ရေအောက်က ငွေဒင်္ဂါးပြားတွေ ယူပေးတဲ့ တင်ကျီးငှက် ပန် ဝင်စားတာလို့ ပြောကြတယ်၊ ဟုတ်,မဟုတ်တော့ ကျွန်တော်တို့လဲ သေသေချာချာတော့မသိရဘူး"

"အိုကွာ .. တင်ကျီးငှက် ဝင်စားတာပဲဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် ဒီအကြောင်းတွေက ငါတို့အတွက် သိပ်အရေးမကြီးလှပါဘူး၊ အရေးကြီးတာက သူ ရေထဲကငွေဒင်္ဂါးတွေ ရတယ်ဆိုတာ အမှန်ပဲလား"

"အမှန်ပဲ သူဌေး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီငွေဒင်္ဂါးတွေက ဘယ်ရောက်သွားပြီလဲ၊ ဘယ်သူ့ဆီ ရောင်းလိုက်သလဲ"

"သူက ဘယ်သူ့ဆီမှမရောင်းဘူး၊ တောင်ကုန်းပေါ်က ဂူထဲမှာနေတဲ့ သူတောင်စင် ဟန် ဆီကို သွားပို့ထားတယ်လို့ သိရတယ်"

"သူတော်စင် ဟန် ဆီရောက်သွာတဲ့ပစ္စည်းတွေကတော့ ဘယ်နည်းနဲ့မှရမှာမဟုတ်ဘူး၊ နေရာသိရရင် ကိုယ့်နည်းကိုယ့်ဟန်နဲ့ ရှာမှဖြစ်မယ်"

"ဖြစ်ပါ့မလား သူဌေး၊ ဟိုတုန်းကလဲ ဒီလိုပဲ ရှာဖွေခဲ့ကြတာပဲမဟုတ်လား၊ ဒါပေမယ့် ရတနာတွေမရဘဲ အန္တရာယ်တွေနဲ့ချည်း တိုးခဲ့ကြတယ်မဟုတ်လား"

လီချွန် က စိုးရိမ်စွာဝင်ပြောလိုက်သည်။

"ဖြစ်ပါတယ်ကွာ၊ ဒီလိုပဲကြံရမှာပေါ့၊ ငါတို့ရှာလို့မရရင် ရှာ ပေးနိုင်တဲ့လူကိုပဲ ရှာခိုင်းရမှာပေါ့"

ထိုစကားကြောင့် နှစ်ယောက်သား အံ့သြသွားကြသည်။ ထိုနေရာမှရတနာများကို ရှာပေးနိုင်သူမှာ နီမောင် တစ်ယောက်သာ ရှိသည်။

နီမောင် ကတော့ သူတို့ခိုင်းစေသည့်အတိုင်း လုပ်ပေးမည် မထင်ပေ။

"သူက လုပ်ပေးပါ့မလား သူဌေး"





"လုပ်မပေးချင်လဲ ရတဲ့နည်းနဲ့ခိုင်းရမှာပေါ့ကွာ"

ဟု သူဌေးလောချန်က သူ့လူနှစ်ယောက်တို့အား မည်သို့မည်ပုံကြံစည်လုပ်ကိုင်ကြရမည်ကို ပြောပြလေသည်။

နောက်ထပ် တစ်ရက်နှစ်ရက်ခန့်ကြာသောအခါ နီမောင် က ဖမ်းမိလာသောငါးကြီးများကို ရောင်းရငွေများထဲမှ အချို့ကို ကြွေးလာဆပ်သည်။

အိမ်မှာ အခြားသူများကိုမမြင်ရဘဲ ချန်စုမေ တစ်ယောက်တည်းရှိနေသည်။

သူမ၏[illegible]အရာမှာ ခါတိုင်းကဲ့သို့မဟုတ်ဘဲ မျက်နှာညှိုးနေသည်။

"စုမေ .. နင့်မျက်နှာလဲမကောင်းပါလား၊ ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလား"

ချန်စုမေ က ဘာမှပြန်မပြောဘဲ ခေါင်းခါပြသည်။ ထိုအခါမှ မျက်ရည်ဝိုင်းနေသည်လည်း သတိပြုမိသည်။ ခါတိုင်း နီမောင်နှင့်တွေ့လျှင် ကရားရေလွှတ်သကဲ့သို့ စကားတတွတ်တွတ်ပြောလေ့ရှိသော ချန်စုမေ တစ်ယောက် ထူးထူးခြားခြား အမူအရာဖြစ်နေသည်ကို တွေ့ရသဖြင့် ဆက်မမေးတော့ဘဲ ပေးစရာရှိသောငွေများ ပေးရန် ရေတွက်နေစဉ် ...

"အမယ်လေး မှူးလိုက်တာ .. မှူးလိုက်တာ၊ လုပ်ပါဦး .. လုပ်ပါဦး နီမောင်"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောကာ ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲလဲကျသွားလေတော့သည်။

"ဟင် ..."

ငွေများရေတွက်နေသော နီမောင်မှာ ဘယ်လိုလုပ်ပေးရမှန်းမသိအောင်ခြေမကိုင်မိလက်မကိုင်မိဖြစ်သွားလေသည်။ ပတ်ဝန်းကျင်ကိုကြည့်လိုက်တော့လည်း တစ်ယောက်မှမရှိပေ။

"စုမေ .. စုမေ"

ချစ်စုမေမှာ ကြမ်းပြင်ပေါ်တွင် ခွေခွေကလေးလဲကာ သတိမေ့နေဟန်ရှိသည်။ သို့ကြောင့် ထွေထွေထူးထူးစဉ်းစားမနေတော့၊ ချစ်စုမေအနားသို့သွားကာ ပွေ့ယူလိုက်သည်။

"စုမေ .. စုမေ"

ထိုအချိန်ကျမှ ဘယ်နေရာမှရောက်လာမှန်းမသိသော ရွာလူကြီးလိချွန်နှင့် အခြားလူများ အခန်းတွင်းသို့ ပြေးဝင်လာကြလေသည်။

"ဟေ့ကောင် .. မင်း ငါ့သမီးကို ဘယ်လိုလုပ်လိုက်တာလဲ"

"မ.. မဟုတ်ပါဘူး"

"ဘာမဟုတ်ရမှာလဲ၊ မျက်မြင်ကိုယ်တွေ့ဖြစ်နေပြီပဲ၊ ငါ့သမီးကို တစ်ခုခုလုပ်ပြီး ငွေတွေယူမလို့ကြံစည်နေမဟုတ်လား"

နီမောင် က ဘာမှပြန်မပြောတော့ပေ။ ပြောနေလည်း အပိုပဲဖြစ်ပေလိမ့်မည်။





သူ့အနေနှင့် မာယာထောင်ချောက်ကျော့ကွင်းတစ်ခုထဲသို့ တိုးဝင်မိပြီဖြစ်ကြောင်း သဘောပေါက်သွားလေသည်။

"ဟေ့ .. သူ့ကို ထိပ်တုံးခတ်ထားလိုက်"

ရွာလူကြီးက အမိန့်ပေးလိုက်သောအခါ တပည့်များက နီမောင်ကိုဖမ်းကာ ထိပ်တုံးခတ်ထားလိုက်ကြသည်။

ထိုအခိုက်မှာပင် ချစ်စုမေ က နေရာမှပြန်ထကာ မျက်နှာကို လက်ဝါးဖြင့်အုပ်ပြီး အခန်းတွင်းသို့ ပြေးဝင်သွားတော့သည်။ နီမောင် စိတ်ထဲမှာတော့ ...

"လုပ်ရက်ပါပေ့ စုမေရယ်"

ဟု မချိတင်ကဲရေရွတ်နေမိသည်။

နေ့လယ်ဘက်အချိန့်တွင် အခြားရွာမှ လူကြီးများပါ ရောက်လာပြီး နီမောင့်ကို စစ်ဆေးသည်။

ထိုအမှုစစ်ဆေးသောနေရာသို့ သူ့မိဘများဖြစ်သည့် ဦးဘရှိန်၊ ဒေါ်ကျင်မေတို့အပြင် တန်ပ နှင့် လူပုလေးမိတ္တကိုပ့ါ လာရောက်နားထောင်သည်။

အမှုကတော့ ရှင်းရှင်းလေးပင်ဖြစ်သည်။

မိန်းကလေးတစ်ယောက်ကို နိုင်ထက်စီးနင်းပြုပြီး ငွေများလုယူရန်ကြံစည်မှုဖြစ်သည်။

အပြစ်ပေးမည်ဆိုပါက ထိုနယ်၏ဓလေ့ထုံးစံအတိုင်း မိန်းကလေးတစ်ယောက်ကို နိုင်ထက်စီးနင်းပြုမိပါက ထိုမိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



၏ကိုယ်အလေးချိန်နှင့်ညီမျှသောငွေသားကို ပေးရသည့်အပြင် ဘိုနယ်မှာ နေခွင့်မရှိတော့ဘဲ ထွက်သွားပေးရလေသည်။

"ဒါ မတရားသက်သက်ခွင်ဆင်တာပဲ၊ နီမောင်က မိန်းကလေး ဘစ်ယောက်ကို ဒီလိုလုပ်မယ့်လူစားမျိုးမှမဟုတ်တာ"

ဟု တန်ပ က မကျေမနပ်ဖြင့်ရေရွတ်ပြောဆိုနေသည်။ အမှုနှင့်ပတ်သက်ပြီး အဖြေပေးနိုင်သောအကြောင်းများကို ပြောပြပြီး ရှာလူကြီးလီချွန်က မေးသည်။

"မင်း ဘာပြောချင်သေးသလဲ နီမောင်"

"တခြားတော့ ပြောစရာမရှိပါဘူး၊ ကျွန်တော့်မှာ ပေးစရာငွေလဲ မရှိ၊ ပြေးစရာမြေလဲမရှိပါဘူး၊ ပေးချင်တဲ့အပြစ်ဒဏ်သာ ပေးပါတော့"

"ဒီလိုလဲဘယ်ဟုတ်ပါ့မလဲကွာ၊ မင်းတို့က တစ်နယ်တစ်ကျေးကရောက်လာကြတဲ့ဒုက္ခသည်တွေဆိုတော့ ဒီလောက်လဲ မရက်စက်ချင်ပါဘူး၊ မင်း သိထားရမှာက ဒုက္ခရောက်ရင် မင်း တစ်ယောက်တည်းနဲ့ပြီးမှာမဟုတ်ဘူး၊ မင်းမိဘတွေပါ ပါမယ်ဆိုတာ ရော သဘောပေါက်ရဲ့လား၊ ဒီတော့ ငါပြောတာကိုနားထောင်ပါ"

နီမောင် က ရှာလူကြီးကို ကြည့်လိုက်သည်။

"မင်းပေါ်မှာရှိနေတဲ့အပြစ်တွေအားလုံးကို ငါက ကျေအေးပေးလိုက်ပါ့မယ်၊ ဒါပေမယ့် ငါ့အတွက်တော့ ကျေနပ်အောင် တစ်ခုခုပြုလုပ်ပေးရမယ်"





"တရားသဖြင့်လုပ်ပေးရမယ့်အလုပ်မျိုးတော့ လုပ်ပေးနိုင်ပါတယ်၊ မတရားတဲ့အလုပ်မျိုးတော့ ဘယ်တော့မှမလုပ်ပါဘူး"

"စိတ်မပူပါနဲ့ကွာ၊ ငါကလဲ မင်းကို မတရားတဲ့အလုပ် မခိုင်းပါဘူး၊ မင်းလုပ်နိုင်တဲ့အလုပ်မျိုးပဲခိုင်းမှာပါ၊ ဟေ့ .. သူ့ကို အနှောင်အဖွဲ့တွေက လွှတ်ပေးလိုက်ကြပါ"

ဟု အမိန့်ပေးသဖြင့် တပည့်များက နီမောင့်ကို အနှောင်အဖွဲ့များမှ လွှတ်ပေးလိုက်ကြသည်။

ထို့နောက် ရှာလူကြီးလီချွန်က အမှုစစ်ဆေးနေခြင်းကို ပိတ်သိမ်းလိုက်ပြီးနောက် နီမောင့်ကို သီးသန့်အခန်းတစ်ခုအတွင်းသို့ခေါ်သွားလေသည်။

ထိုအခန်းထဲရှိ စားပွဲဝိုင်းကြီးပေါ်မှာ ဖားသောက်ဖွယ်ရာပြင်ဆင်ထားပြီး ကုလားထိုင်များပေါ်တွင် သူဌေးလောချန်၊ ငွေရောင်းသမား ရန်ရှင်း၊ တန်ပ ဖခင် ရှောင်ဖုန်း စသည့်လူများကို တစ်စုတစ်ဝေးတွေ့မြင်လိုက်ရသောအခါမှ နီမောင်မှာ ၄င်းပြုလုပ်ပေးရမည့်အလုပ်တာဝန်ကို ရိပ်မိသလိုဖြစ်သွားလေသည်။

မတတ်နိုင်တော့ပေ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

## ကျောက်တာလားနှင့် ကျောက်နဂါးရန်စွယ်

အချိန်က ညဦးပိုင်းအချိန်ဖြစ်သည်။

မြူနှင်းများက ကျဆင်းနေသော်လည်း ကောင်းကင်ပေါ်မှာ လင်းနေသော လရောင်ကြောင့် ရေပြင်ပေါ်မှာ အလင်းရောင်များ ရှိနေသည်။

လေတဖြူးဖြူးတိုက်နေသောကြောင့် လှိုင်းကြက်ခွပ်ကလေး များထနေလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးမှာ တိတ်ဆိတ်နေသည်ဆိုသော် လည်း အာဟိုင်းရေကန်ကြီးတစ်နေရာဆီမှ ပျံ့လွင့်လာသော အသံအချို့ကတော့ ကြားနေရသည်။

ထိုအချိန်တွင် ရေပြင်ပေါ်မှာ လှေတစ်စင်း လှော်ခတ်လာ လေသည်။





သာမန်ငါးဖမ်းရာတွင်အသုံးပြုသောလှေမျိုးမဟုတ်ဘဲ လူ ...ားများနှင့် ခရီးသွားရာမှာ အသုံးပြုသောလှေကြီးမျိုးဖြစ်သည်။

တိုလှေကြီးပေါ်မှာ သူဌေးလောချန် ခေါင်းဆောင်သော အဖွဲ့ ...သားများပါလာကြသည်။

သူဌေးလောချန်က ရေငုပ်ကျွမ်းကျင်သော သူတပည့်များ ...ပြင် ရွာလူကြီး လိချွန်၊ ငွေရောင်းသူ ရန်ရှင်း၊ တန်ပ ဖခင် ...ရှောင်ဖုန်းတို့ကိုလည်း ခေါ်လာခဲ့လေသည်။

ထို့ပြင် နီမောင်၊ တန်ပ နှင့် လူပုလေးမိတ္တတို့ သုံးယောက် ကိုလည်း ခေါ်လာခဲ့သည်။

နီမောင် က လှေပေါ်မှာငြိမ်သက်စွာလိုက်လာရင်းနှင့် ထို ...နေရာသို့ ခရီးထွက်မလာခင်က သူတော်စင် ဟန် နှင့်တွေ့သော ...အခါ ၄င်းပြောလိုက်သောစကားများကို ပြန်လည်ကြားယောင်နေ ...မိလေသည်။

"ဘာမှစိုးရိမ်သောကရောက်မနေနဲ့ နီမောင်၊ ကျူဂီမြို့ဟောင်း မှာရှိတဲ့ရတနာတွေကို သူတို့လို လောဘသားတွေ လုံး၀ ယူလို့ မရနိုင်ဘူး၊ ရေကန်စောင့်နတ်ကြီးကလဲ ခွင့်ပြုမှာမဟုတ်ဘူး၊ သူတို့ လောဘစိတ်နဲ့ ရေအောက်ဆင်းရင်တော့ ဘေးအန္တရာယ်တွေနဲ့ တွေ့ကြမှာ မုချပဲ"

ထိုစကားများကို ပြန်လည်သတိရသောကြောင့် စိတ်မသက် ...မသာဖြစ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း သူ့အနေနှင့် ပြောပြန်လျှင်လည်း လုံး၀လက်ခံကြမည်မဟုတ်ပေ။

ယခုအချိန်မှာတော့ သူငွေးလောချန်နှင့် သူ့လူများမှာ တက်ကြွနေကြလေသည်။

သူတို့သည် ရေငုပ်ရာတွင် အသုံးပြုသောကိရိယာများနှင့် မှိန်းသေနတ်၊ ဓား၊ လှံ၊ တစ်လုံးထိုးပြောင်းရှည်သေနတ်တို့ကိုပါ ယူဆောင်လာကြသည်။

လှေလှော်သားများက ကျူဂီမြို့ဟောင်းရှိရာသို့ ဦးတည်ကာ လှော်နေကြရာ တိတ်ဆိတ်နေသောပတ်ဝန်းကျင်တွင် လှော်တက်နှင့်လှေနံ့ထိသော တဒုတ်ဒုတ်အသံများသာ ပေါ်ထွက်နေသည်။

မြို့ဟောင်းရှိသောနေရာနှင့် မဝေးလှသောနေရာသို့ ရောက်လာသောအခါ ထိုနေရာဘက်မှ မီးရောင်များကို အရင် လှမ်းမြင်ကြရသည်။ တဖြည်းဖြည်းနီးလာသောအခါ လူသံလူသံများ ကြားလာရသည်။

ထို့ပြင် သံပြိုင်အော်ဟစ်လိုက်သောအသံအချို့ကိုပင် မသဲမကွဲကြားကြရသည်။

"မရဏသားကောင်တွေ လာနေပြီဟေ့"

"ငါတို့နဲ့ လူစားလဲမယ့်ဝိညာဉ်အသစ်တွေ ရောက်လာတော့မယ်ကွ"

"ငါတို့ လွတ်လပ်တော့မယ်ဟေ့ .. လွတ်လပ်ခွင့်ရတော့မယ်"





ဟူသော အချင်းချင်းပြောနေသောအသံများကို ကြားနေရခြင်းဖြစ်ပေသည်။

ဘယ်နေရာမှ ဘယ်သူတွေပြောနေမှန်းမသိကြရသော်လည်း ထိုသို့ပြောနေသောအသံများကိုတော့ သဲသဲကွဲကွဲကြားနေကြရသည်။

လှေပေါ်မှာပါလာကြသူများမှာ ထိုအသံများကြားသောအခါ များစွာအံ့ဩနေကြလေသည်။

"ကျူဂီမြို့ဟောင်းရှိခဲ့တဲ့ကမ်းခြေမှာ လူတွေနေတဲ့ရွာတွေ ရှိတယ်လို့ တစ်ခါမှမကြားမိပါဘူး၊ ဘယ်ကလူသံတွေကြားနေရတာလဲ"

"မသိဘူး၊ မီးရောင်တွေလဲမြင်နေရတယ်၊ ငါးဖမ်းတဲ့လှေတွေများ စုနေကြသလားမသိဘူး"

ဟု ပြောနေကြစဉ်မှာ တရွေ့ရွေ့သွားနေသောလှေက ရေအောက် တစ်စုံတစ်ခုနှင့် ဝင်ဆောင့်မိသောကြောင့် ရပ်တံ့သွားလေသည်။

"ဒုန်း .."

အရှိန်ဖြင့်သွားနေသောလှေ ရပ်တံ့သွားသောကြောင့် လှေပေါ်မှာပါလာသူများ ယိုင်လဲသွားကြသည်။

"ဘာနဲ့တိုက်မိတာလဲ ကြည့်ကြစမ်း"

လှေဦးပိုင်းမှာပါလာသူများက ငုံ့ကြည့်ကြသည်။ မည်းမည်း



www.burmeseclassic.com

www.burmeseclassic.com



သဏ္ဍာန်ကြီးခံနေသည်ကို မြင်ရသော်လည်း မသဲကွဲသောကြေ
မီးရောင်ဖြင့်ကြည့်သောအခါမှ ရေပြင်ပေါ်မှာမျောနေသော ကျော
တလားကြီးတစ်လုံးက ကန့်လန့်ခံနေသည်ကို တွေ့ကြရသည်

"ကျောက်တလားကြီးနဲ့တိုက်မိတာ သူဌေးရေ .. အကြီးကြ
ပဲဗျ"

"အတိတ်နိမိတ်မရှိလိုက်တာကွာ၊ ထိုးဝါးနဲ့ မြန်မြန်ထိုးထု
လိုက်ကြစမ်း"

ဟု ပြောသဖြင့် လှေထိုးသားများက ထိုးဝါးဖြင့်ဖယ်ထုတ်
ကြိုးစားကြသော်လည်း ကျောက်တလားကြီးမှာ ရေညှိများဖြ
ချော်ထွက်နေသောကြောင့် တော်တော်နှင့်မရနိုင်ဘဲရှိနေသည်

တစ်ကြိမ်မှာတော့ လှေသမားတစ်ယောက်က ကျောက်တလ
ကြီးအား ထိုးဝါးဖြင့်အားစိုက်ပြီးတွန်းလိုက်ရာ ရေညှိဖြင့်ခ
ထွက်သွားပြီးနောက် ရေအောက်သို့ပြုတ်ကျသွားလေသည်။

ထိုလူမှာ ဆွဲစရာမရှိသောကြောင့် ကျောက်တလားကြီး
လှမ်းဆွဲလိုက်သည်။ ထိုသို့ဆွဲလိုက်မှ စောစောကငြိမ်သက်
သော ကျောက်တလားကြီးမှာ ဝဲကတော့ထိုး၍ ချာလည်လ
ကာ ရေအောက်သို့ နစ်မြုပ်သွားလေတော့သည်။ ထိုလူလ
ပါသွားလေတော့သည်။

အမှန်တော့ ကျောက်တလားနံရံကိုလှမ်းဆွဲထားသူမှာ လ
လွှတ်လိုက်ပါက ကျန်ခဲ့မည်ဖြစ်သော်လည်း အဘယ်ကြေ





တစ်ပါတည်းပါသွားသည်ကို လှေပေါ်မှလူများမှာ နားမလည်နိုင်အောင်ရှိနေကြတော့သည်။

"လူတစ်ယောက်ပါသွားပြီ"

လှေပေါ်မှလူတစ်ယောက်က ထိတ်လန့်တုန်လှုပ်စွာဖြင့် ရေရှုတ်လိုက်လေသည်။

ကျန်လူများကလည်း ထိုလူ ပြန်ပေါ်လာလေမလားဟု စောင့်ကြည့်နေကြသော်လည်း ရေမြှုပ်ကလေးများသာပေါ်လာပြီး လူကတော့ ပြန်ပေါ်မလာတော့ပေ။

အတန်ကြာအောင်စောင့်ကြည့်ကြသော်လည်း အစအနမျှပင် မတွေ့ရတော့သဖြင့် ထိုနေရာမှထွက်ခဲ့ကြသည်။

တစ်နေရာရောက်သောအခါ ၄င်းတို့သွားမည့် ရှေ့တည့်တည့်နေရာမှာ ကန့်လန့်ခံနေသော မည်းမည်းသဏ္ဍာန်ကြီးကို လှမ်းမြင်ရပြန်သည်။

"ရှေ့မှာ မည်းမည်းသဏ္ဍာန်ကြီး ကန့်လန့်ခံနေတယ်"

"ဘာကြီးလဲ၊ သစ်တုံးကြီးများလား၊ မီးရောင်နဲ့ သေသေချာချာကြည့်ကြစမ်း"

ဟုပြောသဖြင့် လှေအရှိန်ကို ရပ်တံ့ပြီး အသေအချာကြည့်ကြလေသည်။

မီးရောင်ဖြင့်ကြည့်သောအခါမှ သစ်တုံးမဟုတ်မှန်းသိရလေသည်။ ရေပေါ်မှာပေါ်နေသောအရာမှာ ထန်းလုံးပမာဏအရွယ်



www.burmeseclassic.com

www.burmeseclassic.com



အစားရှိပြီး ကိုယ်လုံးပေါ်မှာလည်း ငါးတစ်ကောင်၏အကြေးခွံများကဲ့သို့အရာများရှိနေလေသည်။

"ဘာကောင်ကြီးလဲမသိဘူး"

ရေမျက်နှာပြင်ပေါ်သို့ တစ်ဝက်တစ်ပျက်ပေါ်နေသောအရာမှာ ဦးခေါင်းနှင့်အမြီးပိုင်းကို မမြင်ရသောကြောင့် မည်သည့်အကောင်မျိုးဖြစ်မှန်း သေသေချာချာမသိကြရသော်လည်း ကြီးမားသောမြွေကြီးတစ်ကောင်နှင့်တော့ ပုံသဏ္ဍာန်တူလှပေသည်။

"သူဌေး ကျွန်တော်တို့သွားမယ့်ရှေ့တည့်တည့်မှာ မြွေကြီးတစ်ကောင် ကန့်လန့်ခံနေတယ်"

"သေနတ်နဲ့ပစ်ကွာ"

သူဌေးလောချန်က အမိန့်ပေးသောကြောင့် တပည့်များက သေနက်နှင့်ပစ်ရန်ပြင်ကြလေသည်။

နီမောင် က မနေသာတော့သဖြင့် ဝင်ပြောလိုက်သည်။

"အဲဒါ ကျောက်နဂါးကြီးတွေဖြစ်မယ်ထင်တယ်၊ သေနတ်နဲ့ပစ်လို့လဲ ရမှာမဟုတ်ဘူး"

ဟု ပြောသော်လည်း လက်မခံကြပေ။

နီမောင် တားနေသည့်ကြားမှ သေနတ်ဖြင့်ပစ်သည်။

"ဒိုင်း .. ဒိုင်း"

သူတို့လှေရှိရာနှင့် မဝေးလှသောကြောင့် ကျည်ဆန်များက ရေပြင်ပေါ်မှာပေါ်နေသောသတ္တဝါကြီးအား ထိမှန်သွားဟန် ရှိ





လေသည်။ ရေအောက်သို့ တဖြည်းဖြည်းနှင့် ပြန်မြုပ်သွားတော့သည်။

"ကိုင်း .. အနှောင့်အယှက်ပေးချင်တဲ့သတ္တဝါတွေ သေနတ်နဲ့ပစ်တော့ ဘာတတ်နိုင်သေးလဲ"

ဟု သူဌေးလောချန် က ကျေနပ်စွာရေရွတ်နေလေသည်။

သို့သော် သူထင်သလိုမဟုတ်ပေ။

ရေအောက်သို့ တဖြည်းဖြည်းမြုပ်သွားသော သတ္တဝါကြီးက လှေနံဘေးမှ ဘွားခနဲပြန်ပေါ်လာပြီး လှေပေါ်မှာရပ်နေသော လူတစ်ယောက်ကို ဆွဲချသွားလေတော့သည်။

"ဝုန်း .."

"အား .."

"ဘာကောင်ကြီးလဲဟ .."

"ကျောက်နဂါးကြီးမဟုတ်လား၊ နည်းတဲ့သတ္တဝါကြီးမဟုတ်ဘူး"

ကျောက်နဂါးကြီးဆွဲချသွားသောလူမှာ အစအနမျှပင် မတွေ့ရတော့ပေ။

ထို့နောက်မှာတော့ အတန်ကြာအောင် အခြေအနေကိုစောင့်ကြည့်ကြသော်လည်း နောက်ထပ် ဘာမှမတွေ့ရတော့သဖြင့် ထိုနေရာမှ ဆက်သွားကြရာ နောက်ဆုံးမှာတော့ ကျူဂီမြို့ဟောင်းရှိသောနေရာသို့ ရောက်သွားကြလေသည်။ ထိုနေရာရောက်အော့



www.burmeseclassic.com

www.burmeseclassic.com



ဦးပိုင်းအချိန်ပင်ကျော်လာခဲ့ချေပြီ။

"ကျွန်တော်တို့ ငွေဒင်္ဂါးတွေရတာ ဒီနေရာပဲ"

"မင်းတို့ ဆင်းယူပေးရမယ်"

"ကျွန်တော်တို့ချည်းဆင်းရင်း နည်းနည်းပဲရမှာပေါ့၊ များများရချင်ရင်တော့ ကျွန်တော်တို့နဲ့အတူ လူတွေထည့်ပေးလိုက်ပါ"

ဟု နီမောင်က ပြောသဖြင့် သူဌေးလောချန် က ၎င်းခေါ်လာသောလူများကို ရေငုပ်ဝတ်စုံများဝတ်ဆင်ပြီး ရေအောက်ဆင်းကြရန် အမိန့်ပေးလိုက်လေသည်။

ထိုလူများမှာ ၎င်းတို့မျက်စိအောက်မှာပင် အန္တရာယ်များတစ်ခုပြီးတစ်ခုတွေ့ကြုံနေသည်ကိုမြင်ကြသဖြင့် ရေအောက်သို့မဆင်းလိုကြပေ။

သို့သော် သူဌေးလောချန်က အတင်းအဓမ္မစေခိုင်းသဖြင့် မျက်စိမျက်နှာပျက်ပျက်နှင့်ပင် ရေငုပ်ပတ်စုံများကို ပတ်ဆင်ကြလေသည်။ အားလုံး ပြင်ဆင်ပြီးသောအခါ ရေအောက်ဆင်းရန်ပြင်ကြလေသည်။

နီမောင်၊ လူပုလေးမိဘွားနှင့် တာန်ပ တို့သုံးယောက်အပြင် နောက်ငါးယောက်ပါ ရေအောက်ဆင်းကြမည်ဖြစ်ရာ စုစုပေါင်းရှစ်ယောက်ဖြစ်လေသည်။

ရေအောက်သို့ဆင်းခါနီးသောအခါ နီမောင်က ဘေးအန္တရာယ်များကင်းစေရန် ရေကန်စောင့်နတ်မင်းကြီးနှင့် သူတောင်စင် ဟန်





တို့ကိုရည်စူးတိုင်တည်လိုက်လေသည်။

"ကျွန်တော်တို့သည် ကိုယ်ကျိုးအတွက်ပြုလုပ်မှာမဟုတ်သောကြောင့် ဘေးဥပါဒ်အန္တရာယ်များကင်းစေရန်ကူညီပေးကြပါ"

ထိုသို့ဆုတောင်းပြီး ရေအောက်သို့ဆင်းကြလေသည်။ ကျန်ငါးယောက်က ရေငုပ်ကိရိယာများဝတ်ဆင်ထားသော်လည်း နီမောင်တို့သုံးယောက်ကတော့ အလွတ်ဆင်းကြလေသည်။

ယခုညမှာလည်း ယခင်ညများကဲ့သို့ပင် ရေအောက်၌ အလင်းရောင်များရှိနေသောကြောင့် ပတ်ဝန်းကျင်ကို မြင်ကြရသည်။

သူဌေးလောချန်၏တပည့်ငါးယောက်တို့မှာ နီမောင်တို့ သုံးယောက်ပါလာသောကြောင့်သာ ရေအောက်ဆင်းဝံ့ကြသော်လည်း များစွာကြောက်ရွံ့နေကြဟန်ရှိသည်။ ရေအောက်ရောက်သောအခါ ကျောက်တလားကြီးများနှင့် ကျောက်နဂါးရုပ်တုကြီးများကို မြင်သောအခါ ပိုမိုကြောက်ရွံ့ကြလေသည်။

နီမောင်တို့က ထိုနေရာမှကျော်ဖြတ်ပြီး နောက်လိုဏ်ဂူကြီးရှိရာသို့သွားကြလေသည်။

ကျောက်ဂူကြီးအတွင်းသို့ရောက်သောအခါ အစီအရီရှိနေ သော ကျောက်တလားကြီးများ၊

ကျောက်နဂါးကြီးများကိုတွေ့ရသောအခါ ပိုမိုကြောက်ရွံ့ကြလေသည်။

သူတို့ရောက်သွားသောအချိန်တွင် ကျောက်ရုပ်ကြီးများပ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြသော်လည်း ကျောက်နဂါးကြီးများက အသက်ဝင်နေသကဲ့သို့ရှိနေကြသည်။

နီရဲနေသောမျက်လုံးများမှာ သက်ရှိနဂါးတစ်ကောင်ကဲ့သို့ အရောင်တလက်လက်ထွက်နေကြသည်။

ကျောက်တလားကြီးများအတွင်းမှာတော့ အစုံလိုက် အပုံလိုက်ရှိနေကြသော ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးများရှိနေကြသည်။

အချို့ကျောက်တလားများအတွင်းမှာတော့ ကျောက်မျက်ရတနာများရှိနေကြသည်။

စောစောက ကြောက်လန့်နေကြသော လူငါးယောက်တို့မှာ ရွှေငွေရတနာများကိုတွေ့မြင်ရသောအခါ ကြောက်လန့်နေမှုများ ပြေပျောက်သွားပြီး လောဘစောများတက်လာကြတော့သည်။

သူတို့သည် အသင့်ဆောင်ယူလာသောအိတ်များအတွင်းသို့ ရွှေငွေရတနာများကို ထည့်ကြလေတော့သည်။

နီမောင် ကတော့ ရွှေကျောင်းဆောင်ကြီးဆောက်ရန်အတွက် ရည်စူးကာ သင့်တော်သလောက်ယူလေသည်။

ထိုအခိုက်မှာပင် အတွင်းလိုဏ်ဂူတွင်းဆီမှ လျှော်လှုပ်သကဲ့သို့ လှုပ်ရှားမှုများဖြစ်လာလေသည်။

အလန့်တကြားနှင့်ကြည့်နေစဉ်မှာပင် အပေါ်မှ ကျောက်တုံးကျောက်ခဲအချို့ ပြုတ်ကျလာသည်။ ကျောက်တုံးကျောက်ခဲများနှင့်အတူ ကျောက်တလားကြီးအချို့လည်း ပါလာသည်။





သူတို့ရှိနေသောနေရာအနီးသို့ ကျလာသောကျောက်တလားကြီးအတွင်းမှာတော့ လောလောဆယ်သေဆုံးသွားဟန်ရှိသော အလောင်းနှစ်လောင်းပါလာသည်။

အခြားမဟုတ်ပေ ...၊

စောစောက လှေပေါ်မှ ရေထဲကျပြီးသေဆုံးသွားသော အလုပ်သမားနှစ်ယောက်၏ အလောင်းများပင်ဖြစ်သည်။ သူတို့တစ်တွေမှာ ထိုအလောင်းများကို ထိတ်လန့်တကြားနှင့်ကြည့်နေကြစဉ် ဂူအတွင်းပိုင်းမှ ဦးခေါင်းပိုင်းကြီးတစ်လုံး ဝေါခနဲထိုးထွက်လာသည်။

ကြည့်မိုက်သောအခါ ကြောက်မက်ဖွယ်ကောင်းသော ကျောက်နဂါးကြီးတစ်ကောင်၏ဦးခေါင်းဖြစ်မှန်းသိရသောအခါ အားလုံး ကြက်သေသေသွားကြသည်။

ကျောက်နဂါးကြီး၏ဦးခေါင်းမှာ ထန်းလုံးပမာဏအရွယ်အစားကြီးပြီး ဦးခေါင်းထိပ်ပိုင်းမှာ အမောက်များပါလေသည်။ မျက်လုံးနှစ်လုံးမှာ နီရဲနေကြပြီး ပါးစပ်အတွင်းမှ အခိုးအငွေ့များထွက်နေသည်။

ကျောက်နဂါးကြီးက တဖြည်းဖြည်းနှင့်တိုးထွက်လာရာ ကိုယ်ပေါ်မှာရှိနေသော အစိမ်းရောင်အကြေးခွံအကွက်များကိုပါ တွေ့မြင်ရသည်။

နဂါးကြီးက သူတို့ရှိနေသောနေရာသို့ တရွေ့ရွေ့တိုးလာသောအခါမှာ လူငါးယောက်တို့မှာ ရွှေငွေရတနာများထည့်ထားသော



www.burmeseclassic.com

www.burmeseclassic.com



အိတ်များကိုပင် မယူနိုင်တော့။ ရေပေါ်ရောက်အောင် ပြန်တက်ပြေးကြလေသည်။

နီမောင်တို့လည်း ရွှေငွေရတနာအချို့ကိုယူသင့်သလောက်ယူကာ ဘေးလွတ်ရာသို့ပြေးကြရလေသည်။

ထိုသို့ပြေးကြသောအခါ နီမောင်တို့သုံးယောက်က တစ် နေရာ၊ အခြားလူငါးယောက်က တစ်နေရာစီဖြစ်သွားလေတော့ သည်။

နီမောင်တို့မှာ ငွေဒင်္ဂါးများကို အနည်းငယ်စီယူသွားနိုင်သော်လည်း ကျောက်နဂါးကြီးအန္တရာယ်နှင့်တွေ့နေရသော လူငါးယောက်တို့မှာ အသက်ဘေးမှလွတ်အောင် ထွက်ပြေးကြရတော့သည်။

ဂူအတွင်းမှထွက်လာသော ကျောက်နဂါးကြီးမှာလည်း ထိုလူငါးယောက်နောက်သို့ လိုက်သွားလေသည်။ သို့သော်လည်း သူတို့အားလုံးမှာ လွတ်မြောက်သွားကြသည်မဟုတ်ဘဲ နှစ်ယောက်မှာ ရေအောက်မှာပင် ကျောက်နဂါးကြီးလက်ချက်ကြောင့် သေဆုံးသွားကြလေသည်။ သုံးယောက်သာ ရေပေါ်သို့ ပြန်ရောက်သွားကြလေသည်။

လှေပေါ်မှာကျန်ခဲ့သော သူဌေးလောချန်တို့ကတော့ ရေအောက်ဆင်းသွားကြသည်ကို စောင့်မျှော်နေကြသည်။

ထိုအခိုက်မှာပင် ရေပြင်ပေါ်သို့ လူသုံးယောက်၏ဦးခေါင်းများ ပေါ်လာသည်။





"ဘယ်လိုလဲဟေ့.. ရွှေငွေရတနာတွေ တွေ့ခဲ့ကြလား"

ဘာမှပြန်မပြောနိုင်ကြဘဲ မျက်လုံးအပြူးသားဖြင့် လှေပေါ်မှလူများကို မော့ကြည့်နေကြသည်။

"ဘာကြောင့် မင်းတို့သုံးယောက်ပြန်တက်လာတာလဲ၊ ကျန်တဲ့လူတွေကရော ဘယ်မှာကျန်နေခဲ့ကြသလဲ"

ထိုသို့ထပ်မေးသော်လည်း မော့ကြည့်မြဲကြည့်နေကြစဉ် ရေအောက်မှ တစ်စုံယောက်က ဆွဲချသွားသည့်အလား တစ်ယောက်ပြီးတစ်ယောက် ရေအောက်သို့ပါသွားလေတော့သည်။

"ဟင်!..."

ထိုအခါမှ လှေပေါ်မှကြည့်နေကြသူများမှာ မျက်လုံးပြူးသွားကြလေတော့သည်။

မရှေးမနှောင်းမှာပင် ရေအောက်မှ နောက်ထပ် ဦးခေါင်းတစ်လုံး ဘွားခနဲပေါ်လာပြန်သည်။

လူတစ်ယောက်၏ဦးခေါင်းတော့မဟုတ်ပေ ...၊

ကြောက်မက်ဖွယ်ကောင်းသော ကျောက်နဂါးကြီး၏ဦးခေါင်းကြီးပင်ဖြစ်သည်။

ထိုဦးခေါင်းကြီးကို အနီးကပ်မြင်လိုက်ရသောအခါ ကြောက်လန့်တကြားနှင့် နောက်သို့ဆုတ်သွားကြသည်။

ရေအောက်မှတိုးထွက်လာသောဦးခေါင်းကြီးက တဖြည်းဖြည်းနှင့်မြင့်တက်လာပြီး လှေပေါ်မှမိုးထားလေသည်။ အလုံးမှာ



www.burmeseclassic.com

www.burmeseclassic.com



ထန်းလုံးအရွယ်ခန့်ရှိပြီး တစ်ကိုယ်လုံး အစိမ်းရောင်အကြေးခွံများ ရှိနေသည်။

ဦးခေါင်းပိုင်းမှာ ချွန်ထက်သောအမောက်နှင့်တူသောအရာများပါပြီး ပါးပျဉ်းခွက်ထားလေသည်။

မျက်လုံးနှစ်လုံးမှာ ဟင်္သာပြဒါးကဲ့သို့ ရဲရဲနီနေပြီး ဟထားသောပါးစပ်အတွင်းမှ အခိုးအငွေ့များထွက်နေသည်။

ထိုအခြေအနေကိုမြင်သောအခါ သူဌေးလောချန်က လှေသမားများအား လှေကိုနောက်သို့ပြန်ဆုတ်ခိုင်းရာ လှေသမားများက ပြန်ဆုတ်ကြသော်လည်း မရတော့ပေ။

အဘယ်ကြောင့်ဆိုသော် ...၊

ကျောက်နဂါးကြီးက ကိုယ်လုံးကြီးနှင့်ကာထားသောကြောင့် အပြင်သို့ထွက်မရတော့ခြင်းဖြစ်ပေသည်။

ထိုအခြေအနေကိုမြင်သောအခါ အချို့လည်း သွေးရူးသွေးတန်းဖြင့်ရေထဲသို့ခုန်ဆင်းပြေးကြသည်။

ထိုသို့ဆင်းပြေးကြသူများထဲမှာ ရွာလူကြီး လိချွန်နှင့် တန်ပ၏ဖခင် ရှောင်ဖုန်းတို့လည်းပါကြလေသည်။

လှေပေါ်မှာတော့ သူဌေးလောချန် က ယူလာသောသေနတ်များဖြင့် တဒိုင်းဒိုင်းပစ်ခတ်နေသည်။

ကျောက်နဂါးကြီး၏ကိုယ်လုံးကြီးကိုထိမှန်သွားဟန်ရှိသော်လည်း တစ်စက်ကလေးမှ တွန့်သွားခြင်းမရှိပေ။





တစ်ကြိမ်မှာတော့ ကျောက်နဂါးကြီးက သူတို့လှေကို ကိုယ်လုံးဖြင့်ရစ်ပတ်ကာ မြှောက်ယူသွားပြီး ပစ်ချလိုက်ရာ 'ဝုန်း' ခနဲမြည်သံနှင့်အတူ ရေအောက်သို့နစ်မြုပ်သွားလေတော့သည်။ အချို့လည်း လှေနှင့်အတူ ရေအောက်သို့နစ်မြုပ်သွားပြီး အချို့လည်း ရေပြင်ပေါ်မှာ ကူးခတ်နေကြသည်။

သို့သော်လည်း ကျောက်နဂါးကြီးလက်မှ မလွတ်နိုင်ကြတော့ပေ။ အမှောင်ရိပ်များဖုံးလွှမ်းနေသောကန်ရေပြင်ထက်မှာ လောဘသားတို့၏ကံကြမ္မာကား နိဂုံးချုပ်သွားပြီဖြစ်ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

### ရှေးရေစက်ကံကြောင့် တစ်ကျော့ပြန်ဆုံရသူများ

ရွာလူကြီး လီချုန်နှင့် ရှောင်ဖုန်းတို့မှာ စောစောစီးစီး လှေပေါ်မှခုန်ဆင်းသွားကြသဖြင့် အသက်ဘေးမှ ချမ်းသာရာရသွားကြသော်လည်း ရေထဲမှာ ဘယ်မှမသွားဝံ့ကြတော့သဖြင့် ရေပြင်ပေါ်သို့ ထိုးထွက်နေသော ကျောက်တုံးတစ်တုံးမှာ ဖက်တွယ်ထားပြီး တစ်ညလုံးနေကြရသည်။ နောက်တစ်နေ့ရောက်တော့မှ လှေတစ်စင်းနှင့် နီမောင်တို့ရောက်လာပြီး ကယ်သဖြင့် အသက်ချမ်းသာရာ ရကြလေသည်။ လှေပေါ်ရောက်သောအခါမှ ရွာလူကြီး လီချုန်က နီမောင်ကို တောင်းပန်လေသည်။

"ငါ မှားခဲ့ပါတယ် နီမောင်ရယ်..၊ ငါ့ကို ခွင့်လွှတ်ပေးပါ၊ ငါတို့ မင်းအပေါ်မှာ မတရားလုပ်ခဲ့မိပါတယ်၊ နောက်ပြီး ငါ့အစီ





အစဉ်အတိုင်း မလုပ်ပေချင်းဘဲ ဝင်လုပ်ပေးရတဲ့ ငါ့သမီးလေး အပေါ်မှာလဲ ခွင့်လွှတ်ပေးပါ"

"ကျွန်တော် ဘယ်သူ့အပေါ်မှာမှ အာဃာတတွေ မထားပါဘူး၊ ခွင့်လွှတ်ပေးပါတယ်၊ တကယ်တော့ ကျွန်တော် အခုလုပ်နေတဲ့ကိစ္စတွေကလဲ ကျွန်တော့်အတွက်မဟုတ်ပါဘူး၊ သူတော်စင်ဟန် ရဲ့ သဘောဆန္ဒအတိုင်း သူ့ကို အကူအညီပေးနေရတာပါ"

"ဘာ .. ဘာတွေလုပ်ကြမှာလဲဟင်"

"အရင်က ကျူဂီမြို့ဟောင်းရှိခဲ့တဲ့နေရာရဲ့ တောင်မြင့်ထိပ်ပေါ်မှာ ဘုရားကျောင်းဆောင်ကြီးဆောက်ဖို့ လုပ်နေကြတာပါ၊ ကျူဂီမြို့ဟောင်းက ရွှေငွေရတနာတွေက ကျွန်တော်တို့ကိုယ်ကျိုးအတွက်သုံးမှာ မဟုတ်ပါဘူး"

"အေးကွာ .. ငါတို့လဲ ဒီအကြောင်းတွေကို အခုမှပဲသိရပါတော့တယ်၊ အမှန်တော့ သူဌေး လောချန် ခိုင်းလို့သာလုပ်ပေးကြရတာပါ၊ အခုတော့ မှားမှန်းသိပါတယ်၊ မင်းတို့ ဘုရားကျောင်းဆောင်ကြီးဆောက်တဲ့အခါ ငါတို့အပေါ်မှာ တင်နေတဲ့အပြစ် ကြွေးတွေကျေသွားအောင် ငါတို့လဲ အကူအညီပေးပါ့မယ်"

ဟု ကတိပြုကြလေသည်။

ထို့နောက် သူတို့နှစ်ယောက်ကို သူတော်စင်ဟန် ရှိနေသော လိုဏ်ဂူသို့ခေါ်သွားလေသည်။

သူတော်စင် ဟန် နှင့်တွေ့သောအခါ နီမောင်၊ တန်ပနှင့်



www.burmeseclassic.com

www.burmeseclassic.com



လူပုလေးမိတ္တူတို့သုံးယောက်က ငှင်းတို့ရေအောက်မှယူလာသော ရတနာများကို အပ်လိုက်ကြသည်။

ရွာလူကြီး လီချန်နှင့် ရှောင်ဖုန်းတို့နှစ်ယောက်ကလည်း ၄င်းတို့ကျူးလွန်ခဲ့ကြသောအမှားများအား ဝန်ချတောင်းပန်လိုက်လေသည်။

"သာဓု .. သာဓု .. သာဓု.. မဆုံးနိုင်အောင်ကျယ်ပြောလှတဲ့ အမှားပြင်ကြီးရဲ့တစ်နေရာမှာ အဆုံးသတ်ပေးတဲ့နေရာတစ်ခု ရှိပါတယ်၊ အမှားပင်လယ်ပြင်ကြီးထဲမှာ မမောမပန်းကူးခတ်နေကြတဲ့ ဘယ်လူသားမဆို ငွေရောင်အနားသတ်ရှိတဲ့ကမ်းကို ရောက်နိုင်ကြပါတယ်၊ အမှားတွေကို အဆုံးသတ်လိုက်တဲ့နေ့မှာ အမှန်တရားကို တွေ့နိုင်ကြပါတယ်၊ ခင်ဗျားတို့တစ်တွေ သူတော်ကောင်းတရားကိုရှာဖွေရင်း ချမ်းမြေ့တဲ့ဘဝကို ရောက်နိုင်ကြပါစေ"

ဟု သူတော်စင် ဟန် က ဆုပေးလိုက်လေသည်။

ထို့နောက်မှာတော့ ကျောက်နဂါးတောင်သို့ ပြန်လာခဲ့ကြလေသည်။ ရွာသို့ပြန်ရောက်ပြီး တစ်နေ့တွင် ချန်စုမေ တစ်ယောက် နီမောင် ရှိသောနေရာသို့ရောက်လာပြီး သူ့အမှားများအတွက်တောင်းပန်လေသည်။

"ငါ့အပေါ်မှာ ခွင့်လွှတ်ပေးပါ နီမောင်ရယ်၊ အဖေက သူဌေးလောချန်ရဲ့ဩဇာကို မလွန်ဆန်နိုင်တော့ သူခိုင်းတဲ့အတိုင်း လုပ်ပေးခဲ့ရတာပါ၊ နင့်ကို ဒုက္ခရောက်စေချင်လို့ ငါလုပ်ခဲ့ရတာ





မဟုတ်ပါဘူး"

"ငါ နင့်အပေါ်မှာ နားလည်ပါတယ်၊ ဘယ်လိုမှ သဘောမထားပါဘူ"

ထိုသို့ပြောသောအခါ ချန်စုမေ က မျက်ရည်များ တစ်စွန်းတစ်စရစ်ဝဲနေသောမျက်လုံးဖြင့်ကြည့်သည်။

"တကယ်တော့ နင်တို့က ငါ့ရဲ့ကျေးဇူးရှင်တွေပါ၊ ဘယ်လိုသဘောမျိုးပဲဖြစ်ဖြစ် ခွင့်လွှတ်ပေးနိုင်ပါတယ်"

"အခု နင့်ကိုတောင်းပန်ဖို့ အဖေကိုယ်တိုင်က လွှတ်ပေးလိုက်တာပါ၊ အဖေက မှာလိုက်ပါသေးတယ်"

"ဘာများလဲ"

"နင်ယူထားတဲ့လှေဖိုးတွေက အရင်းငွေတွေ ကြေသွားပြီတဲ့၊ အတိုးဆပ်စရာပဲကျန်တော့တယ်၊ အဲဒီအတိုးငွေတွေကို အဖေက လျှော်ပေးလိုက်ပြီလို့ မှာလိုက်ပါတယ်"

"ဒီလိုဆိုတော့ ငါ့အနေနဲ့ ဆက်ပြီးပေးစရာမလိုတော့ဘူးပေါ့နော်"

"အင်း .. ဟုတ်တယ်"

"ဒီလိုဆိုတော့လဲ ဝမ်းသာပါတယ်၊ ငါ့အပေါ်မှာ ဆပ်စရာကျေးဇူးတစ်ခု ထပ်တိုးလာပြန်တာပေါ့"

"ဘာလဲ .. နင်က ကျေးဇူးတင်ရမှာ ဝန်လေးနေလို့လား"

"ဒီသဘောမျိုးနဲ့ပြောတာမဟုတ်ပါဘူး၊ ငါ့ဘဝက လွှတ်



www.burmeseclassic.com

www.burmeseclassic.com



လပ်သွားပြီဆိုတော့ နင့်ကို တစ်ခါတုန်းကပြောခဲ့သလို ဘဝတစ်ခုထူထောင်လို့ရနိုင်ပြီပေါ့"

"အရင်က စိတ်ကူးထားတာတွေကို အခုတော့ အကောင်အထည်ဖော်တော့မှာပေါ့"

"ဟုတ်တယ်၊ ဒါပေမယ့် ငါက ဒီနယ်သားမဟုတ်တော့ အသိအကျွမ်းလဲမရှိဘူး၊ ဘဝသစ်တစ်ခုထူထောင်တယ်ဆိုတာ တစ်ယောက်တည်းထူထောင်လို့ရတာမျိုးမဟုတ်တော့ ခက်နေတယ်"

"ငါက ဘယ်လိုအကူအညီပေးရမှာလဲ"

"ငါ့အတွက် လက်တွဲဖော်တစ်ယောက်တော့ရှာပေးမှဖြစ်မယ်"

"အို!.. ဒါကတော့ ကိုယ်ကြိုက်တာ ကိုယ့်ဘာသာရှာမှဖြစ်မှာပေါ့၊ ကြားထဲကရှာပေးလို့ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်၊ နင်ရှာပေးရင် ဖြစ်ပါတယ်"

"နင့်က ဘယ်သူ့ကိုသဘောကျနေမှန်းမှမသိတာ"

"ငါသဘောကျနေတဲ့လူရှိပါတယ်၊ နင်က ပြောပေးရုံပါပဲ"

"ဘယ်သူလဲ"

"ငါ ဒီရွာကိုရောက်စကတည်းက သဘောကျနေတဲ့ သူတစ်ယောက်ရှိတယ်၊ တခြားသူမဟုတ်ပါဘူး၊ နင်ပါပဲ"

"နင် ငါ့ကို ရည်းစားစကားပြောနေတာလား"

"ဟုတ်ပါတယ်"





"နင်ပြောနေတဲ့ရည်းစားစကားက ကိုယ့်ကိုပြောနေမှန်းတောင်မသိတော့လို့ မျက်စိတောင်လည်သွားတယ်"

နီမောင် သဘောကျစွာပြုံးလိုက်သည်။

"ငါ့သဘောထားတော့ပြောပြီးပြီ၊ နင့်ဘက်က သဘောထားကရော ဘယ်လိုလဲ"

"အခုမှသိရတဲ့ကိစ္စကို ချက်ချင်းအဖြေပေးလို့ ဘယ်ဖြစ်ပါ့မလဲ၊ အဖေနဲ့တိုင်ပင်ရဦးမယ်"

"အဖေ သဘောတူရင်တော့ လက်ခံပေးမယ်မဟုတ်လား"

"အခုထိ မသိသေးဘူးလား၊ ငါသဘောမကျရင် အဖေနဲ့တိုင်ပင်တဲ့အထိလုပ်နေပါတော့မလား၊ စဉ်းစားကြည့်ပါဦး"

နီမောင်က သဘောကျစွာဖြင့်ပြုံးကာ ချန်စုမေ လက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။ ချန်စုမေ က မရုန်းပေ။

"နင့်အဖေက သဘောမတူရင်ကော ဘယ်လိုဆုံးဖြတ်မှာလဲ"

"အဖေက အဆင့်အတန်းမခွဲခြားတတ်ပါဘူး၊ တို့မှာ အဖေတစ်ယောက်တည်းရှိကြတာဆိုတော့ အားကိုးရလောက်မယ့် သားတစ်ယောက်လိုချင်နေတာဆိုတော့ သဘောတူမှာပါ"

"ဝမ်းသာလိုက်တာ စုမေရယ်၊ ဟိုးဝေးလံလှတဲ့အရပ်ဒေသတစ်ခုကနေ ဒီနေရာကိုရောက်လာရတာ ငါတို့နှစ်ယောက် ဖူးစာဆုံဖို့ဖြစ်လာတာပေါ့နော်၊ နင်ရော ဝမ်းမသာဘူးလားဟင် ..."

"ဝမ်းသာတာပေါ့ ကိုမောင်ရယ်"



BURMESE CLASSIC .com

www.burmeseclassic.com

ဟုပြောကာ နီမောင်၏လက်ကို ခပ်တင်းတင်းပြန်လည်ဆုပ်ကိုင်ထားလိုက်လေသည်။

အသည်းနှလုံးနှယ်ယှက်၍ ချစ်ခြင်းမေတ္တာခြင်း ဆက်မိသွားပြီးဖြစ်သော သူတို့နှစ်ယောက်၏တွဲလက်များက မည်မျှပင် အခက်အခဲတွေ့ကြပါစေ .....

အတားအဆီးများကြုံတွေ့ရစေကာမူ မြဲမြံစွာဆုပ်ကိုင်ကျော်ဖြတ်ကြတော့မည်မှာ အမှန်ပင်ဖြစ်ပေတော့မည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (ကျောက်နဂါးနှင့် ကျောက်တလားမြို့တော်)အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။ ။

*အနိယာပေဟာတု သုခီအတ္တာနံ ပရိဟရန္တု*


ဖြိုးစက္က

စာပြီးချိန် ။ ။ ၂၀၁၁ ခုနှစ်၊ မတ်လ ၁၂ ရက်၊ စနေနေ့၊ ည ၁၁ နာရီအချိန်။



www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com